ဂ နို ရ ဆန်း ကြယ် လုံး ချင်း ဝ ထ္ထု သစ်

အောင်မြင်စာပေ

# ကြိုစက္က

ခည်းသုံးတန့်ခြားသည့်တောကြမ်း



# အောင်မြင်

တာ၆ပ




ပြုပြင်ထုတ်ဝေမှု [illegible]

[illegible]ခွင့်ပြုချက်အမှတ် ၅၀၀၀၂၅၀၂၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၀၀၂၀၄၀၀

ထုတ်ဝေသူ ဦးအောင်မြင့် အမှတ်(၇)၊ [illegible]

ပုံနှိပ်သူ [illegible] အမှတ်(၁)၊ [illegible]

အတွင်းပုံနှိပ်ခြင်း နှင့် မျက်နှာဖုံးပုံနှိပ်ခြင်း

[illegible] အမှတ်(၁၆)၊ [illegible]

ပထမအကြိမ်၊ ၂၀၁၀ ခုနှစ်၊
(ဇူလိုင်လ)၊ အုပ်ရေ(၅၀၀)၊
တန်ဖိုး(၂၀၀)ကျပ်။


[illegible]

[illegible]

[illegible] ၂၀၀၀

၂၃၉ - ၀၀၁ [illegible]

(၁) [illegible]



# ( ဒဿနလက်ဆောင် )

သင်က သင်၏နာမည်ကို တစ်ကြိမ် ထိခိုက်အောင် ပြုလုပ်မိပါက...ထိုနာမည်ဆိုးက သင့်ကို တစ်သက်လုံး နောက်မှမကျန်နိုင်အောင် အကြိမ်ကြိမ် နှိပ်စက်နေလိမ့်မည်။

နာမည်ပျက် ရှိခဲ့ဖူးသောသူများသည် အသာယာမှုပင် ဟန်ဆောင်ဖုံးကွယ်နေကြရကာမှ အခန့်နှင့်အမြန်ဆိုသလို...၎င်းတို့၏စရိုက် လက္ခဏာများကို ပြသနေလျှက်ရှိကြသည်။

အရည်အချင်းဆိုသည်မှာ...လူတိုင်း အတွက် မွေးရာပါလက်ဆောင်အဖြစ်ပါလာ တတ်သည်...။ မိမိ၌ ရှိနေသောအရည်အချင်း ကို သိခြင်း၊ မသိခြင်းနှင့် ထုတ်ယူသုံးစွဲမှုနှင့် လစ်လျူရှုထားခြင်းသာ တစ်ဦးနှင့်တစ်ဦး မတူညီကြခြင်းဖြစ်သည်။

စွန့်စားရန် အတွက်ခံသောကိစ္စများ ထဲတွင် မအောင်မြင်မှုကို စိတ်ပိုင်းဖြတ်ခြင်းနှင့် ရင်ဆိုင်ဖြေရှင်းမှု လိုအပ်သောညွှန်ဆိုချက်များလည်း ပါဝင်နေသည်။

ပိန်းကာလေးတစ်ယောက်၏ လှပနေရှုရ ခြင်းသည် သူ့အတွက် တန်ဖိုးမဖြတ်နိုင်သော ရတနာဖြစ်သည်။ တန်ဖိုးနားလည်သူနှင့် တွေ့ပါက မိမိ၌ တန်ဖိုးမြင့်တက်လာနိုင်သလို တန်ဖိုးနား မလည်သူလက်ထဲ ရောက်သွားပါက တန်ဖိုး မဲ့ရုံမက ပျက်စီးခြင်းသို့ ရောက်တော့သည်။

အရောင်းအဝယ်ဆိုရာ၌ ဝယ်ခြင်းထက် ရောင်းခြင်းက ပိုခက်သည်။ တန်ဖိုးရှိသောရတနာ ကိုပင် ရောင်းချရာမှာ အခက်အခဲရှိနိုင်၏။ ရတနာထက် တန်ဖိုးမြင့်သော ပိန်းကာလေးတစ် ယောက်၏ အလှတရားကို အလွယ်တကူ ရောင်းချလိုက်ခြင်းသည် ဘဝအတွက် ကြီးမား သောမှားယွင်းမှုကို ဖြစ်စေသည်။

ကောင်းရာသို့ အမြင်ဘယ်သော်လည်း အတွင်းညှို့မှုသည်။

မွှေးရာသို့ အမြင်မှုသော်လည်း အတွင်းရှိ အေးတတ်ပေသည်။

ထိုသဘောကို သစ်ပင်များက ပြသပေးသည်။ မိန်းကလေးတစ်ယောက်၏အတွင်းသဘောကိုတော့ သစ်ပင်များက နားမလည်နိုင်ကြပေ။

အခြားသူတစ်ဦးတစ်ယောက်ထံမှ တစ်စုံတစ်ခုကို လက်ခံယူမိခြင်းသည် သင်၏လွတ်လပ်မှုအချို့ကို ရောင်းချလိုက်ခြင်းပင်ဖြစ်ပေသည်။

သင့်၏ အခက်အခဲ-အကျပ်အတည်းများ ဝန်ခံရဲခြင်းသည် စိတ်ဆွဲအတော်အယောင်များအား အဝေးသို့ ရောက်သွားစေသော အချက်ဖြစ်သည်။

နှစ်ဖက်သွားချွန်ပါသောအပ်သည် အပ်ချုပ်ရာမှာ အသုံးချ၍မရသလို စိတ်နှစ်ခွရှိသူအတွက်လည်း မည်သည့်အောင်မြင်မှု ရမည်မဟုတ်ပေ။

အမှားတစ်ခုကို ကျူးလွန်ပြီးမှ ပြန်လည်သုံးသပ်၍ အမြတ်ရတတ်လျှင် ကောင်းပါသည်။

သို့သော်...မကျူးလွန်မီက တွေးတောဆင်ခြင်နိုင်ပါက ပို၍ကောင်းပါသည်။

## (ကျမ်းတွင်ပါဝင်သောအခန်းများ)


အခန်း(၁) ဦးထန်ဖုန်းရှိန်နှင့် အန္တရာယ်များသောကတိ
အခန်း(၂) ကြောက်စရာကောင်းသည့်မပေါင်ဦးမှူ
အခန်း(၃) စည်းသုံးတန်ခြားရသည့်တောကြမ်း
အခန်း(၄) နွံအိုင်တောအတွင်းမှ အန္တရာယ်များ
အခန်း(၅) လှုပ်ရှားသော်လည်း အချစ်မရှိသောသူ
အခန်း(၆) မြှူသကာသို့မဟုတ် ထူးဆန်းသောသစ်ခွနက်
အခန်း(၇) မရကန်နွံအိုင်မှ အန္တရာယ်
အခန်း(၈) စည်းခြားနေသည့်အန္တရာယ်
အခန်း(၉) ပရလောကသားများနှင့် ဓါတ်ပွဲ
အခန်း(၁၀) တောကြီးမာယာဇာတ်ပါ
အခန်း(၁၁) စည်းကျော်လာသည့်မိစ္ဆာကောင်
အခန်း(၁၂) သေမင်းထောင်ချောက်
အခန်း(၁၃) မိုးပသဘောမှ လျှို့ဝှက်ချက်များ
အခန်း(၁၄) လျှို့ဝှက်ချက်များနှင့်
ကြောက်မက်ဖွယ်ရာအန္တရာယ်
အခန်း(၁၅) ချစ်သူအတွက်ပန်းခင်းလမ်း




အခန်း(၁)

# ဦးထန်ဖုန်းရှိန်နှင့် အန္တရာယ်များသောကတိ

သီခေါင်မြင့်မားလှသော တောင်မြင့်ကြီးများပေါ်၌ နှင်း
သင်တိုင်းများက လွှမ်းခြုံထားလေသည်။
မြောက်ဘက်သစ်တောကြီးများ၊ အနောက်ဘက်တွင်
ရှိသောသစ်တောကြီးများက တောင်ခြေတစ်ဝိုက်ကို အစိမ်းရောင်
များဖြင့် လွှမ်းခြုံထားလေသည်။
ကချင်ပြည်နယ်၏နေရာအတော်များများမှာ သစ်တော
ကြီးများနှင့် တောင်မြင့်ကြီးများက နေရာယူထားကြလေသည်။

တိဗက်ကုန်းပြင်မြင့်မှ ထိုးထွက်လာသော တောင်တန်း တောင်စွယ်များသည် ကချင်ပြည်နယ်အတွင်း၌ မြောက်ဘက်မှ တောင်ဘက်သို့ ဒေါင်လိုက်သွယ်တန်းထားလျက်ရှိပေသည်။

ပမာဆိုရလျှင် လက်ငါးချောင်း ဖြန့်ခင်းထားသည်နှင့် တူလှပေသည်။

အရှေ့ဘက် နယ်နိမိတ်တလျှောက်တွင် မြောက်မှ တောင်သို့ သွယ်တန်းလျက်ရှိသော ကချင်တောင်တန်းကြီး ရှိလေသည်။

ထိုတောင်တန်းကြီးသည် တောင်ခြေမှတောင်ထိပ်အထိ ခရီးအကွာအဝေး မိုင်(၃၀)မှ (၃၅)မိုင်အထိ ရှိလေသည်။

တောင်ထွတ်များမှာလည်း ပေ(၃၀၀၀)မှ ပေ(၇၀၀၀) ကျော်အထိ မြင့်မားကြပြီး အချို့တောင်ထွတ်ကြီးများမှာ ပေ (၁၀၀၀၀)ကျော်အထိ မြင့်မားလေသည်။

ကချင်တောင်တန်းကြီး၏ အနောက်ဘက် အင်မိုင်ခနှင့် မလိခမြစ်အကြားတွင်ရှိသော 'ရှန်ငေါ်' တောင်တန်းမှာ မြောက်ပိုင်းမှ ဆင်းလာသည့် 'ငလောင်ကွန်း' တောင်နှင့် တစ်ဆက်တည်းဖြစ်ပြီး ကြိုဂ်နယ်မြေတစ်ခုလုံးကို တောင်တန်းဒေသ ဖြစ်လာစေခဲ့သည်။

ထိုတောင်တန်းတွင် 'နှင်ဂွန်ဘွန်' တောင်ထိပ်မှာ ပေ (၁၀,၇၁၂)ရှိပြီး အမြင့်ဆုံးဖြစ်ပေသည်။

ကချင်ပြည်နယ်အတွင်းရှိ တောင်တန်းကြီးများထဲတွင်



'ပလောင်လန်ဘွန်' တောင်တန်းကမူ ထူးခြားစွာဖြင့် အရှေ့ အနောက် သွယ်တန်းလျက်ရှိပေသည်။

အမြင့်ဆုံးတောင်ထွတ်မှာ ပေပေါင်း(၁၀,၉၈၉) မြင့်သည့် တဝမ်းဘွန်တောင်ထွတ်ဖြစ်သည်။

အနောက်ဘက် နယ်နိမိတ်တလျှောက်တွင် ပလောင်လန်ဘွန် တောင်ခြေမှစပြီး တောင်ဘက်သို့ သွယ်တန်းနေသော နှံ့ဆင်ဘွန်၊ ဝန်ထွက်ဘွန်၊ အရှိဘွန်၊ နမ်မောဘွန်၊ ဆင်ခူးဘွန် ခသည့် တောင်တန်းများသည် နယ်နိမိတ်အဆုံးအထိ အဆက်မပြတ် ရှိနေပေသည်။

ရှေးနှစ်ပေါင်းများစွာက ထိုနေရာများမှာ ရာသီဥတု ကြမ်းသည်ကတစ်ကြောင်း၊ တောတောင်ထူထပ်သည်က တစ်ကြောင်းကြောင့် အခြေတကျ နေထိုင်သူ မရှိဘဲ နောက်ပိုင်းမှာတော့ တိဗက်ကုန်းမြေမြင့်မှ ရွှေ့ပြောင်းလာသော လီဆူး၊ ရဝမ်၊ တိဗက်နှင့် အခြားမျိုးနွယ်စုကလေးများ ဝင်ရောက်လာပြီးနောက် ရေကြည်ရာ မြက်နုရာဒေသ ရှာ၍ နေထိုင်ကြလေသည်။

ရဝမ်၊ လီဆူးတို့သည် မြန်မာပြည်အတွင်း ဝင်ရောက်နေထိုင်သော်လည်း တစ်နေရာတည်းမှာ နေလေ့မရှိဘဲ တစ်နေရာမှတစ်နေရာ ရွှေ့ပြောင်းနေထိုင်ကြသည်။

လီဆူးတိုင်းရင်းသားတို့သည် ပင်ကိုယ်ဗီဇအားဖြင့် Namadic Instinct ခေါ်သော လှည့်လည်သွားလာနေထိုင်လိုသည့် ပင်ကိုယ်သိစိတ် ရှိကြသော ဂျစ်ပစီ(Gypsy)လူမျိုးများနှင့်

ဆင်ဆင်တူလေသည်။

ဎင်းတို့၏အသက်မွေးဝမ်းကျောင်းအလုပ်မှာ သစ်ပင်ခုတ် မီးရှို့တောင်ယာလုပ်မှုအပေါ် ရပ်တည်ကြရသည်။

အချို့လည်း လှည့်လည်သွားလာကာ တောလိုက်ခြင်း၊ ငါးဖမ်းခြင်း၊ ရွှေကျင်ခြင်း စသော အတည်တကျ မဟုတ်သည့် လုပ်ငန်းများအပေါ်၌ မှီခိုနေထိုင်ကြသည်။

တစ်နေရာမကောင်းလျှင် တစ်နေရာရွှေ့ပြောင်း၍ လုပ်ကိုင်စားသောက်ကြသောကြောင့် ပစ္စည်းလည်း များများမရှိကြပေ။

အသုံးပြုသော စားအိုးစားခွက်နှင့် အနည်းငယ်သော ပစ္စည်းများကို ပလိုင်းထဲထည့်၊ တောင်းထဲသို့ ထည့်၍ မွေးထားသော ဆိတ်၊ ခွေး၊ ကြက် အစရှိသော သတ္တဝါများကိုပါ ခေါ်ဆောင်ပြီး တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းလေ့ရှိကြသည်။

ရောက်သည့်နေရာမှာ သစ်ပင်ခုတ်၊ မီးရှို့၊ တောင်ယာစိုက်၊ အမဲလိုက်ဖြင့် ဖြစ်သလို နေကြပြန်သည်။

ထိုနေရာမှာနေ၍ အနည်းငယ် အချိန်ကြာလာပြီး မကောင်းတော့လျှင် အခြားနေရာသို့ ရွှေ့ပြောင်းကြပြန်လေသည်။

(၁၉၃၂)ခုနှစ်နောက်ပိုင်းကာလများတွင် ခရစ်ယာန်သာသနာပြုလုပ်ငန်းများ နယ်ချဲ့လာရာမှ မြန်မာပြည်မြောက်ဖျားဒေသများသို့ တစ်စတစ်စနှင့် ခြေကုတ်ယူလာလေသည်။



တိဗက်တောင်ကုန်းဒေသများသည်လည်းကောင်း၊

အနောက်ဘက် အိန္ဒိယဒေသသည်လည်းကောင်း၊

မြန်မာပြည်တောင်ပိုင်းဒေသများတွင် ဗုဒ္ဓဘာသာယုံကြည်ကိုးကွယ်မှု များသော်လည်း မြောက်ဘက်မှာ တိဗက်၊ အနောက်ဘက်မှာ အိန္ဒိယနှင့် တောင်ဘက်တွင် မြန်မာပြည်အောက်ပိုင်းဒေသများတွင် ဗုဒ္ဓဘာသာ ထွန်းကားပြန့်ပွားလျက်ရှိနေပြီဖြစ်သော်လည်း ထိုနေရာသုံးခု၏ ကြိုဂံအလယ်နေရာမှာ နေထိုင်ကြသော ချင်း၊ ကချင်၊ လီဆူး၊ ရဝမ် အစရှိသော တိုင်းရင်းသားများသည် ဗုဒ္ဓဘာသာဝင်များ မရှိကြပေ။

ရှေးအခါက နတ်ကိုးကွယ်ယုံကြည်မှု ရှိကြရာမှ ခရစ်ယာန် သာသနာပြုများ ဝင်ရောက်လာသောအခါ ဎင်းတို့၏ စည်းရုံးရေး ကောင်းမွန်မှုကြောင့် ခရစ်ယာန်ဘာသာဝင်များ ဖြစ်သွားကြသည်။

နောက်ပိုင်းမှာတော့ ခရစ်ယာန်သာသနာပြုဆရာများ၏စည်းရုံးရေးကောင်းမှုကြောင့် ချင်း၊ ကချင်၊ ရဝမ်၊ လီဆူး စသော တိုင်းရင်းသားတို့မှာ စုဖွဲ့၍ ရွာများ တည်ထောင်ကာ နေခဲ့ကြရာမှ နောက်ပိုင်းမှာ လီဆူးရွာ၊ ရဝမ်ရွာများ တဖြည်းဖြည်းနှင့် ပေါ်ပေါက်လာကြလေသည်။

မြန်မာနိုင်ငံ၏မြောက်ဘက်များ ကချင်ပြည်နယ်ဒေသများသို့ ခရစ်ယာန်သာသနာပြုလုပ်ငန်းများ စတင်ဝင်ရောက်လာစဉ်က မြစ်ကြီးနား၊ ဗန်းမော် စသောမြို့များဘက်မှ ဝင်ရောက်ကြ

ခြင်းမဟုတ်ပေ။

ယခင် တရုတ်ပြည် ယူနန်နယ်အတွင်းရှိ အောက်အမ် သာသနာပြုဂိုဏ်းဝင်ဖြစ်သော (Tibetan Lisuland Churches of Christ Mission)အား ဦးစီးဆောင်ရွက်ခဲ့သည် အမေရိကန် သာသနာပြုဆရာ ဂျေအာရ်မော့စ် Rev J.R Morse နှင့် Assembly of God အဖွဲ့အား ဦးစီးဆောင်ရွက်လျက်ရှိသော သာသနာပြုဆရာ ဂျေစီမော်ရစ်ဆင် Rev.J.C Morrisom တို့က သာ ပူတာအိုနယ်အတွင်း၌ ရဝမ်နှင့်လီဆူးလူမျိုးများကိုသာ အဓိက ထား၍ သာသနာပြုခဲ့ကြလေသည်။

အမေရိကန်သာသနာပြုဆရာ ဂျေအာရ်မော့စ်နှင့် ၎င်း ၏ဇနီးတို့သည် (၁၉၃၀)ခုနှစ်တွင် Yunnan Tibetan Christian Mission ကို စတင်တည်ထောင်၍ တရုတ်ပြည်အတွင်းရှိ မြန်မာနှင့် တိဗက်နယ်စပ်ဒေသများတလျှောက်တွင် သာသနာပြုခဲ့ကြသည်။

၎င်းသာသနာပြုအဖွဲ့ကို Tibetan Lisuland Churches of Christ ဟူ၍လည်းကောင်း ခေါ်တွင်ခဲ့လေသည်။

၎င်းတို့အဖွဲ့ချုပ် တည်ရှိရာမှာ ယူနန်နယ်အတွင်းရှိ လတ်ဇာ Latza ၏အောက်ဘက်ရှိ Puge Lah ၌ဖြစ်ခဲ့၏။

ထိုဌာနချုပ်မှနေ၍ သာသနာပြုအဖွဲ့သည် သံလွင်မြစ်ဝှမ်းဒေသတလျှောက် တိဗက်ပြည်အတွင်းအထိနှင့် အရှေ့ဘက်ရှိ မဲခေါင်မြစ်ဝှမ်းအထိ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့



ကြလေသည်။

(၁၉၃၂)ခုနှစ်တွင် စတင်၍ ယူနန်နှင့်တိဗက်နယ်စပ်ရှိ သီဆူးတိုင်းရင်းသားများကို အဓိက ထားကာ သာသနာပြုခဲ့ကြလေသည်။

ထိုကဲ့သို့ ဆောင်ရွက်နေရာမှ (၁၉၃၃)ခုနှစ်တွင် ၎င်း အဖွဲ့သည် မြန်မာပြည်အစိုးရထံမှ ခွင့်ပန်၍ ခေါင်လန်မူးနှင့် အာကျန်မြစ်ဝှမ်းဒေသများဘက်သို့ တိုးချဲ့၍ သာသနာပြုခဲ့ကြလေသည်။

ထိုမှတစ်ဖန် မေခမြစ်ဝှမ်းအဖျားပိုင်းနှင့် ထရုံမြစ်ဝှမ်း ဒေသများသို့လည်း သွားရောက်၍ သာသနာပြုခဲ့ကြလေသည်။

(၁၉၄၆)ခုနှစ်၌ ဤ Yunnan Tibetan Christian Mission ဂိုဏ်းဝင်ပေါင်း(၇၀၀၀)ခန့် ရှိခဲ့၍ ဘုရားရှိခိုးကျောင်းပေါင်း (၆၇)ကျောင်းအထိ ရှိလာခဲ့သည်။

ထိုဦးရေ၏ထက်ဝက်ခန့်မှာ သံလွင်မြစ်၏အနောက်ဘက်၌ ရှိသော မြန်မာပြည်အတွင်း၌ ရှိခဲ့လေသည်။

မော့စ်အဖွဲ့သည် ခရစ်ယာန်တပည့်များကို အကြောင်းပြကာ ပူတာအိုနယ်အတွင်းသို့ ချဲ့လာကြလေသည်။

တပည့်များက တောင့်တ၍ ၎င်းတို့အား တရားဓမ္မဟောပြရန်အတွက် သွားရန် လိုအပ်သည်ဟူသော အကြောင်းပြချက်နှင့် မြန်မာပြည်အစိုးရထံ ခွင့်တောင်း၍ ထရုံမြစ်နှင့် အာကျန်မြစ်ဝှမ်းများဘက်သို့ ဝင်လာခဲ့ကြသည်။

ထိုမြစ်ဝှမ်းမှတစ်ဆင့် နမ်တမိုင်မြစ်ဝှမ်းတစ်လျှောက် အထိ သာသနာပြုလာခဲ့ရာ နောက်ဆုံး ပူတာအိုနယ်အတွင်းသို့ ရောက်လာခဲ့ကြသည်။

ထိုဒေသသို့ ရောက်ပြီး သာသနာပြုရန်ဒေသများကိုပင် ထပ်မံရွေးချယ်လာလေတော့သည်။

သာသနာပြုလုပ်ငန်းများအဖြစ် ညီတားဒီးနှင့် ခေါင်လန်ဖူး အထက်နားရှိ ထာရီဝမ်ပေါင်း Htari Wanggong ရွာများကို ရွေးချယ်ကြသည်။

ဤသို့ဖြင့် ဒုတိယကမ္ဘာစစ် မဖြစ်မီအချိန်ကပင် ခေါင်လန်ဖူးနှင့် အာကျန်မြစ်ဝှမ်းဒေသများဘက်သို့ တိုးချဲ့၍ သာသနာပြုခဲ့ကြသည်။

(၁၉၄၆)ခုနှစ်၌ ဤ Yunnan Tibetan Christian Mission ဂိုဏ်းဝင်ပေါင်း(၇၀၀၀)ခန့်နှင့် ဘုရားရှိခိုးကျောင်းပေါင်း (၆၇)ကျောင်းအထိ ရှိလာခဲ့ခြင်းဖြစ်ပေသည်။

(၁၉၃၂)ခုနှစ်ဝန်းကျင်လောက်ကတည်းက လီဆူးတိုင်းရင်းသားများ ရှိသောနေရာများ၌ ခရစ်ယာန်သာသနာပြု လုပ်ငန်းများ ကြိုးစားဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်း (၁၉၅၅)ခုနှစ်ဝန်းကျင်ရောက်သောအခါ နေရာအတော်များများမှာ အမြစ်တွယ် ခြေကုတ်ယူနိုင်ခဲ့ကြသည်။

ထိုသာသနာပြုအဖွဲ့များကို စတင်ပျိုးထောင်လာသူမှာ အမေရိကန်လူမျိုး ဂျေရုပ်ဆယ်လ်မော့စ် (J.Russel Morse)





...သူဖြစ်ပြီး နောက်ပိုင်း၌လည်း ၎င်းတို့၏အဆက်အနွယ်များက ...ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ခဲ့ကြလေသည်။

ပူတာအိုနှင့် မဝေးလှသောမြောက်ပိုင်းဘက်တွင် လူသူ ...ရောက်သော လွင်ပြင်ချိုင့်ဝှမ်းကြီးတစ်ခုရှိသည်။

ထိုလွင်ပြင်ချိုင့်ဝှမ်းကြီးမှာ ကျယ်ဝန်းပြီး တောကလည်း ...တ်သည်။

ပတ်လည်မှာလည်း တောင်မြင့်ကြီးများက တံတိုင်းကြီး ...များသဖွယ် ကာရံထားသည်။

အချို့နေရာများ၌ လူတိုးမပေါက်နိုင်သော ကျူတော ...ိုင်းတောကြီးများရှိပြီး ထိုတောအတွင်းသို့ ဝင်သွားပါက လူဖြစ် ...စ တိရစ္ဆာန်ဖြစ်စေ အသက်ရှင်လျက်နှင့် ပြန်မထွက်လာနိုင်ကြ ...ပေ။

ထိုနံ့အိုင်ကြီးများ ဝန်းရံထားသော အလယ်တွင် ရွာတစ် ...ွာ ရှိသည်။

မူလာရှီးဒီ အမည်ရှိသောရွာဖြစ်သည်။

အိမ်ခြေပေါင်း(၁၅၀)ခန့်ရှိပြီး လူဦးရေငါးရာကျော်ခန့် ...သည်။

ထိုရွာကို အုပ်ချုပ်နေသူမှာ ရွာလူကြီးဦးထန်ဖုန်းရှိန်ဖြစ် ...ပေသည်။

ဦးထန်ဖုန်းရှိန် ထိုနေရာသို့ ရောက်ခဲ့ရပုံမှာလည်း ...အတော်ကလေး ဆန်းကြယ်သည်။

သူသည် ဒုတိယကမ္ဘာစစ်ကာလက အင်္ဂလိပ်စစ်တပ်တွင် အမှုထမ်းခဲ့ဖူးသူဖြစ်သည်။

နောက်ပိုင်း အင်္ဂလိပ်စစ်တပ်မှ အရာရှိတစ်ဦးနှင့် အဆင်မပြေဖြစ်ရာမှ လူကြားထဲတွင် ပါးရိုက်ခံရသည်။

သို့ကြောင့် မကျေမနပ်ဖြစ်ခဲ့ပြီး တစ်နေ့ ကင်းလှည့်ထွက်လာစဉ် ထိုအင်္ဂလိပ်စစ်ဗိုလ်အား သေနတ်ဖြင့် ပစ်သတ်ခဲ့ပြီး ထွက်ပြေးခဲ့သည်။

မြန်မာပြည်အတွင်းသို့ ရောက်သောအခါ ပူတာအိုနယ်ဘက်တွင် ခိုအောင်းနေခဲ့သည်။

ရာဇဝတ်ဘေးသင့်မည်စိုးသောကြောင့် ရုပ်ဖျက်ကာ သူ့ဘဝကိုလည်း ဖာတ်မြှုတ်ကာ နေထိုင်ခဲ့လေသည်။

နောက်ပိုင်းမှာတော့ ထိုနယ်ဘက်သို့ ခရစ်ယာန် သာသနာပြုအဖွဲ့တစ်ဖွဲ့ ရောက်လာရာ ထိုအဖွဲ့တွင် လမ်းပြအဖြစ်နှင့် လိုက်လာလေသည်။

ဦးထန်ဖုန်းရှိန်မှာ ရဝမ်သွေးပါသူဖြစ်ပြီး ရဝမ်စကားကိုပါ နားလည်ရုံမက ရဝမ်လူမျိုးတို့၏ ဓလေ့ထုံးစံများကိုပါ သိကျွမ်းနှံ့စပ်သူဖြစ်သောကြောင့် များစွာအဆင်ပြေလှပေသည်။

ထိုအချိန်က ဦးထန်ဖုန်းရှိန်မှာ (၃၅)နှစ်ခန့်ပင် ရှိသေးသဖြင့် သွက်လက်တက်ကြွသောအရွယ်ပင် ရှိသေးသည်။ ၎င်းသာသနာပြုအဖွဲ့ကို ဦးဆောင်လာသူမှာ ဂျိုးဇက်ဆိုသူဖြစ်သည်။





ဂျိုးဇက်သည် ပူတာအိုချိုင့်ဝှမ်းအတွင်းရှိ သီခေါင်လှသောနေရာများသို့ သွားရောက်၍ သာသနာပြုလုပ်ငန်းများဆောင်ရွက်ရာတွင် ဦးထန်ဖုန်းရှိန်၏အကူအညီကို များစွာရရှိလေသည်။

ဦးထန်ဖုန်းရှိန်မှာ ရဝမ်တိုင်းရင်းသားတစ်ဦးဖြစ်သဖြင့် ရဝမ်ဘာသာစကားကို ကျွမ်းကျင်ရုံမက အခြားတိုင်းရင်းသားများ ဖြစ်ကြသော လီဆူးနှင့် ခန္တီးရှမ်းဘာသာတို့ကိုပါ အတန်အသင့် တတ်ကျွမ်းလေရာ ထိုနယ်တစိုက်တွင် နေထိုင်ကြသောတိုင်းရင်းသားများနှင့် ဆက်သွယ်ရာတွင် များစွာလွယ်ကူချောမွေ့လေသည်။

သို့ကြောင့် ဂျိုးဇက်က ၎င်းကို စကားပြန်တစ်ဦးအနေသာမက ၎င်း၏လက်ထောက်အဖြစ်နှင့်ပါ လုပ်ကိုင်ရန် တာဝန်ပေးထားလေ၏။

ဦးထန်ဖုန်းရှိန်တို့ ထိုဒေသသို့ ရောက်သွားစဉ်က (၁၉၃၂)ခုနှစ်ဝန်းကျင်ခန့်သာ ရှိသေးသဖြင့် တောတောင်ထူထပ်ကာ လူနေအိမ်ခြေပင် မရှိသေးပေ။

တောတောင်ထူထပ်ခြင်း၊ ရွှံ့နွံအိုင်များ ပေါခြင်း၊ ရာသီဥတု ဆိုးဝါးခြင်းကြောင့် အတည်တကျ နေထိုင်ကြသူ မရှိကြသေးပေ။

လီဆူးနှင့်ရဝမ်တိုင်းရင်းသားအချို့ ရှိနှင့်ပြီဖြစ်သော်လည်း နေရာအတည်တကျ မရှိဘဲ ဂျစ်ပစီများပမာ တစ်နေရာမှ

တစ်နေရာ ရွှေ့ပြောင်းနေထိုင်ကြသည်။

သို့သော်လည်း လွင်ပြင်ချိုင့်ဝှမ်းကြီး ရှိရာကိုတော့ မလာဝံ့ကြပေ။

အဘယ့်ကြောင့်ဆိုသော် ထိုနေရာသို့ လာမိပါက လူနှင့် တိရစ္ဆာန်များ မကြာခဏ ပျောက်ဆုံးသဖြင့် မကောင်းဆိုးဝါးများ ဖမ်းစားသည်ဟု အယူစွဲ ရှိသောကြောင့်ဖြစ်ပေသည်။

ချိုင့်ဝှမ်းအတွင်း၌ ကျူတောကိုင်းတောကြီးများ ဖုံးလွှမ်းနေသောနေရာ၏အလယ်၌ မည်သို့သောအန္တရာယ်မျိုး ရှိနေသည်ကိုလည်း သူတို့မသိကြပေ။

ကြောက်သဖြင့် သိအောင်လည်း မကြိုးစားဘဲ ဝေးဝေးမှသာ ရှောင်ပြေးကြသည်။

ဂျိုးဇက်ခေါင်းဆောင်သော သာသနာပြုအဖွဲ့သည် ဦးထန်ဖုန်းရှိန် ဦးဆောင်လမ်းပြပေးမှုကြောင့် ထိုလွင်ပြင်ချိုင့်ဝှမ်းဒေသသို့ ရောက်ခဲ့ကြသည်။

၎င်းတို့ ထိုနေရာသို့ ရောက်သောအခါ လွင်ပြင်တစ်ဝိုက်တွင် အနှံ့အပြား ရှိနေကြသော လီဆူးနှင့် ရဝမ်တိုင်းရင်းသားများအား စုစည်း၍ ခရစ်ယာန်သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ကြလေသည်။

နှစ်အနည်းငယ်ကြာသော် ထိုနေရာတွင် ရွာငယ်တစ်ရွာမျှ ဖြစ်လာလေသည်။

ဂျိုးဇက်နှင့် အဖွဲ့သားများ စတင်ရောက်လာစဉ်က လူဦး





ရေ မများလှပေ။

ဒုတိယကမ္ဘာစစ်ကြီး ပြီးသောအခါ လီဆူးတိုင်းရင်းသားများရွာတို့သည် တရုတ်ပြည် ယူနန်နယ်မှတစ်ဆင့် နှစ်စဉ်နှစ်တိုင်းလိုလို ပူတာအိုနယ်အတွင်းသို့ အိမ်ထောင်လိုက် မိမိတို့ပိုင်ဆိုင်သော ဝက်နှင့် စားအိုးစားခွက်များကိုပါ ယူဆောင်၍ ဝင်ရောက်လာကြသည်။

ထိုသို့ဝင်ရောက်လာကြသော လီဆူးနှင့် ရဝမ်တိုင်းရင်းသားများကို ဂျိုးဇက်တို့အဖွဲ့က ကူညီစောင့်ရှောက်ပေးခဲ့ကြလေသည်။

(၁၉၅၀)ခုနှစ်လောက် ရောက်သောအခါ စတင်တည်ထောင်စက အိမ်ခြေအနည်းငယ်သာ ရှိသော မူလာရှိဒီးရွာမှာ အိမ်ခြေ(၁၅၀)ကျော် ရှိလာပြီး လူဦးရေ(၅၀၀)ကျော်အထိ ရှိလာသည်။

ဂျိုးဇက်က သာသနာပြုလုပ်ငန်းများအတွက် ကြိုးစားဆောင်ရွက်သလို နောက်ပိုင်းမှာတော့ ရွာလူကြီးအဖြစ် ဦးထန်ဖုန်းရှိန်က အုပ်ချုပ်ဆောင်ရွက်လေသည်။

နောက်ပိုင်းမှာတော့ ဦးထန်ဖုန်းရှိန်မှာ ခန္တီးရှမ်း အမျိုးသမီးတစ်ဦးဖြစ်သူ နန်းမြကြည်နှင့် လက်ထပ်ပေါင်းသင်းကာ အခြေတကျ နေထိုင်ခဲ့သည်။

တစ်နေ့သ၌ အင်္ဂလန်သို့ ပြန်တော့မည်ဖြစ်သော ဂျိုးဇက်က ဦးထန်ဖုန်းရှိန်ကို ခေါ်ပြောသည်။

"မင်းဟာ လူသတ်ပြီး ထွက်ပြေးနေတဲ့ စစ်ပြေးတရားခံ တစ်ယောက်ဖြစ်တယ်ဆိုတာ ကျွန်ုပ်သိတယ်၊

ဒါပေမယ့် မင်း ကျွန်ုပ်ရဲ့သာသနာပြုလုပ်ငန်းတွေမှာ အားကြိုးမာန်တက် အကူအညီပေးခဲ့လို့ ကျူးလွန်ခဲ့တဲ့အပြစ်တွေကို မေ့ထားခဲ့တာပဲ"

ထိုစကားကြားသောအခါ ဦးထန်ဖုန်းရှိန်မှာ များစွာ အံ့ဩသွားလေသည်။

မိမိက လုံခြုံလှပြီထင်နေသော လျှို့ဝှက်ချက်ကို တစ်ဖက်လူက ကောင်းကောင်းသိနေသောကြောင့် စိတ်မချမ်းမသာ ဖြစ်သွားမိလေသည်။

"ဒါပေမယ့် ဘာမှမစိုးရိမ်ပါနဲ့၊ မင်းက ဘုရားသခင်ရဲ့ အကျိုးကို အားကြိုးမာန်တက် ဆောင်ရွက်ပေးခဲ့တဲ့အတွက် ဘုရားသခင်က စောင့်ရှောက်ပေးပါလိမ့်မယ်၊ ကျွန်ုပ် မင်းကို အရေးမယူပါဘူး၊ ဒါပေမယ့် ကတိတစ်ခုတော့ ပေးရလိမ့်မယ်"

"ဘယ်လိုကတိမျိုးပါလဲ သခင်"

"ကျွန်ုပ်တို့ ခက်ခက်ခဲခဲ ကြိုးပမ်းအားထုတ်ပြီး တည်ထောင်ထားခဲ့တဲ့ မူလာရှီးဒီရွာကလေးကို မပျက်စီးစေဖို့ မင်းက တာဝန်ယူ စောင့်ရှောက်ပေးပါ၊

ရွာက လူတွေ လျော့သွားတာမျိုး မဖြစ်စေဘဲ တိုးပွားလာအောင် မင်းက ထိန်းသိမ်းဆောင်ရွက်ပေးပါ။ အဲသည်လို ဆောင်ရွက်ပေးနိုင်မယ်ဆိုရင် မင်းကျူးလွန်ခဲ့တဲ့အပြစ်တွေ





အားလုံး ခွင့်လွှတ်ပေးပါ့မယ်"

ဟု ကတိတောင်းလေသည်။

"ကောင်းပါပြီ သခင်၊ သခင်မရှိတော့တဲ့နောက်ပိုင်း သခင်တည်ထောင်ထားခဲ့တဲ့ မူလာရှီးဒီရွာကို မပျက်စီးစေရဘဲ တိုးတက်အောင် ဆောင်ရွက်ပေးပါ့မယ်လို့ ကတိပေးပါတယ်"

ဟု ကတိပေးလိုက်လေသည်။

နောက်ပိုင်းမှာတော့ ဦးထန်ဖုန်းရှိန်အနေနှင့် ထိုကတိတည်မြဲစေရန် နည်းမျိုးစုံ သုံးကာ ဆောင်ရွက်ရလေတော့သည်။





အခန်း(၂)

# ကြောက်စရာကောင်းသည့် ပဟေဠိပုစ္ဆာ

သည်နေရာတွင် မူလာရှီးဒီရွာ တည်ရှိနေပုံနှင့် ပတ်ဝန်းကျင်အနေအထားများကို ကြိုတင်ရေးသားရပေမည်။

မူလာရှီးဒီရွာ ရှိသောနေရာမှာ ပူတာအိုမြောက်ဘက်ချိုင့်ဝှမ်းလွင်ပြင်အတွင်း၌ဖြစ်သည်။

ရှေးနှစ်ပေါင်းတစ်ရာကျော်ခန့်က ထိုနေရာတဝိုက်မှာ လူသူအရောက်အပေါက် မရှိသောနေရာများပင်ဖြစ်သည်။

တောင်မြင့်ကြီးများ ကာရံထားခြင်း၊ တောနက်ကြီးများ

ဖုံးလွှမ်းနေခြင်း၊ ရွံ့နွံ့အိုင်များ ပေါခြင်း၊ သားရဲတိရစ္ဆာန် ပေါများခြင်း၊ ရာသီဥတုဆိုးဝါးခြင်း စသော အန္တရာယ်များကြောင့် အကြောင်းမရှိဘဲနှင့် မသွားလာကြပေ။

အထူးသဖြင့် ကျူတော၊ ကိုင်းတောကြီးများမှာ လူတစ်ရပ်နှစ်ရပ်ခန့် မြင့်နေပြီး အတွင်းသို့ လူမဆိုထားနှင့်၊ ဆင်တစ်ကောင် ဝင်သွားလျှင်ပင် ပျောက်ကွယ်သွားလေသည်။

ထို့ထက် ကျူတောနှင့်ကိုင်းတောကြီးများအတွင်း၌ မည်သို့သော အန္တရာယ်ကောင်များ ရှိနေသည်ကို မသိရသော်လည်း ထိုတောအတွင်းသို့ မျက်စိလည် လမ်းမှားပြီး ဝင်ရောက်သွားလျှင်တော့ အသက်ရှင်လျက်နှင့် ပြန်ထွက်လာနိုင်သူ နည်းလှပေသည်။

မုဆိုးအချို့ကတော့ ထိုကိုင်းတောများအတွင်းသို့ တစွန်းတစ တိုးဝင်ကြည့်ရာ ကြောက်မက်ဖွယ်ကောင်းလှသော နွံ့အိုင်များ ရှိနေကြောင်း သိရလေသည်။

ထိုနွံ့အိုင်အတွင်း ကျသွားပါက ပြန်တက်ရန် မလွယ်ကူဘဲ သေဆုံးနိုင်ပေသည်။

ထိုနွံ့အိုင်များကြောင့် ကိုင်းတောအတွင်း ဝင်ရောက်သွားသူများ သေဆုံးကြရသောအချက်မှာ ကိုင်းတောကြီးများအတွင်း၌ နွံ့အိုင်များထက် ပိုမိုကြောက်မက်ဖွယ်ကောင်းသော အန္တရာယ်များ ရှိနေသည်ဟူသောအချက်ပင်ဖြစ်၏။

ရှေးအခါက ထိုလွင်ပြင်ချိုင့်ဝှမ်းဒေသတဝိုက်တွင်





အခြေတကျ နေထိုင်ကြသူများ မရှိပေ။

တစ်ခါတစ်ရံ အမဲလိုက်သူများနှင့် မျက်စိလည် လမ်းမှား၍ ရောက်လာသူအချို့သာ ရှိပေသည်။

နောက်ပိုင်း(၁၉၃၂ ခုနှစ်ဝန်းကျင်လောက်အချိန်က) မှာတော့ ခရစ်ယာန်သာသနာပြုဆရာ ဂျိုးဇက်ခေါင်းဆောင်သောအဖွဲ့များ ရောက်ရှိလာပြီးနောက်ပိုင်းမှာ ၎င်းတို့၏စည်းရုံးရေး ကောင်းမှုကြောင့် လီဆူးနှင့်ရဝမ်များ လာရောက်နေထိုင်ကြသဖြင့် တဖြည်းဖြည်းနှင့် ရွာအဖြစ်သို့ ပြောင်းလဲလာခဲ့ခြင်းဖြစ်၏။

ဆရာဂျိုးဇက်နှင့် ဦးထန်ဖုန်းရှိန်တို့က ရွာငယ်ကလေးမှ ရွာကြီးတစ်ရွာအဖြစ်သို့ ရောက်အောင် ကြိုးစားဆောင်ရွက်ခဲ့ကြလေသည်။

မူလာရှီးဒီရွာမှာ ပူတာအိုလွင်ပြင်ချိုင့်ဝှမ်းအတွင်း၌ ရှိသောကြောင့် လမ်းပန်းဆက်သွယ်ရေးက များစွာခက်ခဲလှသည်။

အရှေ့အနောက်တောင်မြောက်၌ မြို့ရွာများ မရှိပေ။

အရှေ့ဘက်သစ်တောများနှင့် မလိခမြစ်က ကာဆီးထားလေသည်။

ထိုမြစ်ကမ်းတလျှောက်မှာလည်း ရွံ့နွံ့များ ထူထပ်သောကြောင့် သွားရေးလာရေး ခက်ခဲလှသည်။

မြောက်ဖက်ပိုင်းမှာတော့ ကိုင်းတောနှင့် ကျူတောကြီးများ ပေါက်သော နွံ့အိုင်ကြီးများရှိသည်။

ကိုင်းတောကြီးများမှာ မျက်စိတဆုံး ကျယ်ဝန်းလေသည်။ ရှေ့က ဖော်ပြသည့်အတိုင်း ထိုနေရာမှာ အန္တရာယ်များလှသောကြောင့် လူမဆိုထားနှင့်၊ တိရစ္ဆာန်များပင် မသွားကြပေ။

အနောက်ဘက်မှာတော့ ကျောက်နံရံကြီးများ ထောင်ထားသကဲ့သို့ တောင်မြင့်ကြီးများက ကာရံထားလေသည်။ အနိမ့်ဆုံးတောင်မှာ ပေပေါင်း(၅၀၀၀)ကျော် (၆၀၀၀)အထိ အမြင့်ရှိလေသည်။

ထိုတောင်မြင့်ကြီးများကို ကျော်၍ အနောက်ဘက်သို့သွားလျှင် မြန်မာနှင့် အိန္ဒိယ နယ်နိမိတ်အစပ်သို့ ရောက်နိုင်ပေသည်။

မူလာရှီးဒီရွာ၏တောင်ဘက်မှာတော့ သစ်တောကြီးများ ရှိသည်။

ထိုသစ်တောကြီးများအတွင်းမှာ သစ်ပင်ကြီးငယ်တို့က နေပြောက်မထိုးအောင် ဖြစ်နေရုံမက သားရဲတိရစ္ဆာန်များလည်း ပေါသည်။

ထိုသစ်တောကြီးအတွင်းမှ ကျော်ဖြတ်သွားလျှင်တော့ ပူတာအိုသို့ ရောက်နိုင်ပေသည်။

ထိုတောင်ဘက်၌ ရှိသောလမ်းမှာ မူလာရှီးဒီ ရွာသူရွာသားများအတွက် တစ်ခုတည်းသော အသုံးပြုရာ သစ်တောလမ်းဖြစ်လေသည်။

ကျေးရွာထူထောင်စက လိုအပ်သောဆေးဝါး၊ စားနပ်





ရိက္ခာများနှင့် အသုံးအဆောင်ပစ္စည်းများကို ပူတာအိုမြို့သို့ သွားဝယ်ကြရသည်။

ထိုသို့ သွားရာမှာတော့ တောင်ဘက်သစ်တောလမ်းကိုသာ အသုံးပြုခဲ့ကြလေသည်။

သို့သော်လည်း တောနက်ပြီး ကျယ်ဝန်းလှသောကြောင့် လမ်းကျွမ်းကျင်သူ မပါဘဲနှင့် သွား၍မရပေ။

အကယ်၍ လမ်းမကျွမ်းကျင်ဘဲ သွားမိပါက မျက်စိလည်ကာ ပြန်မထွက်နိုင်ဘဲ ရှိကြလေသည်။

ဦးထန်ဖုန်းရှိန်တို့လို တောလမ်းကျွမ်းကျင်သူများက ဖြတ်လမ်းနှင့် လျှို့ဝှက်လမ်းများကို ကိုယ့်သင်္ကေတနှင့်ကိုယ် မှတ်သားထားကြလေသည်။

ကျေးရွာထူထောင်စက အသုံးပြုခဲ့ကြသည့် တောင်ဘက် တောလမ်းမှာ နောက်ပိုင်းမှာတော့ ကြောက်မက်ဖွယ်ကောင်းသော အန္တရာယ်များနှင့် ကြုံလာတတ်လေတော့သည်။

ညအချိန်ရောက်လျှင် တောနက်အတွင်းဆီမှ ကြောက်မက်ဖွယ်ကောင်းသော အော်သံကြီးများ ကြားလာရသည်။

အထူးသဖြင့် လပြည့်နေ့ လကွယ်နေ့များမှာ ပို၍ကြားရသည်။

တစ်ခါတစ်ရံ အဝေးဆီမှ အော်ဟစ်လိုက်သောအသံများကို တစ်စွန်းတစ ကြားကြရပြီး တစ်ခါတစ်လေမှာလည်း ရွာနှင့် မနီးမဝေးသော တောစပ်နေရာအထိ ဆင်းလာတတ်ပေ

သည်။

"အူ. . . ဝူ. . . ဝူ"

"အူ. . . ဝူ. . . ဝူ"

ထိုအော်သံမှာ တောတိရစ္ဆာန်တစ်ကောင်အော်သံနှင့် တူသလို လူတစ်ယောက်ယောက်က လည်ခေါင်ကို ခြစ်ပြီး ယယ်သံပါအောင် အော်လိုက်သောအသံမျိုးနှင့်လည်း တူလေသည်။

ရှေးယခင်က ထိုအော်သံမျိုးကို မကြားဖူးခဲ့ကြသော်လည်း နောက်ပိုင်းမှာတော့ မကြာခဏ ကြားလာကြရသည်။

ထိုအခါ ဦးထန်ဖုန်းရှိန်က ရွာသူရွာသားများကို ဆင့်ခေါ်၍ ပြောပြလေသည်။

"မင်းတို့ကို ခေါ်ရတာကတော့ တခြားမဟုတ်ဘူး၊ တောင်ဘက်မှာ ရှိတဲ့ မိုးမခသစ်တောကြီးထဲကို အရမ်းမသွားကြနဲ့၊ ငါ့အထင်ပြောရရင် ကြောက်စရာကောင်းတဲ့ သတ္တဝါတစ်ကောင် ရောက်နေတဲ့ပုံပဲ၊ ဖြစ်နိုင်ရင်တော့ အဲဒီဘက်တောထဲကို မဝင်တာ အကောင်းဆုံးပဲ၊

တကယ်လို့ မဖြစ်မနေ သွားကြရင်လည်း သတိနဲ့ သွားကြပေတော့၊ နောက်တစ်ချက်က မိုးမခတောထဲကို ငါမသိဘဲနဲ့ မဝင်ကြတာ အကောင်းဆုံးပဲ"

ထိုသို့ပြောသောအခါ ရွာသားအချို့က မေးသည်။

"ကျုပ်တို့ရွာသားတွေအတွက် မြို့ကို သွားဖို့ ဒီတစ်လမ်းပဲ ရှိတာ၊ ဒီလမ်းကမှ မသွားရရင် ဘယ်လိုလုပ်ကြမလဲ"

"တခြားလမ်းက သွားပေါ့"

"ဆလိုင်းလည်း ဒီနေရာတွေအကြောင်း သိတာပဲ၊ တခြားလမ်းတွေက ကျွန်တော်တို့ရွာအတွက် အသုံးပြုလို့မှ မရတာ"

"ဒါကတော့ မင်းတို့ရဲ့သဘောပဲ၊ ငါကတော့ လူကြီးတစ်ယောက်အနေနဲ့ ပြောသင့်တာပြောပြီး သတိပေးသင့်တာ ပေးရတာပဲ"

ဟု ပြောရာ အချို့လည်း အယုံကြည် သိပ်မရှိကြပေ။

အဘယ်ကြောင့်ဆိုသော်. . .

ထိုမိုးမခသစ်တောလမ်းမှာ မူလာရှီးဒီရွာ စတင်ထူထောင်စကတည်းက အသုံးပြုခဲ့သည့် ပုတာအိုသို့ ရောက်နိုင်ရန် တစ်ခုတည်းသောလမ်း ဖြစ်နေသောကြောင့်ပင်။

နောက်ပိုင်းမှာ မယုံကြည်သောရွာသားအချို့က ထိုတောလမ်းမှပင် အသွားအလာ ပြုကြသည်။

ထိုနေရာကို သွားသောလူနှစ်ယောက်မှာ ရွာသို့ ပြန်ရောက်မလာကြတော့ပေ။

ထိုအခါမှ ထိတ်ထိတ်ပျာပျာ ဖြစ်ကြလေတော့သည်။

"ဆလိုင်း. . . လုပ်ပါဦးဗျ၊ ဆလိုင်းသတိပေးထားတဲ့ စကားကို နားမထောင်ဘဲ တောလမ်းက ဖြတ်ပြီး မြို့တက်သွားတဲ့ ရွာသားနှစ်ယောက်တော့ ရွာကို ပြန်မလာနိုင်တော့ဘူးဗျ"

"တယ်ခက်တဲ့ကောင်တွေပဲကိုး. . . လူကြီးက မသင့်လို့ သတိပေးတော့လည်း နားမထောင်ချင်ကြဘူး၊ ရွာသားတွေ. . လက်နက်တွေ ယူပြီးလာခဲ့ကြ၊ တောထဲ သွားရှာကြရအောင်"

သတိပေးခဲ့စဉ်က မယုံသလိုရှိသောသူများမှာ ယခုအခါမှာတော့ အကြောက်ကြီးကြောက်ကာ အချို့မလိုက်ဝံ့ကြတော့ပေ။

ဦးထန်ဖုန်းရှိန်ကတော့ လူကြီးတစ်ယောက်ဖြစ်သဖြင့် အကြောင်းရှိလာသောအခါ မနေသာတော့ဘဲ ရွာသားအချို့ကို ခေါ်ပြီး မိုးမခတောထဲသို့ လိုက်လံရှာဖွေလေသည်။ မိုးမခတောမှာ သစ်ပင်ကြီးအများစု ပေါက်သောနေရာဖြစ်သောကြောင့် တောခြေမရှုပ်လှပေ။

တောမှာ လူသူအရောက်အပေါက် နည်းလှသောကြောင့် တိတ်ဆိတ်ငြိမ်သက်လျက်ရှိကာ ချောက်ခြားဖွယ်ရာကောင်းလှပေသည်။

အချို့လည်း လူအများနှင့်မို့သာ လိုက်လာကြရသော်လည်း တောထဲ ရောက်သောအခါမှ ကြောက်လန့်လျက်ရှိနေကြသည်။

တောနက်ထဲ ရောက်သောအခါ သစ်ရွက်များပေါ်မှာ အနှံ့အပြား ရှိနေသော လူအရိုးနှင့် တိရစ္ဆာန်အရိုးများအပြင် အချို့နေရာများ၌ သွေးကွက်များ၊ သွေးစက်များကို တွေ့ကြရသည်။



အချို့သွေးကွက်များမှာ မခြောက်သေးသောကြောင့် ...င်မမည်းရိုင်းများက တဝေါဝေါနှင့် ဝိုင်းအုံနေကြသည်။

သွေးညှီနံ့နှင့် အပုတ်နံ့များကလည်း နေရာအနှံ့၌ ရှိနေ...လေသည်။

"ဆလိုင်း. . . တောထဲ ဆက်ဝင်သွားလို့ ဖြစ်ပါ့မလား"

"ဘာဖြစ်လို့လဲ"

"တောထဲမှာ သွေးကွက်တွေကလည်း အနှံ့အပြားပဲ၊ ...ဘယ်လိုသတ္တဝါမျိုးများ တောထဲ ရောက်နေတာလဲ မသိဘူး ...နော်"

"ငါလည်း ဘယ်သိပါ့မလဲ၊ အခုမှတော့ ကြောက်နေလို့ ...ဖြစ်ဘူး၊ ပျောက်နေတဲ့လူတွေ တွေ့အောင်ရှာရမှာမို့ သွားကြစို့ ...ရဲ့"

ဟု ပြောပြီး ရှေ့သို့ ဆက်ဝင်ခဲ့ကြရာ တောနက်အတွင်း ...အဝေးတစ်နေရာဆီမှ ကြောက်မက်ဖွယ်ကောင်းလှသော အော်...ဟစ်သံကြီးကို ကြားကြရသည်။

"အူ. . . ဝူ. . . ဝူ"

"ဟော. . . အော်သံကြားရတယ်"

"နှင်းတောင်တန်းတွေပေါ်မှာ နေတဲ့နှင်းလူ၊ ဒါမှမဟုတ် ...ဂါ ရီလာမျောက်ဝံကြီးတွေများ ဒီတောထဲမှာ ရောက်နေရော့...လား မသိဘူး"

မိုးမခသစ်တော ရှိသောနေရာမှာ နှင်းဖုံးလွှမ်းနေသော

တောင်မြင့်ကြီးများနှင့် နီးသောကြောင့် အကယ်၍ ရွာသားများ ပြောသလို နှင်းလူ ဒါမှမဟုတ် ဂေါ်ရီလာမျောက်ဝံကြီးများ ရောက်လာမည်ဆိုလျှင်လည်း ရောက်လာနိုင်သောအခြေအနေ ရှိပေသည်။

အဝေးဆီမှ ကြားနေရသောအော်သံများက သူတို့ ရှိနေသောနေရာနှင့် တဖြည်းဖြည်း နီးလာသောကြောင့် ရှေ့ဆက်မတိုးဝံ့ကြဘဲ နေရာမှာ ရပ်ကာ အခြေအနေ စောင့်ကြည့်ကြရသည်။

သို့သော်လည်း သူတို့ရှိရာသို့ ရောက်မလာဘဲ တဖြည်းဖြည်းနှင့် ပြန်ဝေးသွားသောအခါ ရှေ့သို့ ဆက်သွားဝံ့ကြလေသည်။

သွေးစက်များအတိုင်း ခြေရာခံပြီး လိုက်သွားကြရာ နောက်ဆုံးမှာတော့ သစ်ပင်တစ်ပင်၏ခြေရင်း၌ ရုပ်ပျက်ဆင်းပျက် အသက်ပျောက်နေကြသော ရွာသားနှစ်ယောက်ကို တွေ့ကြရလေသည်။

နှစ်ယောက်စလုံး အသက်မရှိတော့ပေ။

တစ်ကိုယ်လုံး ချွန်ထက်သော လက်သည်းရှည်များဖြင့် ကုတ်ခြစ်ထားသောဒဏ်ရာများ၊

ချွန်ထက်လှသောအစွယ်ဖြင့် ကိုက်ဖြတ်ထားသောဒဏ်ရာများ တွေ့ရပြီး ထိုဒဏ်ရာများကြောင့် သေဆုံးကြရခြင်းဖြစ်ပေသည်။





ဦးထန်ဖုန်းရှိန် သတိပေးစဉ်က မယုံကြည်သောရွာသားများမှာ ထိုမြင်ကွင်းကို မြင်သောအခါမှ များစွာထိတ်လန့်တုန်အုပ်ကြလေသည်။

"ဘယ်လိုသတ္တဝါမျိုး ဖြစ်မလဲ၊ လူနှစ်ယောက်စလုံးကို သတ်ဖြတ်ပစ်ဖို့ဆိုတာ မလွယ်လှဘူး၊ ကိုးတောင်ကျား တစ်အောင်တောင် လူနှစ်ယောက်စလုံးကို တပြိုင်နက် သတ်နိုင်ဖို့ဆိုတာ မလွယ်ဘူး"

"ဟုတ်ပါရဲ့ . . . သူတို့ကိုယ်ပေါ်မှာ တွေ့တဲ့ လက်သည်းရာတွေက ဝက်ဝံလက်သည်းနဲ့ ကုတ်ထားတဲ့ဒဏ်ရာမျိုးနဲ့တော့ အတော်ကလေး တူတယ်၊ ဒါပေမယ့် ဝက်ဝံတော့ ဟုတ်ယ်မထင်ဘူး"

"အစွယ်ရာ လက်သည်းဒဏ်ရာတွေ ကြည့်ရတာတော့ ဝက်ဝံရဲ့အစွယ်နဲ့ လက်သည်းဒဏ်ရာတွေနဲ့တော့ တူတယ်၊ ဒါပေမယ့် အော်တဲ့အသံက ဝက်ဝံအသံနဲ့တော့ မတူပြန်ဘူး"

ဟု အမျိုးမျိုး ပြောဆိုနေကြလေသည်။

ထို့နောက်တွင် သေဆုံးသွားသောလူနှစ်ယောက်ကို ရွာတွင်းမှာပင် မြေမြှုပ်သင်္ဂြိုဟ်ရန် ပြင်ဆင်နေကြစဉ်မှာ မြေပျော့သောနေရာ၌ ထင်ကျန်ခဲ့သောခြေရာကြီးများကို ရွာသားနှစ်ယောက်က တွေ့မြင်သွားသည်။

"ဒီမှာ ခြေရာကြီးတွေ၊ သေသွားတဲ့လူတွေရဲ့ခြေရာနဲ့တော့ မတူဘူး . . . အတော်ကြီးတယ်"

ဟု အော်ပြောသည်နှင့် ထိုနေရာသို့ သွားကြည့်ြ
သည်။

ရေများဖြင့် စွတ်စိုလျက်ရှိသောမြေပြင်မှာတော့ သာမ
ခြေရာများထက် ပိုကြီးသည့် လူခြေနှင့် ဆင်တူသောခြေရာမျ
ကို တွေ့ရလေသည်။

ရွာသားများမှာ တောတောင်များအတွင်းသို့ နေရာအႏ
အပြား သွားလာရင်းနှင့် လူဝံခြေရာ မျောက်ဝံခြေရာများ
တွေ့မြင်ဖူးခဲ့သည်။

ယခုခြေရာသည် လူခြေနှင့် တူပြီး လူခြေရာထက် ပိုကြ
သော်လည်း လူဝံ မျောက်ဝံခြေရာနှင့်တော့ မတူပေ။

လူဝံ၊ မျောက်ဝံခြေရာများက ခပ်ခွင်ခွင် အနေအထာ
မျိုး ရှိသော်လည်း ယခုတွေ့မြင်ရသောခြေရာကတော့ လူခြေ
ကဲ့သို့ ပုံမှန်အနေအထားအတိုင်း ရှိလေသည်။

သို့သော် မြေပျော့အတွင်းသို့ ကုတ်ထားသောနေရာမှ
တော့ ဝက်ဝံခြေရာကဲ့သို့ ခြေသည်းချွန်အရာများကို တွေ့ရလေ
သည်။

"ဘာခြေရာကြီးတွေလဲ. . . လူဝံခြေရာ ဝက်ဝံခြေရာန
လည်း သိပ်မတူဘူး"

"လူလို ခြေနှစ်ချောင်းနဲ့ သွားလာနိုင်တဲ့ သတ္တဝါကြီးတွေ
ထဲမှာ လူဝံ၊ မျောက်ဝံနဲ့ ဝက်ဝံတွေပဲ ရှိတယ်၊ အခုခြေရာက
အဲဒီခြေရာတွေနဲ့ မတူဘူး၊ အတော်ဆန်းတဲ့ခြေရာမျိုးပဲ"



ထိုသို့ပြောဆိုနေကြစဉ်မှာ တောနက်အတွင်းမှ စူးစူး
ါးအော်သံများကို ဆက်တိုက်ကြားလာရသဖြင့် ကြာကြာ
က်မနေဝံ့ကြတော့ဘဲ အလောင်းများကို အလျင်အမြန်
ပ်ပြီးနောက် တောထဲမှ ပြန်ထွက်ခဲ့ကြလေသည်။

မိုးမခတောကတော့ သူတို့အတွက် ကြောက်မက်ဖွယ်
ာင်းသော ပဟေဠိတစ်ခု ပေးလိုက်ခဲ့လေပြီ။





အခန်း(၃)

# စည်းသုံးတန်ခြားရသည့်တောကြမ်း

နောက်ပိုင်းမှာတော့ မိုးမခတောအတွင်းသို့ သွားရောက်ရမည့်ကိစ္စများကို သိပ်ပြီးအရဲမကိုးဝံ့ကြတော့ပေ။

ထို့ကြောင့် မူလာရှိုးဒီရွာသူရွာသားများအတွက် တစ်ခုပဲခက်အခဲဖြစ်လာသည်။

အခြားမဟုတ်ပေ. . .။

သူတို့အတွက် တစ်ခုတည်း အားကိုးအားထား ပြုနေရသော ပူတာအိုမြို့သို့ မသွားဝံ့သောကိစ္စပင်ဖြစ်ပေသည်။

သို့သော်လည်း တစ်နှစ်လုံးနေမှ တစ်ခါတစ်လေ

လောက်သာ သွားကြရသဖြင့် ထိုကိစ္စသည် မဖြစ်မနေ ဆောင် ရွက်ရမည့်ကိစ္စမျိုးတော့ မဟုတ်ပေ။

သူတို့အတွက် တောင်ယာစိုက်ပျိုးခြင်း၊ တောလိုက်ခြင်း ထို့ပြင် ဆိတ်၊ ကြက်၊ ဝက်၊ နွားမွေးမြူခြင်း စသောလုပ်ငန်းများနှင့် ဖြင့် တဝမ်းတခါး စားသောက်ကြသည်။

ကျန်းမာရေးအတွက်လည်း မိမိတို့ဒေသမှာ ရှိသော ဆေးဝါးများနှင့်ပင် ကုသလိုက်ရုံဖြင့် ပြီးနိုင်သည်။

သူတို့အတွက် အပိုပစ္စည်း အသုံးအဆောင် မလိုသော ကြောင့် မြို့သို့ တကူးတက သွားရန်မလိုကြပေ။

ယခင်ကတော့ အဖော်ကောင်းလျှင် မြို့သို့ လိုက်သွားပြီး မိမိတို့ ရှာဖွေစုဆောင်းထားသော ပစ္စည်းများကို သွားရောက် ရောင်းချကြသည်။

ရှေးအခါက ထိုကဲ့သို့ သွားသော်လည်း သဘာဝ တော ရိုင်းတိရစ္ဆာန်များ၏ဘေးအန္တရာယ်လောက်သာ တွေ့ရတတ်ပြီး အခြားထူးထူးခြားခြား အန္တရာယ်မျိုးတော့ မတွေ့ရပေ။

ယခုတော့ ယခင်ကဲ့သို့ မဟုတ်တော့ပေ။

မိုးမခတောတွင်းမှာ ကြောက်မက်ဖွယ်ကောင်းလှသော အန္တရာယ်များ ရှိနေချေပြီ။

တောတွင်းသို့ ဝင်သူမှန်သမျှ အလွတ်မပေးဘဲ ဖမ်းဆီး သတ်ဖြတ်လျက်ရှိနေသောကြောင့် တစ်ယောက်ချင်း နှစ် ယောက်ချင်း မည်သူမှ တောတွင်းသို့ မသွားဝံ့ကြတော့ပေ။





တောတွင်းသို့ အရဲစွန့်ကာ ဝင်ရောက်ကြသူများမှာ လည်း လွတ်လမ်းမရှိဘဲ သေကျေပျက်စီးကြသောကြောင့် တော တွင်းမှ သတ္တဝါသည် မည်သို့သောသတ္တဝါမျိုးဖြစ်သည်ကို မည် သူမှ မသိကြရသေးပေ။

မကြာခဏဆိုသလို ထိုကဲ့သို့ လူအသေအပျောက် ရှိလာသောအခါ ဦးထန်ဖုန်းရှိန်က ၎င်း၏ရွာသူရွာသားများကို ထပ်မံခေါ်ယူ၍ သတိပေးရပြန်သည်။

"မင်းတို့ ငါပြောတဲ့စကားကို နားမထောင်ကြဘူး၊ မယုံ ကြည်လို့ ဖွတ်သွားတဲ့လူတွေ အသေဆိုးနဲ့ သေကြရတာ အမြင်ပဲ ဟုတ်လား၊ နောက်ကို ဒီတောထဲကို ငါ့အမိန့်မရဘဲနဲ့ ဘယ်သူမှ မသွားရဘူး၊ မင်းတို့ အပြင်သွားချင်ရင် တခြားလမ်းတွေက သွား ကြ"

ထိုသို့ပြောသော်လည်း တခြားလမ်းက သွားဖို့ရန်ကိစ္စမှာ ဘယ်လိုမှ မဖြစ်နိုင်သောကိစ္စဖြစ်သည်။

မြောက်ဘက်တွင် နံ့အိုင်ကြီးများ၊

အနောက်ဘက်တွင် တောင်မြင့်ကြီးများ၊

အရှေ့ဘက်တွင် ရွှံ့နွံထူထပ်လှသော မလိခမြစ်ကြီးက ဆီးတားထားသောကြောင့် လွယ်လွယ်ကူကူ သွား၍မရမှန်း အားလုံးသိကြသည်။

အကယ်၍ ထိုနေရာများမှ ခက်ခက်ခဲခဲ သွားလျှင်လည်း မြို့ရှိသောနေရာသို့ မရောက်နိုင်ပေ။

သို့ကြောင့် ထိုဘက်လမ်းများမှ သွားရမည့်ကိစ္စကို မည်သူကမှ မစဉ်းစားကြပေ။

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ ဆလိုင်း"

"ဒီကိစ္စကို နတ်ဆရာ ဇမုန်းထန်နဲ့လည်း မေးမြန်းကြည့်ရမယ်၊ ဒါမှ အဖြေသိရမယ်"

ဟု ပြောကာ နောက်တစ်နေ့တွင် နတ်ဆရာဇမုန်းထန်ရှိသောတဲသို့ သွားကြသည်။

၎င်းမှာ တောနှင့် မနီးမဝေးလှသောနေရာတွင် တဲတစ်လုံးနှင့် တစ်ယောက်တည်း နေသူဖြစ်သည်။

တဲ၏ထက်ဝက်ခန့်မှာ စင်မြင့်ကဲ့သို့ ဆောက်ထားပြီး ထိုအပေါ်မှာ အရုပ်မျိုးစုံ တင်ထားသည်။

၎င်းကတော့ ထိုအရုပ်များမှာ သက်ဆိုင်ရာနတ်ရုပ်များဖြစ်သည်ဟု ပြောသော်လည်း အမျိုးအမည်များကိုတော့ ခွဲခြားပြောဆိုခြင်းမရှိပေ။

ဇမုန်းထန်ကို နတ်များအကြောင်း သိရှိသာမက ပယောဂနှင့် သက်ဆိုင်သောရောဂါများကို ပျောက်ကင်းအောင် ကုသပေးနိုင်သူအဖြစ် တစ်ရွာလုံးက ယုံကြည်အားကိုးကြသည်။

ဇမုန်းထန်မှာ မူလာရှီးဒီရွာ စတင်ထူထောင်စကတည်းက ရှိနေသူဖြစ်ပြီး ဦးထန်ဖုန်းရှိန်နှင့်လည်း ခင်မင်ရင်းနှီးသူဖြစ်သည်။

မိုးမခတောတွင်းမှ မိစ္ဆာအကြောင်းကို သွားရောက်မေး



မြန်းသောအခါ ဇမုန်းထန်က သက်ဆိုင်ရာနတ်ရုပ်များကို ထုံးစံအတိုင်း ပူဇော်ပသပြီးနောက် ဤသို့ပြောလေသည်။

"တောစောင့်နတ်နဲ့တောင်စောင့်နတ်တွေက ပြောတယ်၊ အခု မိုးမခတောထဲမှာ ရောက်နေတဲ့ မိစ္ဆာကောင်ဟာ မိုးမခတောစောင့်နတ်ရဲ့လက်ပါးစေဖြစ်တဲ့ မိစ္ဆာတစ်ကောင်ပဲ"

"ဟင်. ."

ထိုစကားကြားသောအခါ အားလုံးမျက်လုံးပြူးသွားကြသည်။

"သူက သူ့ရဲ့ပိုင်နက်ထဲကို ဝင်လာရင် မကြိုက်ဘူး၊ ဒါကြောင့် ဝင်လာတဲ့လူမှန်သမျှ အသေဆိုးနဲ့ သေရတာပဲ"

"ဒါ. . ဒါဖြင့် ဘယ်လိုလုပ်ရမလဲဟင်"

"ဒီတောထဲကို ဘယ်သူမှ မဝင်ရအောင် စည်းတားထားရမယ်၊ နောက်ပြီး တစ်လတစ်ခါ သားကောင်ကို ယဇ်ပူဇော်ပြီး အစာကျွေးရမယ်၊

ရွာသားတွေအားလုံးလည်း ဒီနယ်မြေအနီးတဝိုက်မှာ ရှိတဲ့ ပရလောကသားတွေ၊ ဝိညာဉ်တွေကို ခေါ်ပြီး ခေါ်စာစားပွဲ ပြုလုပ်ပေးရမယ်"

"ခေါ်စာစားပွဲဆိုတာ ဘယ်လိုလုပ်ရမှာလဲ"

"နွားတစ်ကောင်ကို ယဇ်ပူဇော်သတ်ဖြတ်ပြီးရင် တစ်ပိုင်းကို တောစပ်က သတ်မှတ်ထားတဲ့နေရာတစ်ခုမှာ သွားပစ်ပေးရမယ်၊

ကျန်တဲ့တစ်ပိုင်းကို ချက်ပြုတ်ပြီး ရွာသူရွာသားတွေက ဝိညာဉ်တွေ ပရလောကသားတွေနဲ့အတူတူ ပျော်ပျော်ပါးပါး စားသောက်ကြရမယ်၊

ဒီလိုမှ မလုပ်ဘူးဆိုရင် မိစ္ဆာကောင်ကြီးက ရွာထဲအထိ ဝင်လာပြီး လူတွေကို ဖျက်ဆီးသတ်ဖြတ်လိမ့်မယ်"

နတ်ဆရာဇမုန်းထန်၏စကားသည် ကြောက်မက်ဖွယ် ရာ ကောင်းလှပေသည်။

သို့ကြောင့် သူပြောသည့်အတိုင်း အမြန်ဆုံး ပြုလုပ်ရန် ရွာသူရွာသားများက ဦးထန်ဖုန်းရှိန်အား ဝိုင်းဝန်းပြောကြလေ သည်။

ဇမုန်းထန် ပြောသည့်အတိုင်း နောက်ရက်များမှာတော့ မူလာရှီးဒီရွာနှင့် မိုးမခတောစပ်တွင် စည်းရိုးသဖွယ် နွယ်သုံးကြိုး တန်း တန်းကာ ကာရံလိုက်ကြသည်။

တောတွင်းပိုင်းမှာ ရှိသောနွယ်ကြိုး၌ အနက်ရောင် ပိတ်စအလံကလေးများ သဏ္ဍာန်ပြုလုပ်ကာ တန်းစီလျက် ချည် ထားလေသည်။

အလယ်ကြိုး၌မူ အနီရောင်အလံကလေးများ ချည်ထား ပြီး ရွာနှင့် အနီးဆုံးမှာ ရှိသော နွယ်ကြိုးတွင် အဝါရောင်အလံ ကလေးများ ချည်ထားသည်။

ရွာဘက်မှာ ရှိသော စည်းရိုးအနီး၌ အလံတိုင်တစ်တိုင် စိုက်ထူကာ အဖြူရောင်အလံတစ်ခု လွှင့်တင်ထားလေသည်။



လေတိုက်သောအခါ အလံများ၏ တဖျတ်ဖျတ် လွင့်နေ သောအသံများမှာ တိတ်ဆိတ်နေသော တောစပ်တဝိုက်မှာ ချောက်ခြားဖွယ်ရာဖြစ်နေသည်။

တကယ်တော့ ထိုစည်းကြိုးများမှာ မိုးမခတောနှင့် မူလာရှီးဒီရွာကို ခြားထားသော စည်းများဆိုက မမှားပေ။

ထိုသို့စည်းတားထားပြီးနောက်တွင် ရွာသူရွာသားများ က အကြောင်းကြီးငယ် မရှိဘဲ ထိုစည်းကြိုးများကို ကျော်ပြီး တောတွင်းသို့ မဝင်ကြတော့ပေ။

ထိုကဲ့သို့ စည်းကြိုးတားပြီးသောအခါ တောတွင်းမှ မိစ္ဆာ ကောင်အတွက် အစာကျွေးရန် ပြင်ရပြန်သည်။

နွားတစ်ကောင်ကို သတ်ဖြတ်ပြီး ပေါင်တစ်ချောင်းကို တောတွင်းမှ မိစ္ဆာကောင်အတွက် သွားပစ်ပေးရပြီး ကျန်တစ် ချောင်းကိုတော့ နတ်ပူဇော်ရန် နတ်ဆရာဇမုန်းထန်အိမ်သို့ ပို့ပေးရသည်။

ကျန်အသားများကို ချက်ပြုတ်၍ တစ်ရွာလုံး ဝိုင်းဖွဲ့စား သောက်ရန် စီစဉ်ကြလေသည်။

တောထဲမှ မိစ္ဆာကောင်အတွက် အသားပိုင်း သွားပစ် ပေးရသောနေရာကို ရွာ၏အနောက်ဘက် နွယ်စည်းများ ကာ ထားသောနေရာအတွင်းဘက်ရှိ ကျောက်တုံးကြီးတစ်တုံးအပေါ် သို့ ပစ်တင်ရန် ရွေးချယ်ထားသည်။

အမဲသားပိုင်း သွားပစ်ရန် ရွာသားလေးယောက်ကို ရွေး

ချယ်ထားသည်။

လေးယောက်စလုံး အနက်ရောင်ဝတ်ရုံရှည်ကြီးများ ဝတ်ဆင်ထားကာ မျက်နှာကို မမြင်နိုင်စေရန် မိုးကာအစွပ်ကဲ့သို့ ဦးခေါင်းအစွပ်ကြီးများကို စွပ်ထားကြသည်။

မှောင်ရီသမ်းစအချိန်တွင် လူလေးယောက်က အမဲသားပိုင်းကို ယူဆောင်ပြီးနောက် ကျောက်တုံးရှိရာသို့ သွားကြလေသည်။

စည်းရိုးအစပ်သို့ ရောက်သောအခါ လူနှစ်ယောက်က မလှမ်းမကမ်းနေရာမှာ ကျန်ခဲ့ပြီး ကျန်နှစ်ယောက်က နွားပေါင်ကြီးကို သယ်မ,ကာ ကျောက်တုံးကြီး ရှိရာ စည်းရိုးအနီးသို့ သွားကြလေသည်။

အချိန်မှာ နေဝင်ချိန်ဖြစ်သောကြောင့် ပတ်ဝန်းကျင်တစ်ဝိုက်မှာ အမှောင်ရိပ်များ ဖုံးလွှမ်းစပြုနေချေပြီ။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသော်လည်း လေတိုးသဖြင့် စည်းကြိုးတန်း၌ ချိတ်ဆွဲထားသော အလံကလေးများဆီမှ တဖျတ်ဖျတ် မြည်သံများက ချောက်ခြားဖွယ်ရာ ပေါ်ထွက်နေလေသည်။

လူနှစ်ယောက်က နွားပေါင်ကြီးကို တစ်ယောက်တစ်ဖက် ကိုင်ကာ အမှောင်ရိပ်သမ်းနေသော တောတွင်းဘက်သို့ အထိတ်တလန့် လှမ်းကြည့်နေကြသည်။

ထူးခြားသောအချက်မှာ တောအတွင်း၌ မည်သည့်





သတ္တဝါမှ မတွေ့ရဘဲ ငြိမ်သက်နေခြင်းပင်ဖြစ်၏။ လေက တစ်ချက်တစ်ချက် တိုးလိုက်ရာ ငြိမ်သက်နေသော သစ်ပင်ကြီးများက တညီတညာတည်း လှုပ်ရှားနေကြသည်။

ထိုအခိုက်မှာပင် တောတွင်းတစ်နေရာမှ ဟူးဟူးဝါးဝါး အော်သံကြီး ပေါ်ထွက်လာလေသည်။

"အူ. . . ဝူ. . . ဝူ. . ."

ထိုအော်သံကြားသောအခါ အမဲသားပိုင်းကို ကိုင်ထားသောလူနှစ်ယောက်မှာ အမဲသားပိုင်းပင် လွတ်ကျသွားလေတော့သည်။

ထိုအခါ နောက်မှ နှစ်ယောက်က ကြောက်ကြောက်လန့်လန့်နှင့် လှမ်းအော်ကြသည်။

"မြန်မြန်လုပ်ကြလေ"

ထိုအခါမှ လွတ်ကျသွားသော အမဲသားပိုင်းကို ပြန်ကောက်ယူပြီး တစ်ယောက်တစ်ဖက်စီ ကိုင်ကာ လက်လွှဲအားယူပြီးနောက် ကျောက်တုံးရှိရာသို့ လှမ်းပစ်တင်လိုက်ကြသည်။

"ဗုန်း. . ."

ကျောက်တုံးပေါ်သို့ အမဲသားတုံး ကျသွားသောအသံက တိတ်ဆိတ်နေသောပတ်ဝန်းကျင်၌ ကျယ်လောင်စွာ ပေါ်ထွက်သွားသည်။

လူလေးယောက်လည်း ကြောက်ကြောက်လန့်လန့်ဖြင့် ဤနေရာမှ ပြေးထွက်သွားကြလေသည်။

ထိုအချိန်တွင် ကြောက်မက်ဖွယ်ကောင်းသောအော်သံကြီးက တောစပ်နှင့် တဖြည်းဖြည်း နီးလာလေသည်။

အတန်ကြာသော် ကျောက်တုံးကြီးအနောက်ဘက်မှ လက်သည်းရှည်ကြီးများဖြင့် လူလက်နှင့် တူသော လက်ကြီးတစ်ဖက် ထွက်လာပြီး ကျောက်တုံးပေါ်မှ အမဲသားတုံးကို ဆွဲယူသွားလေတော့သည်။

ထို့နောက်မှာတော့ တောစပ်တစ်ခုလုံး ပြန်လည်တိတ်ဆိတ်သွားလေသည်။

မူလာရှိုးဒီရွာအလယ်မှာတော့ ရွာသူရွာသားများ စုဝေးကာ ခေါ်စာစားပွဲ ပြုလုပ်နေကြလေသည်။

ရွာအလယ်၌ ရှိသော ကွက်လပ်ကြီးတွင် ဝါးနှင့် သစ်သားပြားများကို အသုံးပြု၍ တန်းလျားနှင့် ထိုင်ရန် တန်းများ ပြုလုပ်ထားသည်။

တန်းလျားများအပေါ်မှာတော့ အင်ဖက်နှင့် ငှက်ပျောရွက်များ ခင်းကာ ထမင်းနှင့်ဟင်းများ ပုံထားလေသည်။ ရွာသူရွာသားများက တန်းလျားများအနီး၌ တန်းစီလျက် ရပ်နေကြသည်။

တန်းလျားထိပ်တစ်နေရာမှာတော့ နတ်ဆရာ ဇမုန်းထန်က ရပ်ကာ ရွာသူရွာသားများ ဘေးအန္တရာယ်မှ ကင်းဝေးကြစေရန် ဆုတောင်းပေးနေလေသည်။

ရွာသူရွာသားများကလည်း ခရစ်ယာန်ဘာသာဝင်များ



ဆုတောင်းမှုပြုသော ပုံသဏ္ဌာန်အတိုင်း ဆုတောင်းနေကြလေသည်။

ဆုတောင်းပြီးသောအခါ ထမင်းပွဲများ ခင်းထားသောတန်းလျားများပေါ်သို့ ဝင်ထိုင်ကာ ငြိမ်သက်စွာဖြင့် ရှိနေကြသည်။

ထိုအခိုက်မှာပင် နတ်ဆရာ ဇမုန်းထန်၏အသံကြီးက ...နှး၍ထွက်လာကြလေသည်။

"ဤအနီးပတ်ဝန်းကျင်မှာ ရှိနေကြသော ဝိညာဉ်အပေါင်းတို့၊ ပရလောကသားအပေါင်းတို့. . . ကျွန်ုပ်တို့နှင့်အတူ ခေါ်စာစားပွဲကို အတူတူ စားသောက်ရန် ကျွန်ုပ်က ဖိတ်ကြားအပ်ပါတယ်၊ သင်တို့သည် ကျွန်ုပ်တို့အား လာရောက်နှောင့်...က်နေသော မိစ္ဆာအန္တရာယ်များကိုလည်း ဖယ်ရှားပေးကြပါ...န်လော့"

ထိုသို့ပြောဆိုပြီးနောက် တန်းလျားပေါ်မှာ ချထားသော...မင်းနှင့်ဟင်းများကို ပျော်ရွှင်စွာဖြင့် စားသောက်ကြလေသည်။

ထိုသို့စားသောက်နေကြစဉ်မှာ တန်းလျားပေါ်မှာ ဖက်...းကို တစ်ဆက်တည်း ခင်းထားပြီး ထမင်းနှင့်ဟင်းများကို ...သား၍ လက်ရည်တစ်ပြင်တည်း ဝိုင်းဖွဲ့စားသောက်ကြလေ...သည်။

ထိုအချိန်မှာ တစ်ဦးနှင့်တစ်ဦးပျော်ရွှင်စွာ ပြောဆို ရယ်...နေကြသဖြင့် ကြောက်မက်ဖွယ်ရာကောင်းသော အန္တရာယ်

များကို မမှုပျောက်လျှက်ရှိနေကြသည်။ ထိုအချိန်မှာ လူများကြ
ထည့်မြဲ ဦးဘေး ပုံရိပ်သဏ္ဍာန်များ ဝင်ရောက်ကာ တန်းလျားပေ
မှာ ချထားသော အစားအသောက်များကို ဝင်ရောက်စာ
သောက်ကြသည်ကိုတော့ ရွာသားများ မသိလိုက်ကြတော့ပေ

ထမင်းနှင့်ဟင်းများမှာ ရွာသားများ စားသောက်သည်
ကုန်ခြင်းမျိုး မဟုတ်ဘဲ မမြင်ရသောလူများ ဝင်ရောက်စာ
သောက်သွားကြရာ ခဏချင်းမှာပင် ပြောင်သွားလေသည်။

"တန်းလျားပေါ်မှာ ချထားတဲ့ ထမင်းနဲ့ဟင်းတွေက
ငါတို့ စားလိုက်ရတာကနည်းနည်း၊ ကုန်တာ မြန်လှချည်လားဟ"

"ဟုတ်တယ်. . . ငါ့ဘေးမှာလည်း တစ်ယောက်
ယောက်က ဝင်ထိုင်ပြီးစားနေသလိုပဲ၊ လူတော့ မမြင်ရဘူး
ထမင်းနဲ့ဟင်းအပုံကတော့ ချက်ချင်းကုန်သွားတာ သတိပြုမိ
လိုက်တယ်"

ထိုအခါ နတ်ဆရာ ဇမ္ဗူန်းထန်က အားလုံးကြားအောင်
ပြောပြလေသည်။

"ဘာမှမကြောက်ကြနဲ့. . . ဘာမှမစိုးရိမ်ကြနဲ့၊ ခေါ်စာ
ကျွေးတယ်ဆိုတာ မမြင်ရတဲ့ပရလောကသားတွေ ဝိညာဉ်တွေ
ကို ခေါ်ပြီး အစာကျွေးတာပဲ၊ ဒီတော့ သူတို့ ရောက်လာပြီး
အစားအသောက်တွေ စားတာ၊ ဘာမှ ကြောက်စရာမရှိပါဘူး၊

သူတို့က ငါတို့ကို အနှောင့်အယှက်ပေးနေတဲ့မိစ္ဆာနဲ့
အန္တရာယ်တွေကို ရှင်းပေးလိမ့်မယ်"





ဟု ပြောသောအခါ အားလုံးကြောက်ရွံ့စိတ်များ ပြေ
ပျောက်သွားပြီး စိတ်သက်သာရာ ရသွားကြလေတော့သည်။

အချိန်ကလည်း ညဉ့်နက်ပိုင်းအချိန်သို့ ရောက်ခဲ့ပေပြီ။
ကောင်းကင်၌ လရောင်ရှိသော်လည်း နှင်းများ ကျနေသော
ကြောင့် လရောင်က ဝိုးတဝါးမျှသာ လင်းနိုင်ပေသည်။

ရွာနှင့် စည်းသုံးတန်ခြားထားသည့် အခြားတစ်ဖက်၌
ရှိသော မိုးမခတောတစ်ခုလုံးကတော့ ငြိမ်သက်လျက်ရှိနေချေ
သည်။





အခန်း(၄)

# နွံအိုင်တောအတွင်းမှ အန္တရာယ်များ

မူလာရှိုးဒီရွာ တည်ထောင်ခဲ့ပြီး နှစ်အတန်ကြာသော အခါ ရွာသူရွာသားအချို့က ရေကြည်ရာမြက်နုရာဆိုသကဲ့သို့ အခြားနေရာများ ရွှေ့ပြောင်းလိုကြသည်။ လီဆူနှင့် ရဝမ်တိုင်းရင်းသားများ၏ ပင်ကိုယ်သဘာဝမှာ တစ်နေရာတည်းမှာ အချိန်ကြာမြင့်စွာ မနေလိုဘဲ တစ်နေရာမှတစ်နေရာ လှည့်လည်သွားလာကြသော ဂျစ်ပစီ(Gypsy)လူမျိုးများနှင့် ဆင်တူလှသည်။ ၎င်းတို့တွင် ပစ္စည်းပစ္စယ သိပ်မရှိဘဲ စားအိုးစားခွက်၊ လက်နက်

ပစ္စည်းနှင့် အဝတ်အထည်အချို့ကိုသာ ထားသည်။ တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းသွားတတ်ကြပေသည်။

ဤနေရာတွင် ရဝမ်တိုင်းရင်းသားများနှင့် ပတ်သက်သောအချက်အလက်အချို့ကို ဖော်ပြပေးရန် ရှိပေသည်။

ရဝမ်တိုင်းရင်းသားတို့၏ရှေးအတိတ်ဘဝအကြောင်းနှင့် ပတ်သက်၍ နှုတ်ရာဇဝင်များသာလျှင် ရှိကြ၏။ ယခုအခါတွင် ထိုရာဇဝင်များကို ရှေ့မီနောက်မီ ရဝမ်လူကြီးအချို့သာ ပြောကြားနိုင်ကြတော့၍ လူငယ်ပိုင်းတွင်မူ မေ့ပျောက်စ ပြုနေပြီဟု သိရလေသည်။

၎င်းနှုတ်ရာဇဝင်များအရ ရဝမ်တိုင်းရင်းသားတို့သည် မဲခေါင်နှင့်သံလွင်မြစ်ဖျားများ၏ကြားဝယ် တည်ရှိသော "ရန်နုကလွန်" (Yan Nuklung)ခေါ် တောင်ကြီးတွင် စတင်ပေါက်ဖွားခဲ့ကြ၏။

ထို "ရန်နုကလွန်" ကို "ခဝခါဖူး" (Hka Wa Hkar Hpu) ဟုလည်း ခေါ်ဝေါ်ကြ၍ ထိုဒေသမှ ရဝမ်တိုင်းရင်းသားများအပြင် ဂျင်းဖော၊ တိဗက်၊ တရုတ် စသည့် အခြားလူမျိုးများလည်း ပေါက်ဖွားဆင်းသက်လာကြသည်ဟု ဆိုပါသည်။

ဤရဝမ်တိုင်းရင်းသားတို့ မွေးဖွားရာဌာနေ(Ancestral Home)ဟု အယူရှိကြသော "ရန်နုကလွန်" တောင်ကြီးကို တရုတ်ပြည်တွင်းရှိ "လွန်းငွေးရာဇီ" တောင်ပေါ်မှ လှမ်း၍မြင်နိုင်သည်ဟု ပြောကြ၏။





ရဝမ်တိုင်းရင်းသားတို့သည် 'ရန်နုကလွန်' တောင်မပေါ် တောင်ဘက်သို့ ဆင်းသက်လာကြပြီး ရှေးသားစဉ်မြေးဆက် ဆက်ကိုးဆက်ခန့်က မြန်မာပြည်အတွင်းသို့ အရှေ့ဘက်မှ ဝင်ရောက်နေထိုင်ကြသည်ဟု ဆိုသည်မှာ လွန်ခဲ့သောနှစ်ပေါင်း ၃၀၀၀)ခန့် (၁၁ ရာစုနှစ်) အချိန်က ဖြစ်မည်ဟု ခန့်မှန်းရလေသည်။

ထိုသို့ မြန်မာပြည်အတွင်းသို့ ဝင်ရောက်လာကြရာတွင် ယင်းတို့၏နှုတ်ရာဇဝင်အရ အောက်ဖော်ပြပါ လမ်းကြောင်းကြီး သုံးကြောင်းအတိုင်း ဝင်ရောက်လာကြသည်ဟု သိရလေသည်။

ပထမလမ်းကြောင်းမှာ သံလွင်မြစ်ဝှမ်းမှ ယူရုံတောင်ကြားကို ကျော်ဖြတ်ကာ တရုံမြစ်ဝှမ်းတွင်းရှိ မခွန်ဒမ်းဒေသတွင် ပထမအလုံးအရင်းနှင့် နေထိုင်ကြပြီးနောက် ထိုမှတဆင့် မေခမြစ်ဝှမ်းအတွင်း ဆင်းသက်နေထိုင်လာခဲ့ခြင်းဖြစ်သည်။

"ရန်နုကလွန်" တောင်ကြီးမှ ပြောင်းရွှေ့လာကြပြီးသည့်နောက်တွင် ဤ 'မခွန်ဒမ်း' အခြေခံစခန်းတစ်ခုကဲ့သို့ဖြစ်ခဲ့သည်။

ထိုဒေသတွင် ရဝမ်တိုင်းရင်းသားများ အလုံးအရင်းနှင့် နေထိုင်ခဲ့ကြပြီးနောက်မှ ထလု၊ အကူဖိုင်၊ ဒရူ၊ ဇယ်ဝမ် စသည့် ရဝမ်အမျိုးအနွယ်များက တရုံမြစ်ဝှမ်းအရှေ့ဘက်သို့လည်းကောင်း၊ တန်ဆာ၊ ရမွန်၊ ရခွေ စသည့် အခြားရဝမ်အမျိုးအနွယ်များက တောင်ဘက်ဆီသို့လည်းကောင်း လမ်းခွဲ၍ ဆင်းသက်သွားခဲ့ကြ၏။

ဒုတိယလမ်းကြောင်းမှာ အထက်ပါ မခွန်ဒမ်းအင်
စခန်းမှ တောင်ဘက်သို့ ခွဲခွာ၍ ဆင်းသက်လာကြသော ရ
တိုင်းရင်းသားတို့သည် 'ဘဇစ်လခါး' တောင်ကြားကို ကျော်ဖြ
၍ အာကျွန်မြစ်ဝှမ်းဒေသအတွင်းသို့ ဆင်းသက်၍ နေထိုင်
ကြခြင်းဖြစ်သည်။

တတိယလမ်းကြောင်းမှာ မတ်ဝမ်(Matwang)
ရဝမ်အမျိုးအနွယ်တစ်မျိုးကမူ 'ရန်နူကလွန်' မှ သံလွင်မြစ်ဝှ
အတိုင်း တိုက်ရိုက်ဆင်းသက်လာကြပြီး 'ဆင်ခေါင်ချက်'
မဟုတ် 'ငချက်ဝ' ခေါ် တောင်ကြားလမ်းနှင့် 'ရှဖဲတရာ' တော
ကြားများကို ဖြတ်ကျော်၍ အာမတ်မြစ်ဝှမ်းဒေသသို့ ဝင်ရော
လာခဲ့ကြသည့်လမ်းကြောင်းဖြစ်သည်။

ဤနွတ်ရာဇဝင်အရပင် ရဝမ်တိုင်းသားတို့သည် ပူတ
အိုနယ်အတွင်းရှိ လက်ရှိဒေသများသို့ အရင်ဆုံး ရောက်နှင့်သေ
လူမျိုးဖြစ်သည်ဟု ဆိုကြလေသည်။

ရှေးအခါက တရုံနှင့် မေခမြစ်ဝှမ်းဒေသများတွင် န
ထိုင်ခဲ့ဖူးသော အကူပိုင်းနှင့် ဒရူအမျိုးများသည် ပထမ ပူတာ
လွင်ပြင်ဒေသသို့ ပြောင်းရွှေ့ခဲ့ကြပြီး တချို့က အနောက်ဘက်
ချောင်ကန်တောင်ကြားကို ဖြတ်ကျော်၍ အာသံပြည်အတွင်း
အထိ ဝင်ရောက်နေထိုင်ခဲ့ကြသည်။

အာသံပြည်တွင်း ရောက်သွားသော ရဝမ်တိုင်းရင်းသာ
တို့မှာ ယခုအခါတွင် မိမိတို့အမျိုးဓလေ့ထုံးစံများနှင့် ဘာသာ





စကားများကိုပါ မေ့ပျောက်သွားကြပြီဟု ဆိုပါသည်။

အချို့ရဝမ်တိုင်းရင်းသားများသည် တောင်ဘက် ဆွန်
ရောဘွမ်ဒေသသို့ ဆင်းသက်ကြပြီး ထိုမှ 'ဒရူမချက်' ခေါ်
တောင်ကြားကို ဖြတ်ကျော်ကာ ဟူးကောင်းတောင်ကြားဒေသ
တွင် နေထိုင်ခဲ့ကြ၏။

ထိုရဝမ်များလည်း ယခုအခါတွင် ဂျိန်းဖောတိုင်းရင်း
သားများနှင့် နှစ်ပေါင်းများစွာ ရောနှောနေထိုင်မှုကြောင့် မိမိတို့
ဘာသာစကားကို မေ့ပျောက်ကာ ဂျိန်းဖောစကားကိုပင် ပြော
နေကြ၍ ၎င်းတို့အား 'ပြည်ရှား'(Phi Sha)အမျိုးဟု ခေါ်ဝေါ်
ကြောင်း သိရလေသည်။

အထက်ဖော်ပြပါ နွတ်ရာဇဝင်တွင် ပါသော အချက်
အလက်များကို အထောက်အထားပြု၍ ရဝမ်တိုင်းရင်းသားတို့
သည် တိဗက်-ဗမာလူမျိုးတို့၏ ပေါက်ဖွားရာ အလယ်ပိုင်း မွန်ဂို
လီယံ ကုန်းမြင့်ဒေသများမှ သံလွင်မြစ်ဝှမ်းအတိုင်း ဆင်းသက်
လာကြကာ အချို့အမျိုးအနွယ်များက အနောက်ဘက်သို့ ခွဲ၍
တရုံမြစ်ဝှမ်းအတွင်းသို့ ဝင်ရောက်နေထိုင်ခဲ့ကြသည်။

အချို့ကမူ တောင်ဘက်သို့ ဆက်လက်ဆင်းသွားကြ၍
ကနဦးတွင် သံလွင်မြစ်ဝှမ်းအတွင်းသို့ ဝင်ရောက်နေထိုင်ကြရာမှ
နောင်တွင် နောက်မှ ရောက်လာသော အင်အားကြီးမားသည့်
လီဆူးတိုင်းရင်းသားတို့ကြောင့် မြန်မာပြည်အတွင်းသို့ ဝင်ရောက်
နေထိုင်လာကြသည်ဟု ယုံကြည်ရပါ၏။

(၁၉၁၀)ခုနှစ် ဗြိတိသျှအုပ်ချုပ်ရေးအဖွဲ့ ပူတာအိုနယ်သို့ ပထမဆုံးအကြိမ် သွားရောက်ခဲ့စဉ်က မလိခနှင့် မေခမြစ်ဝှမ်း ဒေသများရှိ ရဝမ်များစွာတို့သည် လီဆူးများထံသို့ ပဏ္ဏာကြေး (Tribute)များ ပေးနေရသည်ကို တွေ့ကြရလေသည်။

ထို့ကြောင့် ရဝမ်တို့သည် မူလက သံလွင်မြစ်ဝှမ်းတွင် နေထိုင်ခဲ့ကြရာမှ လီဆူးတို့၏အင်အားကို မခံနိုင်ကြ၍ မြန်မာပြည်အတွင်းသို့ ပြောင်းရွှေ့လာကြရာတွင် လီဆူတိုင်းရင်းသားတို့ကလည်း နောက်မှ လိုက်၍ပြောင်းရွှေ့လာကြသည်ဟု ဂျေတီအိုးဘားနဒ်(J.T.O.Barnard)က ယူဆခဲ့ပါသည်။

ဗြိတိသျှအုပ်ချုပ်ရေး ပူတာအိုနယ်သို့ ပထမဆုံး ရောက်ရှိလာသောအချိန်အထိ အထက်ပါလူမျိုးနှစ်မျိုးတို့မှာ ဖော်ပြခဲ့သလို တစ်ဦးနောက် တစ်ဦးလိုက်၍ ရွှေ့ပြောင်းနေကြဆဲဖြစ်ရာ ၎င်းဒေသများတွင် အုပ်ချုပ်ရေး အတည်တကျ မရောက်ရှိခဲ့ပါမူ ရှေ့တွင် မည်ကဲ့သို့ အခြေအနေရောက်မည်ကို မခန့်မှန်းနိုင်ပေ။

အထက်ဖော်ပြပါအတိုင်း ရဝမ်တိုင်းရင်းသားတို့၏ နှုတ်ရာဇဝင်အရသာ ၎င်းတို့မြန်မာပြည်အတွင်း ဝင်ရောက်နေထိုင်သောအချိန်ကို ခန့်မှန်းနိုင်၏။

သို့သော် ရဝမ်တိုင်းရင်းသားတို့သည် ဗမာ၊ မရူ(လောင်ဝေါ်)၊ လရှီ(လာချိဒ်)၊ အဇီး အစရှိသော အခြားဗမာနှင့် ရှေးဗမာအဆက်အနွယ်ဝင်လူမျိုးတို့ထဲတွင် မြန်မာပြည်အတွင်းသို့ အချိန်အားဖြင့် နောက်အကျဆုံး ဝင်ရောက်နေထိုင်လာကြသည်ဖြစ်





သည့်အပြင် ၎င်းအမျိုးအနွယ်များထဲတွင် မြောက်ဘက်စွန်းအကျဆုံးဒေသ၌ နေထိုင်ကြသောလူမျိုးများဖြစ်ကြသည်ဟူသော အချက်များမှာမူ ယုံမှားဖွယ်ရာမရှိဟု ယူဆရလေသည်။

ရဝမ်တိုင်းရင်းသားများအား အခြားတိုင်းရင်းသားများက နာမည်အမျိုးမျိုးနှင့် ခေါ်ဝေါ်အသုံးပြုလျက်ရှိနေကြသည်ကို တွေ့ရလေသည်။

ခန္တီးရှမ်းများက ၎င်းတို့အား 'ခနုံ'(Hkanung) ဟု ခေါ်ကြ၍ ဂျိန်းဖောတိုင်းရင်းသားများက 'နုံ'(Nung) ဟု ခေါ်ဝေါ်ကာ တရုတ်လူမျိုးများက 'ချူ'(Chu) သို့မဟုတ် 'ချူဇာ' (Chudzer)ဟု ခေါ်ဝေါ်ကြ၏။

(၁၉၁၀)ခုနှစ်၌ ဗြိတိသျှတို့သည် ပူတာအိုနယ်အား ၎င်းတို့၏အုပ်ချုပ်ရေးလက်အောက်သို့ သိမ်းသွင်းရန် ပထမဆုံးအကြိမ် လာရောက်ခဲ့စဉ်က ရဝမ်တိုင်းရင်းသားတို့နှင့် တွေ့ဆုံဆက်သွယ်မိကြရာ ထိုအခါက ရဝမ်တိုင်းရင်းသားတို့အား ခန္တီးရှမ်းတိုင်းရင်းသားတို့က ခေါ်ဝေါ်နေကြသော 'ခနုံ'(Hkanung) ဟူသော အခေါ်အဝေါ်နှင့် သိရှိခဲ့ကြလေသည်။

(၁၉၁၁-၁၂)ခုနှစ် ဒုတိယအကြိမ် ဗြိတိသျှအုပ်ချုပ်ရေးအဖွဲ့ ပူတာအိုနယ်တွင်းသို့ လာရောက်ခဲ့သောအခါ၌မူ ရဝမ်တိုင်းရင်းသားတို့အား ဂျိန်းဖောတို့က ခေါ်ဝေါ်လျက်ရှိနေကြသော 'နုံ' (Nung) ဟူသောအမည်နှင့်ပင် ခေါ်ဝေါ်အသုံးပြုရန် သတ်မှတ်ခဲ့သည်ကို တွေ့ရလေသည်။

ထိုစဉ်အခါက ဗြိတိသျှတို့သည် 'လောင်ဝေါ်' (Lawng Waw)တို့အား 'မရူ'(Maru) ဟူ၍လည်းကောင်း၊ လီဆူးတို့အား 'ယောယင်'(Yaw Yin) ဟူ၍လည်းကောင်း ဂျိန်းဖောတို့ ခေါ်ဝေါ်အသုံးပြုသည့်အတိုင်းပင် လက်ခံအသုံးပြုနေသည်ဖြစ်ရာ ယခု ရဝမ်တိုင်းရင်းတို့အားလည်း ဂျိန်းဖောတို့၏ 'နုံ' ဟူသော အခေါ်အဝေါ်အတိုင်း လက်ခံအသုံးပြုရန် သတ်မှတ်ခဲ့ခြင်းဖြစ်လေသည်။

ထို့ကြောင့်ပင် ဗြိတိသျှအရာရှိများ ရေးသားထားသော စာအုပ်စာတမ်းများနှင့် ရုံးအသုံးအနှုန်းများတွင် ဤ 'နုံ' ဟူသော အခေါ်အဝေါ်နှင့်သာ အသိအမှတ်ပြုထားသည်ကို တွေ့နိုင်လေသည်။

'နုံ' နှင့် 'ခနုံ' ဟူသောအခေါ်အဝေါ်များမှာလည်း 'ရိုင်းစိုင်းသည်' ဟု အဓိပ္ပါယ်ရသည့် တိဗက်စကား 'ဂျွန်း' (Djung)မှ ဆင်းသက်လာဟန်တူသည်ဟု အချို့အင်္ဂလိပ်စာရေးဆရာများက အယူရှိကြပါသည်။

အထက်ပါ 'နုံ' နှင့် 'ခနုံ' စသော အခေါ်အဝေါ်များမှာ ၎င်းတို့အား နှိမ့်ချခေါ်ဝေါ်သလိုဖြစ်နေသောကြောင့် ယခုအချိန်တွင် နိုးကြားလာပြီဖြစ်သော ရဝမ်တိုင်းရင်းသားတို့က လုံးဝမနှစ်သက်ကြပေ။

ထို့ကြောင့် ယခုအခါတွင် ၎င်းတို့၏အမျိုးသားစည်းလုံးရေးကို ရည်ရွယ်ကာ ဘာသာစကားအားဖြင့် အနည်းနှင့်အများ





ကွဲပြားခြားနားသော အမျိုးအနွယ်ပေါင်းများစွာ ရှိနေသည့် ၎င်းတို့လူမျိုးအားလုံးအား ခြုံ၍ 'ရဝမ်တိုင်းရင်းသား' (Rawang) ဟု ခေါ်ဝေါ်အသုံးပြုလျက် နေကြပြီဖြစ်လေသည်။

'ရဝမ်' ဟူသောစကားမှာလည်း ၎င်းတို့ဘာသာအားဖြင့် 'စိမ်းစင်သောအဝတ်အစားများကို ဝတ်ဆင်သောလူမျိုး' ဟု အဓိပ္ပါယ်ရကြောင်း သိရပါ၏။

တစ်ဖန် ရဝမ်ခေါင်းဆောင်လူကြီးများက 'နုံ' သို့မဟုတ် 'ခနုံ' ဟူသောအခေါ်အဝေါ်များမှာ 'ဂနိုင်' (Ganing)ဟူသော အခေါ်အဝေါ်ကို အခြားတိုင်းရင်းသားများက အသံပီသအောင် မဆိုတတ်၍ ဖြစ်ပေါ်လာရခြင်းဖြစ်သည်ဟု ပြောပြကြ၏။

'ဂနိုင်' ဟူသောအခေါ်အဝေါ်မှာလည်း ရဝမ်တိုင်းရင်းသားတို့က မိမိတို့ကိုယ်ကိုမိမိတို့ ခေါ်ဝေါ်သော နာမည်တစ်မျိုးဖြစ်၍ 'ရဝမ်' သို့မဟုတ် 'ဂနိုင်' နှင့် 'ရဝမ်' ကို ဒွန်တွဲလျက် 'ဂနိုင်ရဝမ်' (Ganing Rawang)ဟူ၍လည်း ခေါ်ဝေါ်အသုံးပြုတတ်ကြသည်ဟု ဆိုကြပါသည်။

ထို့ကြောင့် ရဝမ်ခေါင်းဆောင်များက 'ခနုံ' ဟု ခေါ်ခြင်းမှာ လက်ဦးမှာ 'ခွန်းနုံ' ဟု ခေါ်ခြင်းမှ ဆင်းသက်လာ၍ 'ခနုံ' ဖြစ်လာသည်ဟု ဆိုကြပြန်သည်။

ခန္တီးရှမ်းဘာသာအားဖြင့် 'ခွန်း' မှာ 'သခင်'၊ 'နုံ' မှာ 'ဝတ်ဆင်ခြင်း' ဖြစ်သည်။

"သခင်ကဲ့သို့ ဝတ်ဆင်သောသူများ" ဟု အဓိပ္ပါယ်

ရသည်ဟု ဆိုကြပါသည်။

တစ်ကြိမ်တစ်ခါက ခန္တီးဒေသကို ဩဇာလွှမ်းမိုးခဲ့သော တိဗက်တိုင်းရင်းသားများသည် ဝတ်ရုံအင်္ကျီရှည်ကြီးများ ဝတ်လာသလို ရဝမ်တိုင်းရင်းသားများသည်လည်း အင်္ကျီရှည်ကြီးများကို ဝတ်ဆင်လာသောအခါ 'ခွန်းနုံ' ဟု ခေါ်ခြင်းဖြစ်ကြောင်း ရှင်းပြကြ၏။ ယခုမူ 'နုံ၊ ခနုံ' စသည့် အခေါ်အဝေါ်များကို ပယ်ဖျက်ကာ 'ရဝမ်' ဟူသောနာမည်ကိုသာ အသိအမှတ်ပြု သုံးစွဲကြသည်။

မူလာရှီးဒီရွာမှာ ရဝမ်လူမျိုးများစွာ နေထိုင်ကြသော်လည်း လီဆူးတိုင်းရင်းသားများလည်း ရောထွေးနေထိုင်ကြလေသည်။

၎င်းတို့မှာ တစ်နေရာတည်း၌ အခြေတကျ အချိန်အကြာကြီး မနေနိုင်ကြဘဲ တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းနေထိုင်ကြလိုသောဉာဉ် ရှိကြသဖြင့် ယခုကဲ့သို့ အခြားအရပ်ဒေသများသို့ ရွှေ့ပြောင်းခွင့်မရဘဲ နေရသောအခါ မနေလိုကြပေ။

သို့ကြောင့် ဦးထန်ဖုန်းရှိန်က အဘယ်မျှပင် တားဆီးပိတ်ပင်ထားစေကာမူ အခြားအရပ်ဒေသသို့ ရွှေ့ပြောင်းရန် ပြင်ကြလေသည်။

ဦးစွာ ရဝမ်လူမျိုး ရီဒမ်ဆိုသူ ဦးဆောင်သော ဆွေမျိုးတစ်စုသည် မူလာရှီးဒီရွာမှ အခြားသို့ ရွှေ့ပြောင်းရန် ပြင်ကြလေ





သည်။

ဦးထန်ဖုန်းရှိန်က ပြောသည်။

"မင်းတို့ သွားမယ်ဆိုရင်လည်း ငါမတားပါဘူး၊ ဒါပေမယ့် မိုးမခတောထဲက မသွားဘဲ တခြားလမ်းက သွားဖို့တော့ မှာလိုက်ပါရစေ"

ထိုအခါ ရီဒမ်တို့အဖွဲ့မှာ မြောက်ဘက်အရပ်သို့ ဦးတည်ကာ သွားကြလေသည်။

၎င်းတို့ရည်ရွယ်ချက်မှာ မြောက်ဘက်၌ ကာဆီးနေသော နွံအိုင်နှင့် ကိုင်းတောများကို ကျော်ဖြတ်ကာ ခါကာဘိုရာဇီတောင်ခြေအထိ အရောက်သွားရန်ပင်ဖြစ်သည်။

မူလာရှီးဒီရွာမှ ထွက်ပြီး မြောက်ဘက်သို့ ဦးတည်၍ သွားကြရာ တောင်ကုန်းနှင့်သစ်တောအချို့ကို ကျော်ဖြတ်လိုက်သောအခါ အဝေး၌ မြကမ္ဘလာချပ်ကြီးကို ဖြန့်ခင်းထားသကဲ့သို့ ကျယ်ပြောလှသည့် ကိုင်းတောကြီးများ ရှိရာသို့ ရောက်သွားလေသည်။

သူတို့အဖွဲ့မှာ မြောက်ဘက်အရပ်သို့ ဦးတည်သွားကြမည်ဆိုပါက ထိုကိုင်းတောကြီးများကို မကျော်ဖြတ်ဘဲ သွား၍မရပေ။

ရီဒမ်တို့အဖွဲ့မှာ ယောကျ်ားသုံးယောက်နှင့် မိန်းမနှစ်ယောက်အပြင် ကလေးနှစ်ယောက်လည်း ပါလေသည်။

ကိုင်းတောကြီးမှာ လူ့တစ်ရပ်ကျော် နှစ်ရပ်နီးပါး မြင့်ရှိ

မက အပင်အရွယ်အစားကလည်း ကြံပင်အလုံးများလောက်ရှိပြီး တုတ်ခိုင်ကြီးမားလှသည်။

အရွက်များမှာလည်း ကြီးမားရှည်လျားလှပြီး ဓါးသွား လွှသွားပမာ ထက်လှပေသည်။

ထိုလိုက်တာနှင့် ဓါးသွားဖြင့် မွှန်းလိုက်သကဲ့သို့ ပြတ်ရှသွားနိုင်သည်။

"ငါတို့ ဒီကိုင်းတောထဲက ဖြတ်သွားရမှာလား"

"ဟုတ်တယ်"

"ဖြစ်ပါ့မလား. . . တခြားလမ်းက သွားလို့မရဘူးလား"

"မရဘူး. . . ဒီတစ်လမ်းပဲ ရှိတယ်"

"ကိုင်းတောကြီးက အကြီးကြီးရယ်၊ နောက်ပြီး ကျယ်လည်း ကျယ်တယ်. . . ဖြစ်ပါ့မလား၊ တော်ကြာ ကိုင်းတောထဲမှာတင် မျက်စိလည်ပြီး ပြန်မထွက်နိုင်ရင် ဘယ်လိုလုပ်မလဲ"

"အခုမှတော့ ဒီလမ်းကပဲ ဖြတ်ရမှာပဲ၊ ရွာပြန်သွားရင်လည်း ဦးထန်ဖုန်းရှိန်က လက်ခံချင်မှာ မဟုတ်တော့ဘူး"

ဟု ပြောဆိုကာ လူကြီးငါးယောက်နှင့် ကလေးနှစ်ယောက် စုစုပေါင်းခုနစ်ယောက်တို့မှာ ကျယ်ပြန့်လှသည့် ကိုင်းတောကြီးအတွင်းမှ စတင်ဖြတ်သန်းကြလေသည်။

သူတို့အဖွဲ့ကို ရီဒမ်က ခေါင်းဆောင်ပြီး ၎င်းမှာ တောလိုက်ကျွမ်းကျင်သူဖြစ်သည်။

ကိုင်းတောအတွင်းသို့ ရောက်သောအခါ အခြားပတ်





ဝန်းကျင်ကို မမြင်နိုင်တော့ပေ။

ကြည့်လေရာမြင်လေရာ ကိုင်းပင်များချည်း ဖြစ်နေသည်။ အချို့နေရာများတွင် လူတစ်ယောက် သွားသာရုံလမ်းများ ရှိနေပြီး အချို့နေရာမှာ မရှိပေ။

မရှိသောနေရာများမှာ ကိုင်းပင်များကို ဓါးဖြင့် ခုတ်ထွင်ရှင်းလင်းကာ သွားကြရသည်။

ရီဒမ်က တောလိုက်ကျွမ်းကျင်သောကြောင့် ကိုင်းတောထဲသို့ မဝင်ခင်ကတည်းက နေထွက်ရာလမ်းကြောင်းကို ကြည့်၍မှတ်သားသည်။

ရာသီအလိုက် လေတိုက်သဖြင့် ကိုင်းပင်များ ယိမ်းနေပုံကို ကြည့်သည်။

ဆောင်းရာသီတွင် မြောက်လေတိုက်ခတ်သောကြောင့် ကိုင်းပင်များက တောင်ဘက်သို့ ယိမ်းသည်။

မိုးရာသီတွင် တောင်လေတိုက်သဖြင့် ကိုင်းတောက မြောက်ဘက်သို့ ယိမ်းသည်။

မိုးကုန်ကာနီးရာသီတွင် အရှေ့လေ တိုက်ပြီး မိုးရာသီရောက်တော့မည့်အချိန် ရောက်လျှင် အနောက်ဘက်လေ အတိုက်များသည်။

တစ်ခါတစ်ရံ ရာသီဥတု ဖောက်ပြန်သောကြောင့် လေကြောင်းများ ပြောင်းလဲလေ့ရှိသော်လည်း အများအားဖြင့်တော့ ရာသီလေသည် ပုံမှန်အတိုင်းသာ တိုက်ခတ်လေ့ရှိသည်။

ယခု မိုးဦးကျရာသီဖြစ်သောကြောင့် တောင်လေက မှန်မှန်တိုက်ခတ်နေသောကြောင့် ကိုင်းပင်များက မြောက်ဘက် သို့ အရွက်ဖျားများ ကိုင်းညွှတ်နေလေသည်။

ရှိဒမ်က ဂုင်းတို့၏ခရီးစဉ်မှာ မြောက်ဘက်သို့ သွားရ မည်ဖြစ်သဖြင့် ကိုင်းပင်ဖျားများ ကိုင်းညွှတ်ရာဘက်သို့ ကြည့် ကာ သွားလေသည်။

သို့သော်လည်း ကိုင်းတောတွင်း ရောက်သောအခါ ဦးစွာတွေ့ရသောအန္တရာယ်မှာ ခြင်၊ ဖြုတ်နှင့် ယင်မမည်းရိုင်းကြီး များ၏အုပ်စုလိုက် ကိုက်ခဲမှုများကို ခံကြရသည်။

သို့ထက် ပိုဆိုးသည်က နွံအိုင်တောထဲမှ တက်လာသော ကျွတ်ကောင်များပင်ဖြစ်သည်။

ကျွတ်ကောင်များမှာ အကောင်အရွယ်အစား သေးငယ် သော်လည်း တွယ်ကပ်မိလျှင် မခွာတော့ပေ။

သွေးစုပ်ပြီး ဝတော့မှ ကွာကျသွားလေသည်။

နွံအိုင်မှာ ကိုင်းတောအတွင်း၌ အပြည့်ရှိနေလေသည်။

အချို့နေရာများမှာ ခြေခုံမြုပ်ရုံလောက်သာ ရှိသော် လည်း အချို့နေရာများမှာတော့ ဒူးဆစ်အထိ နက်လေသည်။ ထိုနေရာမျိုး ရောက်လျှင် လမ်းသွားရသည်မှာ ခရီးမတွင်တော့ ပေ။

ထိုနေရာမျိုး ရောက်ပါက ကျွတ်ကောင်များကလည်း ပိုများလာလေတော့သည်။





ကိုင်းတောထဲ ရောက်ပြီး သိပ်မကြာခင်မှာပင် မမျှော် ...ဘဲ မိုးရွာချလာသည်။

မိုးရေများသောကြောင့် ကိုင်းတောအတွင်းမှာ ရေတက် ...သည်။ နေ၏အလင်းရောင်ကို ကြည့်ပြီး သွားနေသော ရှိဒမ် ...ည်း ခန့်မှန်းရ ခက်သွားတော့သည်။

နောက်ဆုံးမှာတော့ သူတို့အဖွဲ့မှာ ကိုင်းတောကြီး ...တွင်းမှာ မျက်စိလည်သွားကြလေတော့သည်။

ထိုအချိန်မှစပြီး မူလာရှိုးဒီရွာမှ ထွက်သွားကြသော ရှိဒမ် ...င်းဆောင်သော ရဝမ်မိသားစု၏ သတင်းအစအနကိုမျှ ...ကြားကြရတော့ပေ။





အခန်း(၅)

# လူရှူးသော်လည်း အချစ်မရှူးသောသူ

ဦးထန်ဖုန်းရှိန်မှာ (၁၉၃၂)ခုနှစ်ဝန်းကျင်လောက်ကတည်းက သာသနာပြုဆရာ မစ္စတာဂျိုးဇက်နှင့် အတူပါလာသူဖြစ်ပြီး နောက်ပိုင်း မစ္စတာဂျိုးဇက်က နိုင်ငံခြားသို့ ပြန်သွားသောအခါ ခရစ်ယာန်သာသနာပြုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန် ၎င်းတို့ ထူထောင်ထားသော မူလာရှိုးဒီရွာကို ပျက်စီးစေဘဲ တိုးပွားအောင် ဆောင်ရွက်ရန် ဂျိုးဇက်က ဦးထန်ဖုန်းရှိန်အား တာဝန်ပေးခဲ့လေသည်။

ဦးထန်ဖုန်းရှိန်အနေနှင့်လည်း ဝင်းကျူးလွန်ခဲ့သော ပြစ်မှုတစ်ခု ရှိနေသည်ကတစ်ကြောင်း၊ သူကိုယ်တိုင်ကလည်း ထိုရွာမှာ နေရသည်ကို ပျော်မွေ့နေပြီဖြစ်သောကြောင့် စိတ်နှလုံး ခုံးခုံးချကာ နေထိုင်ခဲ့လေသည်။

နောက်ပိုင်းမှာတော့ ခန္တီးရှမ်းသွေးပါသူ ဒေါ်နန်း ကြည်နှင့် လက်ထပ်ကာ သူ့ဘဝကို အခြေတကျ ဖြစ်စေရေး ကြိုးပမ်းခဲ့သည်။

နှစ်ပေါင်းအတန်ငယ်ကြာလာသောအခါ သမီးနှစ် ယောက် မွေးဖွားခဲ့ရာ ယခုဆိုလျှင် အကြီးမက (၂၅)နှစ်အရွယ် ရှိပြီး အငယ်မက အသက်(၂၀)ဝန်းကျင်ရှိနေပေပြီ။

အကြီးမနာမည်ကို 'နန်းရွှေရည်' ဟု ပေးထားပြီး အငယ်မကိုတော့ 'နန်းသူဇာ' ဟု ပေးထားလေသည်။

ညီအစ်မနှစ်ယောက်မှာ ကံအကျိုးပေး မတူသော ကြောင့် ရုပ်ရည်သွင်ပြင်ချင်းကလည်း မတူကြပေ။

နန်းရွှေရည်က အသားညိုညိုနှင့် ရုပ်ရည်အနည်းငယ် ကြမ်းပြီး အငယ်မ နန်းသူဇာကတော့ အသားဖြူဖြူနှင့် ရုပ်ရည် ချောမောသူဖြစ်၏။

သို့သော် နန်းသူဇာက မျက်စိမမြင်ရှာပေ။

မျက်စိမမြင်သော်လည်း သူမက အာရုံခံစိုက်မှု ကောင်း လေသည်။

သူမ သွားလိုသောနေရာများကို အဖော်မပါဘဲ တစ်





ယောက်တည်း သွားလာနိုင်သူဖြစ်သည်။

မမြင်ရသော တစ်စုံတစ်ယောက်က နံဘေးမှ ပြောပြနေ သကဲ့သို့ ဘာပဲလုပ်လုပ် အခက်အခဲ မရှိနိုင်ပေ။

အချို့ဆိုလျှင် သူမက မျက်စိမမြင်ဟု ပြောသည်ပင် ယုံကြည်ကြပေ။

"ဒီကလေးမက မျက်စိမမြင်ဘူး ပြောတယ်၊ သူ့ကြည့်ရ တော့လည်း မျက်စိမြင်ရတဲ့လူတစ်ယောက်လိုပဲ သူသွားချင်တဲ့ နေရာကို တုတ်တစ်ချောင်းနဲ့ သွားနေတော့တာပဲ"

"ဒါကတော့ အတော်ထူးဆန်းတယ်၊ သူ့မှာ စောင့် ရှောက်ပေးနေတဲ့ လူတစ်ယောက်ယောက် ရှိနေတဲ့ပုံစံမျိုးပဲဗျ၊ ပရလောကသားတွေ ဒါမှမဟုတ် တန်ခိုးရှိတဲ့ပုဂ္ဂိုလ်တစ်ဦးဦးက သူ့ကို စောင့်ရှောက်ပေးနေတဲ့ပုံမျိုးပဲ"

"မျက်စိမြင်ရတဲ့လူတွေကမှ လူတစ်ယောက်ကို တစ်ခါ နှစ်ခါတွေ့ပြီး မှတ်မိချင်မှ မှတ်မိတယ်၊ သူကတော့ လူတစ် ယောက်နဲ့ တစ်ခါဆုံပြီးရင် မှတ်မိနေတော့တာပဲ"

"ဒါတင် ဘယ်ကမလဲ၊ အသံကြားရုံနဲ့ ရုပ်ဆင်းအင်္ဂါ ဘယ်လိုရှိတယ်လို့ ခန့်မှန်းနိုင်တာကရော အံ့သြဖို့မကောင်းပေ ဘူးလား"

"အံ့သြစရာပေါ့. . . မဟုတ်ကာမှ လွဲရော. . . မျက်စိ က ဝိုးတဝါး မြင်နေရတာကို မမြင်ဟန်ဆောင်နေတာလား မသိ ဘူး"

"ဒီလိုတော့ ဟုတ်မယ်မထင်ဘူး၊ အပျိုအရွယ်ကလေးပဲ မျက်စိမမြင်ရင်တောင် မြင်ဟန်ဆောင်နေကြသေးတာ၊ သူက မြင်လျက်နဲ့ မမြင်ဟန်ဆောင်နေမယ် မထင်ပါဘူး၊ သူ့ခမျာ ရှက်မှာပေါ့"

ဟု အမျိုးမျိုး ထင်ကြေးပေးကြလေသည်။

နန်းသူဇာမှာ မွေးကတည်းက မျက်လုံးနှစ်လုံးက ပုံမှန်အတိုင်း ပါလာသော်လည်း မမြင်ရရှာပေ။

အစက မိဘများကပင် မသိကြရဘဲ နောက်မှ တဖြည်းဖြည်းနှင့် ရိပ်မိလာလေသည်။

နည်းနည်းကလေး အရွယ်ရလာပြီး စကားပြောတတ်သောအခါ မိဘများကို ပြောသည်။

"သမီးမျက်လုံးတွေက ဘာမှမမြင်ရဘူး၊ မျက်လုံးထဲမှာ အမှောင်ရိပ်တွေ ကာထားသလိုပဲ"

"ဖြစ်မှဖြစ်ရလေ သမီးရယ်၊ မျက်လုံးနှစ်လုံးလည်း အကောင်းအတိုင်း ပါလာရက်နဲ့ ဘယ်လိုကုသိုလ်ကံကြောင့်များ အခုလို ဖြစ်ရတာလဲကွယ်၊ ငါ့သမီးလေး ဒုက္ခိတဘဝနဲ့ တစ်သက်လုံး နေရတော့မယ်"

ဟု မိခင်ဖြစ်သူက စိတ်မကောင်းစွာ ပြောလေသည်။

"ကျွန်မက မျက်စိမမြင်ရပေမယ့် အဖေနဲ့အမေတို့ရဲ့ မျက်နှာနဲ့ ပုံပန်းသဏ္ဍာန်တွေကိုတော့ သိနေတယ်"

"ဘယ်လိုသိတာလဲဟင်"





"အာရုံထဲမှာ အလိုလို ပေါ်နေတာ၊ အမေတို့ မယုံရင် ...ဖေနဲ့အမေရဲ့ မျက်နှာပုံပန်းသဏ္ဍာန်တွေကို ကျွန်မပြောပြ ...ယ်"

ဟု မိခင်ဖခင်တို့၏မျက်နှာပုံပန်းသဏ္ဍာန်များကို ပြောပြ ... မျက်စိဖြင့် ကြည့်ပြီးပြောနေသကဲ့သို့ ဘာတစ်ခုမှ မလွဲဘဲ ...လေရာ နှစ်ယောက်စလုံး များစွာအံ့ဩကြရလေသည်။

ထို့ပြင် အစ်မဖြစ်သူ နန်းရွှေရည်၏မျက်နှာ၊ ကိုယ်နေ ...န် ပုံပန်းသဏ္ဍာန်များကိုပါ ပြောပြနိုင်လေသည်။

တစ်ခါတစ်ရံ ဦးထန်ဖုန်းရှိန်ထံသို့ အခြားမှ ဧည့်သည် ...များ ရောက်လာလေ့ရှိသည်။

ထိုလူများ ပြန်သွားသောအခါ နန်းသူဇာက သူတို့ ...အကြောင်းကို ဖခင်အား ပြောပြသည်။

"အဖေ. . . အခုလာတဲ့လူက စိတ်မရိုးသားဘူး၊ သူက ...တစ်ခုခု လိုချင်လို့ အဖေ့ဆီ လာတာ"

"သမီးက ဘယ်လိုသိလို့လဲ"

"သူ့ကိုယ်က ထွက်နေတဲ့ကိုယ်ရောင်က မှုမမှန်ဘူး၊ အရောင်တွေက ရောထွေးနေတယ်၊

အများအားဖြင့် သူ့ပုံရိပ်မှာ အနက်ရောင်တွေ လွှမ်း...တာ များနေတယ်၊ ဒါကြောင့် သူဟာ လောဘနဲ့ လာတာပဲဖြစ်...ဖြစ်၊ ဒေါသနဲ့ လာတာပဲဖြစ်ဖြစ် ဒီကိုရောက်လာတာ ဖြစ်ရမယ်"

နန်းသူဇာစကားကြောင့် ဦးထန်ဖုန်းရှိန်ပင် မျက်လုံးပြူး

သွားလေသည်။

သူမပြောသည့်အတိုင်း စောစောက လာသွားသော ညှိသည်၏စိတ်သဘောထားကို သိထားပြီးဖြစ်သောကြောင့် ပင်။

တစ်ခါတစ်ရံ ဦးထန်ဖုန်းရှိန်ပင် စိတ်ထဲမှာ ဇဝေဇဝါနှင့် တွေးမိသည်။

"ငါ့သမီး မျက်လုံးမမြင်ဘူးဆိုတာ တကယ်မှ ဟုတ်ရဲ့လား၊ သူများတွေ ပြောသလို မမြင်ဟန်ဆောင်နေတာများလား"

ထိုအကြောင်းကို ဒေါ်နန်းမြကြည်အား ပြောပြသောအခါ. . .

"မျက်စိမမြင်တာတော့ အမှန်ပါပဲ၊ ဒါပေမယ့် သူ့ရဲ့စိတ်အာရုံခံစားမှုက မျက်စိမြင်တဲ့လူတွေထက် ပိုကောင်းတယ်"

ဟု ပြန်ပြောသည်။

နန်းသူဇာမှာ မွေးစကတည်းက တသွေးတမွေးဖြစ်သည်။

အသားဖြူဖြူ မျက်လုံးမျက်ခုံးကောင်းကောင်းနှင့် ချစ်ခင်နှစ်သက်ဖွယ်ရှိသည်။

အရွယ်ရောက်လာသောအခါ ချောမောလာသည်။

ကိုယ်လုံးကိုယ်ထည် အချိုးအစားကျကျ လှပသည်။

မျက်စိမမြင်သည်တစ်ခုမှလွဲပြီး ဘာတစ်ခုမှ အပြစ်ဆိုစရာ မရှိလောက်အောင် ချောမောလှပသူတစ်ဦးဖြစ်လာသည်။





ရွာထဲမှာ ရှိသော လူပျိုကာလသားများက မျက်စိကောင်းသော အစ်မဖြစ်သူ နန်းရွှေရည်ထက် မျက်စိမမြင်ရှာသော နန်းသူဇာကို ပိုမိုနှစ်သက်ကြသည်။

အချို့လည်း လက်ထပ်ထိမ်းမြားရန်ပင် လာရောက်ကမ်းလှမ်းကြသည်အထိ ရှိသည်။

ထိုသို့ လာရောက်ကမ်းလှမ်း၍ မိဘများက သူမသဘောထား မေးသောအခါ နန်းသူဇာက လက်မခံပေ။

"ကျွန်မလက်ထပ်မယ့်လူဟာ ကျွန်မချစ်တဲ့သူပဲ ဖြစ်ရမယ်၊ မချစ်ဘဲနဲ့တော့ ဘယ်သူ့ကိုမှ လက်မထပ်ပါရစေနဲ့"

ဟု ငြင်းပယ်လေသည်။

အချို့လည်း ရဝမ်ဓလေ့အတိုင်း ကြားထဲမှ အောင်သွယ်လူကြီးများကို လွှတ်၍ စေ့စပ်ခိုင်းကြလေသည်။

မိန်းမတောင်းမည်ဆိုလျှင် ပထမ ကြားမှ အောင်သွယ်လူကြီးနှစ်ဦးကို စေလွှတ်၍ စေ့စပ်ခိုင်းရ၏။ မိန်းကလေးနှင့်ယောကျ်ားကလေးတို့၏မိဘများမှာ ယခင်က လုံးဝသိကျွမ်းသူများ မဟုတ်ခဲ့လျှင် တစ်ဦးနှင့်တစ်ဦး စတင်ဆက်သွယ်သော အထိမ်းအမှတ်အဖြစ် ပထမ တောင်းရမ်းစဉ်အခါကစတင်၍ ဘွမ်းဖိုးပစ္စည်းများ တင်ကြရ၏။

ဤကိစ္စကို ရဝမ်ဘာသာစကားဖြင့် 'မရူလန်ဒွန်' (Mayu Lang Dung)ပြုခြင်းဟု ခေါ်ဝေါ်လေရာ မြန်မာလို 'လှေခါးထောင်သည်' ဟု အဓိပ္ပါယ် ရပါသည်။

အောင်သွယ်လူကြီးများနှင့်အတူ ဖိုခနောက်၊ ဒယ်အိုး စသည့်ပစ္စည်းများကို ဦးရေ(၁၀)ခုခန့် စုံအောင်ထည့်ကာ အရက်နှင့်အစားအစာများ ပါသွားရသည်။

မိန်းကလေးရှင်များက တောင်းရမ်းခြင်းကို သဘောတူခဲ့လျှင် တင်တောင်းသည့်ပစ္စည်းများကို လက်ခံ၍ ပါလာသော အစားအစာများကို စားကြကာ အရက်များကိုလည်း သောက်ကြလေသည်။

၄င်းအစားအစာများကို တောင်းရမ်းလာကြသည့်ဘက်မှ လူကြီးများက မစားရဘဲ မိန်းကလေးဘက်မှ လူကြီးများကသာ စားသောက်ကြရသည်။

သဘောတူပြီးနောက် လက်ထပ်မင်္ဂလာပွဲ ကျင်းပရန် ရက်ကို ကန့်သတ်ကြရ၏။ ထိုကိစ္စအတွက် ပထမအကြိမ် ယောကျ်ားလေးဘက်မှ ကိုယ်စားလှယ်လူကြီးတစ်ဦးအား ပစ္စည်းငါးခုစီနှင့် အမဲသား၊ ဝက်သား၊ အရက်များ ယူဆောင်စေ၍ မိန်းကလေးရှင်များထံ လွှတ်ရသည်။

ထိုအကြိမ်တွင် လက်ထပ်ရန် ရက်ကို တစ်နှစ်အတွင်း နှစ်နှစ်အတွင်း စသည်ဖြင့် အချိန်အားဖြင့်သာ ကန့်သတ်ကြပြီး ယောကျ်ားကလေးဘက်မှ ပါလာသောပစ္စည်းအချို့ကို မိန်းကလေးဘက်က ပြန်၍ပေးလိုက်လေ့ရှိ၏။

နောက်တစ်ကြိမ်တွင်မူ အထက်ပါအတိုင်း ယောကျ်ားလေးဘက်မှ ကိုယ်စားလှယ်လူကြီးတစ်ဦးက အနည်းဆုံး ငွေ





လေးငါးဆယ်တန်ပစ္စည်းများနှင့် သွားရပြီး လက်ထပ်ပွဲ ကျင်းပရန် ရက်ကို နှစ်ဦးနှစ်ဖက်မှ နတ်များကို မေး၍ အတိအကျ ကန့်သတ်ကြရသည်။

လက်ထပ်မင်္ဂလာပွဲ ကျင်းပသောအခါ၌ ယောကျ်ားလေးက ကွမ်းဖိုးပစ္စည်း မည်မျှတင်ရမည်ကို နှစ်ဦးနှစ်ဖက်လူကြီးများက ဆုံးဖြတ်ပေးကြ၏။

ယောကျ်ားလေးမိဘများ၏ ဥစ္စာ၊ ခုနအင်အားအပေါ် မူတည်၍ ပစ္စည်းမတတ်နိုင်သောသူများက အနည်းဆုံး နွားနောက်နှစ်ကောင်၊ ပစ္စည်းကြွယ်ဝသူများက ဖိုခနောက်၊ မား၊ ဒယ်အိုး၊ မောင်း၊ နွားနောက် စသည်တို့ဖြင့် ပစ္စည်းအမျိုးပေါင်း (၁၀၀)အထိ တင်တောင်းတတ်ကြလေသည်။

လက်ထပ်ပွဲ ကျင်းပရက် ကန့်သတ်ပြီးနောက် သတို့သားလောင်းမှာ တင်တောင်းရန်ပစ္စည်းများ စုဆောင်းခြင်း၊ ဧည့်ခံပွဲအတွက် ကုန်ကျမည့်ငွေ ရှာခြင်း၊ အရက်ချက်ခြင်းများနှင့် အလုပ်များလျက်ရှိတတ်ပေသည်။

မင်္ဂလာနေ့၌ သတို့သမီးက သတို့သားအိမ်သို့ သွား၍ လက်ထပ်ပွဲ ကျင်းပရလေသည်။

ပထမဦးစွာ သတို့သားဘက်မှ လူကြီးနှစ်ယောက်နှင့် မိန်းကလေးနှစ်ယောက်က သတို့သမီးအိမ်သို့ သွား၍ ကြိုခေါ်ကြ၏။ ၎င်းတို့နှင့်အတူ ကွမ်းဖိုးပစ္စည်းများကို ထမ်းသူများလည်း လိုက်ပါသွားကြရသည်။

သတို့သမီးအား လက်ထပ်ရန် လိုက်မသွားမီ သူ၏မိဘဆွေမျိုးများက ငိုင်း၍ဆုံးမစကားပြောကြရလေသည်။ 'သမီးအား မခုံစ်၍ လင်ပေးစားခြင်းမဟုတ်၊ ထုံးစံရှိ၍ ပေးစားရခြင်းဖြစ်သည်' စသည်ဖြင့် ငိုင်းဝန်းနားချပြောဆိုကြရာ တချို့မိန်းကလေးများမှာ တစ်ရက်နှစ်ရက်နှင့် ပြော၍မရဘဲ ပေ၍နေတတ်သည်။ တချို့မှာ သွားရန် ငြင်းပယ်ပြီး ငို၍ပင် နေတတ်သည်ဟု သိရပါသည်။

သတို့သမီးသည် သတို့သားအိမ်သို့ သွားသောအခါ အပျိုရန်နှစ်ယောက်၊ သတို့သမီးအတွက် ၎င်းမိဘက ပေးလိုက်သောစောင်၊ လုံချည် စသည့် အဝတ်အစား အပြည့်အစုံကို ထမ်းရန် မိန်းမတစ်ယောက်နှင့် မိဘဆွေမျိုးများပါ လူပေါင်း လေးဆယ်ငါးဆယ် ခြံရံ၍ လိုက်ပါသွားလေ့ရှိကြ၏။

ပစ္စည်းကြွယ်ဝချမ်းသာမှုအပေါ် လိုက်၍ နွား၊ ကျွဲ၊ ဖိုခနောက်၊ မါး၊ ဒယ်အိုး၊ ပုတီး စသည့်ပစ္စည်းများနှစ်ခုစီကိုလည်း မိဘဆွေမျိုးတို့က သတို့သမီးအား လက်ဖွဲ့ပစ္စည်းများအဖြစ် ပေးလိုက်ကြရသည်။

ထိုသို့ သတို့သားအိမ် သွားရာ၌ နံနက်ပိုင်း၌သာ သွားရသောထုံးစံရှိလေသည်။

သတို့သား၏ရွာအဝင်ဝသို့ ရောက်သောအခါ၌ စောင့်ကြိုနေသော သတို့သားဘက်မှ ဆွေမျိုး၊ မိတ်ဆွေနှင့် ရွာခံများက ရွာမဝင်မီ သတို့သမီးအား အစားအစာ၊ အရက်တို့နှင့် ဧည့်ခံ





ကျွေးမွေးကြလေသည်။

သတို့သမီးနှင့် ပါလာကြသောသူများကလည်း 'နွမ်ရှန်ဆ' (Numshansa)ခေါ် ခဲဖိုးကို တောင်းကြလေရာ သတို့သားဘက်က မည်သည့်ပစ္စည်းဖြစ်စေ တစ်ခုခုကို ပေးရလေသည်။ မပေးလျှင် သတို့သမီး ရွာထဲသို့ မဝင်ရပေ။

အချို့ရပ်မိအမျိုးအနွယ်များတွင် သတို့သမီး ရွာထဲရောက်လျှင်ရောက်ချင်း သတို့သားအိမ်သို့ မသွားရသေးဘဲ စုစပ်ပေးသော အောင်သွယ်လူကြီး၏အိမ်တွင် တစ်ညသွား၍ အိပ်ရသောထုံးစံရှိလေသည်။

သတို့သမီးအား သတို့သားအိမ်သို့ ခေါ်လာကြရာ၌ အိမ်ဝင်ခင် 'ကွမ်ဘန်'(Kumbang) ခေါ် ကိုင်းပင်များ စိုက်ထားသည့် အလယ်တွင် ရှိသော သစ်တုံးကြီးတစ်ခုကို ဖြတ်ကျော်၍ သတို့သမီးက ကိုင်းပင်များ၏အရင်း၌ ကြက်တစ်ကောင်ကို သည်လိမ်ဆွဲ၍ သတ်ဖြတ်ရလေသည်။

သတို့သားဘက်မှ ဆွေမျိုးများကလည်း ယဇ်နတ်ပူဇော်ရန် သတ်ဖြတ်ရသော ကြက်၊ ဝက်တို့၏သွေးများကို 'ကွမ်ဘန်' ကိုင်းပင်များပေါ်သို့ ဖြန်းပက်ပေးကြရ၏။

ထို့နောက် သတို့သမီး အိမ်အတွင်းသို့ ဝင်လာရန်အတွက် သတို့သားဘက်က အဖိုးတန်ပစ္စည်းတစ်ခုခု ပေးကြရပြန်သည်။

ဇယ်ဝမ်၊ ဒရူ စသော အမျိုးအနွယ်များတွင် သတို့သမီး

အိမ်မဝင်ခင်၌ သတို့သားရွာသို့ လာရသည့်အတွက် တော ဘယ်နှစ်လုံး၊ ချောင်းဘယ်နှစ်ချောင်း ဖြတ်လာကြရ၍ တံတာ များဆောက်ခ၊ လမ်းတွင် ဝက်ခင်းဝက်ချေးများကို နင်းရသ အတွက် လျှော်ကြေး၊ သတို့သားအိမ်တွင်း ရောက်ပြန်လျှင်လ အိပ်ခန်းကျော်ရန်အတွက်အဖိုး၊ သတို့သမီးဘက်မှ ဧည့်သ များ အိမ်အတွင်း၌ ထိုင်ရန်အတွက်အဖိုး၊ ထမ်းလာသော သ သမီးပစ္စည်းများကို ရွေးယူရန်အတွက်အဖိုး စသည်ဖြင့် ခဲ အမျိုးမျိုးကို သတို့သားဘက်က ပေးရသောထုံးစံများ ရှိကြ သည်။

ပေးစရာရှိသည်များကို ပေးပြီးနောက် သတို့သမီးအိ တွင်းသို့ ရောက်ရှိလာသောအခါ၌ အိမ်ခန်းမကြီးတွင် မောင်မ နေကြရသည်။

ထိုအချိန်၌ နတ်ဆရာက အိမ်ထောင်ခိုင်မြဲရန်အတွ ဆုတောင်းရွတ်ဖတ်လေသည်။ မင်္ဂလာပွဲ ကြွရောက်လာသေ ဧည့်သည်များက အရက်များကို ဝိုင်းဖွဲ့၍သောက်လျက်နေ ၏။

သတို့သမီးအားလည်း ပုတီး၊ ပန်းပွင့်များ စည်းထာ သော အရက်ခွက်တစ်ခွက်နှင့် ရိုးရိုးအရက်ခွက်တစ်ခွက် ပေး ရာ သတို့သမီးက ရိုးရိုးအရက်ခွက်ကို လွှင့်ပစ်၍ ကျန်တစ်ခွက်က သောက်ရလေသည်။ ထိုတစ်ခွက်ကို မသောက်လျှင် နောင်၌ အရှုပ်အရှင်း ရှိတတ်ကြသည်ဟု ဆိုလေသည်။



မိမိယူရမည့်သတို့သားအား မနှစ်သက်သော အချို့ သတို့သမီးများသည် ၎င်းအရက်တစ်ခွက်ကို လုံးဝမသောက်ဘဲ နေတတ်ကြလေသည်။

ထို့နောက်တွင် ညတစ်ညလုံး စားကြသောက်ကြ သီချင်းဆိုကြနှင့် ပျော်ကြသည်။ ဆန်ပြုတ်များ ကျို၍ လာသမျှ ဧည့်ပရိသတ်အား တိုက်ကျွေးကြသည်။

အသားများကို ချက်၍ လင်ပန်းကြီးများနှင့် ထည့်ကာ သူများကို လိုက်ဝေငှကြသည်။

ထိုသို့ဝေငှရာတွင် သတို့သမီးအတွက်တစ်ပုံ၊ သတို့သမီး မိဘများအတွက်တစ်ပုံ၊ မိန်းတောင်းပေးသော အောင်သွယ် သူကြီးများအတွက်တစ်ပုံ စသည်ဖြင့် ခွဲဝေ၍ပေးရလေသည်။

သတို့သမီးမိဘများအတွက် အရက်အိုးကြီးများလည်း သပ်သပ်ပေးထားရသည်။ ညစာစားပြီး သောက်ကြပျော်ကြရာ တွင် သတို့သားနှင့် သတို့သမီးက တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် ခွံ့ကျွေးရလေရာ ဘေးမှ ကာလသားများက တဝါး ဝါးနှင့် ကောင်းချီးပေးကြလေသည်။

ထိုညအဖို့ ဤကဲ့သို့ပင် မိုးလင်းသွားတတ်၍ နောက် တစ်နေ့ သတို့သမီး၏မိဘဆွေမျိုး မိတ်သင်္ဂဟများအားလုံး ပြန် သွားကြမှပင် အခန်းအပ်ကြရ၏။ သို့မဟုတ်လျှင် နတ်မကြိုက်၍ ပျက်စရာ ဖြစ်သည်ဟု အယူရှိကြလေသည်။

ထိုသို့ပြန်မသွားမီ သတို့သမီးမိဘများ ကျေနပ်သည်

အထိ ပစ္စည်းများကို ထပ်၍ပေးရပြန်ကာ အိမ်ရှေ့ခန်း၌ ကောင်
မွန်စွာ ကျွေးမွေးပြုစုပြီးနောက် ပစ္စည်းထမ်းရန် လူများပါ ထည့်
၍ ပို့ပေးလိုက်ရပြန်လေသည်။

သတို့သမီး၏မိဘဆွေမျိုးများနှင့်အတူ ရင်းတို့ဘက်
နတ်များကိုလည်း ပူဇော်ပသပေးရ၏။

မူလာရှီးဒီရွာမှ ရှိကြသော ရွာသူရွာသားများထဲမှ လူပျို
ကာလသားအချို့က မျက်စိမမြင်ရသော်လည်း စိတ်သဘော
ထား ဖြူစင်ပြီး ရုပ်ရည်ချောမောလှပသည့် နန်းသူဇာကို လက်
ထပ်လိုသောကြောင့် နည်းလမ်းအမျိုးမျိုးနှင့် ကြိုးစားကြသော်
လည်း နန်းသူဇာက လက်မခံပေ။

အထက်ပါ ဖော်ပြခဲ့သည့်အတိုင်း သူမလက်ထပ်မည့်သူ
မှာ သူမ ချစ်နှစ်သက်ပြီး အသည်းနှလုံးက လက်ခံမည့်သူ ဖြစ်ရ
မည်ဟုသာ ပြောကာ ငြင်းပယ်ခဲ့လေသည်။

ထိုလူများထဲတွင် ခေါင်လန်ဖုန်လည်း တစ်ယောက်
အပါအဝင် ပါလေသည်။

ခေါင်လန်ဖုန်မှာ အသက်(၂၅)နှစ်အရွယ်ဝန်းကျင်ခန့်
ရှိကာ စိတ်မနှံ့သောလူရွယ်တစ်ယောက်ပင်ဖြစ်၏။

စိတ်မနှံ့ဟု ဆိုသော်လည်း သွက်သွက်ခါအောင် ရူးနေ
ခြင်းမျိုး မဟုတ်ဘဲ သာမန်အခြေအနေထက် လွန်ကာ ပေါ
တောတော ဖြစ်နေခြင်းမျိုးဖြစ်၏။

ခေါင်လန်ဖုန်၏မိဘများဖြစ်ကြသည့် ဦးမာလုဒင်နှင့်



အနန်တို့မှာ ဦးထန်ဖုန်းရှိန်တို့လင်မယားနှင့် များစွာခင်မင်
နီးကြသူများဖြစ်သည်။

မူလာရှီးဒီရွာကို စတင်ထူထောင်စကပင် ဦးမာလုဒင်တို့
ဦးထန်ဖုန်းရှိန်နှင့် လက်တွဲလုပ်ကိုင်ခဲ့ကြသူများဖြစ်သဖြင့်
ရင်းများဆိုက မမှားပေ။

ထို့ပြင် တစ်ယောက်အကြောင်း တစ်ယောက်သိကြသူ
များလည်းဖြစ်ကြသည်။

လူကြီးချင်း ရင်းနှီးသလို ခေါင်လန်ဖုန်နှင့် နန်းသူဇာတို့
အစ်မနှစ်ယောက်တို့မှာ ငယ်စဉ်ကတည်းက ခင်မင်ရင်းနှီးကြ
သော ကစားဖော်ကစားဖက်များလည်းဖြစ်ကြလေသည်။

အရွယ်ရောက်စကတည်းက ခေါင်လန်ဖုန်က နန်း
သူဇာကို နှစ်သက်သဘောကျနေခဲ့သည်။

သို့သော်လည်း နန်းသူဇာက လက်မခံပေ။

“သူဇာရယ်. . . နင်နဲ့ငါနဲ့က ငယ်ငယ်ကတည်းက
အတူတူ နေလာခဲ့ကြပြီး တစ်ယောက်အကြောင်းလည်း တစ်
ယောက် သိနေကြတာပဲ၊

ငါ နင့်အပေါ်မှာ ဘယ်လောက်ချစ်နေတယ်ဆိုတာ နင်
သိပါတယ်၊

ငါ့ကို လက်ထပ်ပါဟာ”

ဟု ပြောသည်။

“နင်နဲ့ငါနဲ့က သူငယ်ချင်းတွေဆိုတာလည်း ဟုတ်ပါ

တယ်၊ တစ်ယောက်နဲ့တစ်ယောက် ခင်မင်ရင်းနှီးကြတယ်ဆိုတာ လည်း မှန်ပါတယ်၊ ဒါပေမယ့် နင့်ကို သူငယ်ချင်းတစ်ယောက် အနေနဲ့ပဲ ငါလက်ခံနိုင်မယ်၊ ဒီထက်တော့ မပိုနိုင်ဘူး"

ဟု ပြောလေသည်။

"နင် သိပ်ရက်စက်တာပဲ၊ နင်က ငါ့ကို အရူးတစ်ယောက်ဆိုပြီး မချစ်နိုင်တာလား၊ ဒီလိုဆိုရင်လည်း ရပါတယ် ဒါပေမယ့် ငါ့အပြင် ဘယ်သူ့ကိုမှ မချစ်ရဘူး၊ ဘယ်သူနဲ့မှလည်း လက်မထပ်ရဘူး"

"ဒါကတော့ ငါ့ဆုံးဖြတ်ချက်နဲ့ လုပ်ရမယ့်ကိစ္စပဲ၊ နင် ဘာမှ တားဆီးနေစရာ မလိုပါဘူး"

"ငါက လူကသာ ရူးနေပေမယ့် အချစ်က မရူးဘူး၊ နင် အခြားတစ်ယောက်နဲ့ လက်ထပ်ရင် နင့်ချစ်သူကို ငါကိုယ်တိုင် သတ်ပစ်မယ်"

ဟု ပြောလေရာ နန်းသူဇာစိတ်ထဲမှာ ထိုအချိန်ကပင် စိုးရိမ်စိတ်များ ဝင်နေခဲ့လေသည်။





အခန်း(၆)

# မဉ္ဇူသက သို့မဟုတ် ထူးဆန်းသောသစ်ခွနက်

အမြင့်ပေပေါင်း (၄၅၂၃)ပေ မြင့်သော ခ္ခိုင်ဝင်းလစ်ဘောင်တန်းကြီးမှာ ဧရာဝတီမြစ်၏အမိက မြစ်လက်တက်ဖြစ်သော မလိခ မြစ်ဖျားပိုင်း၏ ရေဝေတောင်တန်းပင်ဖြစ်လေသည်။

ပေပေါင်း(၆၀၀၀)ကျော်မြင့်သော ခ္ခိုင်ငွန်းတောင်တန်း အရှေ့ဘက်၌ ရှိပြီး နမ်းတီးဆံမြစ်၏ရေဝေတောင်တန်းဖြစ်သည်။

ထိုနို့င်ဝင်းလစ်နှင့် နို့င်ငွန်းတောင်တန်းကြီးနှစ်ခု အကြားရှိ သစ်တောများ၌ မြန်မာ၌သာမက ကမ္ဘာကျော်သည် အထိ ထင်ရှားသော မြန်မာ့သစ်ခွပန်းတို့ တွေ့ရှိရာနေရာလည်း ဖြစ်ပေသည်။

ထိုတောင်တန်းနှစ်သွယ်ကို 'လျှို့ဝှက်သောရုက္ခသိုက်' ဟုပင် တင်စားခေါ်ဝေါ်ခဲ့ကြသည်။

ရုက္ခဗေဒပညာရှင် ကမ္ဘာကျော်စာရေးဆရာကြီး အက်ဖ်ကင်းဒမ်းဝ့ါဒ်က သူ၏ကျော်ကြားလှသော မြန်မာ့ရေခဲ တောင်များ (Burma's Icy Mountains)စာအုပ်၌ ထိုတောင် တန်းနှစ်ခု၌ ရှိနေသော အလယ်နေရာမှာ မတွေ့ဖူး မမြင်ဖူး သေးသော သဘာဝပန်းပင်မျိုး သစ်မျိုးနွယ်များနှင့် ရှားပါးသော ရုက္ခဗေဒမျိုးနွယ်များ ပေါများလှသည့် ရုက္ခဗေဒသိုက်ကြီးတစ်ခု ဆိုက မမှားပေဟု ရေးသားဖော်ပြထားခဲ့ပေသည်။

နို့င်ငွန်းတောင်တန်းကြီး၏ လှပသောဂုဏ်သတင်းများ ထဲတွင် မဉ္ဇူသကဟု တင်စားခေါ်ဝေါ်ကြသည့် ကမ္ဘာပေါ်မှာ လွန်စွာရှားပါးသော 'သစ်ခွနက်' ရှိသောဂုဏ်သတင်းကြောင့် လည်းဖြစ်ပေသည်။

မဉ္ဇူသကဟု တင်စားခေါ်ဝေါ်ကြသည့် သစ်ခွနက်မှာ မြန်မာနိုင်ငံမှာ ပေါက်သော မြန်မာ့သစ်ခွစစ်ပင်ဖြစ်ပေသည်။

ပန်းပွင့်ပုံသဏ္ဌာန်က အမျိုးသမီးစီး ခုံမြင့်ဖိနပ် (လေဒီရှူး)နှင့် ပုံသဏ္ဌာန်တူသောကြောင့် (Slipper Orchid)



ဖိနပ်သစ်ခွနွယ်ဝင် ဟုခေါ်ကြသည်။

၎င်းသစ်ခွနက်ကို ကမ္ဘာကျော် ရုက္ခဗေဒပါရဂူ စာရေး ဆရာကြီး မစ္စတာကင်းဒမ်းဝ့ါဒ်က ပထမဦးဆုံးအကြိမ်အဖြစ် ကချင်ပြည်နယ်မြောက်ဖျား၊ ပူတာအိုအရှေ့မြောက် မလိခနှင့် နမ့်တိဆမ်မြစ်တို့၏ ရေဝေတောင်တန်းပေါ်၌ (၁၉၂၂)ခုနှစ်တွင် တောင်တွေ့ရှိခဲ့သည်။ ထိုသို့တွေ့ရှိပြီးမှ ပထမဦးဆုံး တွေ့ရှိသော သစ်ခွနက်မှာ ထူးဆန်းစွာ ပျောက်သွားခဲ့သဖြင့် ရုက္ခဗေဒ အသင်းကြီးသို့ တင်ပြခြင်း မပြုနိုင်တော့ပေ။

နောက်ပိုင်း အကြိမ်ကြိမ် ကြိုးစားတော့ (၁၉၃၁)ခုနှစ် ရောက်သောအခါ မူလတွေ့ခဲ့သောနေရာမှာပင် သစ်ခွနက်ကို သခင်တွေ့ရသည့်အတိုင်း ပြန်တွေ့ရလေသည်။ ထိုသို့တွေ့ပြီး နှစ်တကျ သုတေသန ပြုလုပ်ကာ အပင်နမူနာနှင့်တကွ အပြည့်ပြည့်ဆိုင်ရာ ရုက္ခဗေဒအသင်းကြီးကို တင်ပြလိုက်လေ သည်။

ထိုအချိန်ထိ ထိုသစ်ခွမျိုးကို ကမ္ဘာပေါ်မှာ ရှိရှိသမျှ သော သစ်ခွမှုဆိုးများ၊ ဝါသနာရှင်များ တစ်စုံတစ်ယောက်ကမှ တွေ့ရှိခြင်း၊ မှတ်တမ်းတင်ခြင်း၊ အမည်ပေးခြင်းများ မရှိသေး သောကြောင့် စတင်တွေ့ရှိ တင်ပြသူ မစ္စတာကင်းဒမ်းဝ့ါဒ်၏ အမည်နှင့် သစ်ခွပင်၏မျိုးရင်းအမည်ကိုပါ ပူးတွဲလျက် 'ပါဖီယို ဒီယမ်းဝါဒီ' (Paphiopedilum Wadii) သို့မဟုတ် ဆင်ပရီပီဒီ ယမ်ဝါဒီယာနမ် (Cypripedium Wardlanum)ဟု (၁၉၃၇)ခုနှစ်

တွင် ကမ္ဘာ့ပန်း ဂန္ဓဝင်နေရာ၌ နေရာပေး ဖော်ပြခံရရုံမက ထို ရှားပါးလှသောသစ်ခွမျိုးမှာ မြန်မာနိုင်ငံ၌သာ ရှိသော သစ်ခွမျိုး ဖြစ်ကြောင်း အပြည်ပြည်က စတင်အသိအမှတ်ပြုခဲ့ကြရပေ သည်။

သစ်ခွနက် ပေါက်ရောက်ရာ နွံ့ငှင်ငွန်းတောင်သည် (၆၁၅၀)ပေ အမြင့်ရှိပြီး တစ်နှစ်တာပတ်လုံး လူသူအရောက် အပေါက်နည်းရာ အရပ်ဒေသလည်းဖြစ်သည်။

တစ်ခါတစ်ရံ အပူချိန်က ရေခဲမှတ်အောက် ရောက်ရှိ နေသောကြောင့် ရာသီဥတုက ဆိုးဝါးလှသည်။

နွံ့ငှင်ငွန်းတောင်မြင့်သည် ကချင်ပြည်နယ် ပူတာအို ဒေသ၌ ရှိသော တောင်များထဲတွင် စိတ်ဝင်စားစရာကောင်း သောနေရာလည်းဖြစ်သည်။

မြန်မာနိုင်ငံမှာသာမက အရှေ့တောင်အာရှဒေသ၌ပါ အမြင့်ဆုံးစာရင်းဝင် ပေပေါင်း(၁၉၂၉၆)ပေ မြင့်သည်။ ခါကာ ဘိုရာဇီတောင် ရှိရာသို့ တက်ရောက်ရန် တောင်တက်လမ်းတစ်ခု လည်း ဖြစ်သည်။

ပေ(၃၀၀၀)ကျော် မြင့်သည့်နေရာမှ စကာ တောနက် ကြီးများသာ ရှိပြီး လူသူအရောက်အပေါက် မရှိတော့ပေ။

နွံ့ငှင်ငွန်းတောင်၏ ပေ(၃၀၀၀)ကျော်မြင့်သောနေရာ ရောက်လျှင် လူသူမတွေ့ရတော့ဘဲ တောနက်ကြီးများသာ ရှိတော့သည်။



ထိုတောနက်ကြီးများအတွင်း၌ ထူးခြားရှားပါးလှသည့် ဘောရိုင်းတိရစ္ဆာန်များ တွေ့ရနိုင်သည်။

သို့သော်လည်း ပေ(၃၀၀၀)ကျော်အထက် မြင့်သော နေရာမှာတော့ အိမ်ခြေ(၁၀)အိမ်ခန့်သာ ရှိသော နမ့်တီးစခန်း ရှိသည်။ တစ်နေ့သ၌ ထိုစခန်းသို့ မြေပြန့်မှ လာကြသော လူ တစ်စု ရောက်လာကြသည်။

ခေါင်းဆောင်လာသူမှာ သုတေသနပညာရှင် ဒေါက် တာမင်းထင်ကျော်ပင်ဖြစ်၏။

ဒေါက်တာမင်းထင်ကျော်နှင့်အတူ ၎င်း၏ခရီးသွားဖော် များ ဖြစ်ကြသည့် ဦးဗန်ကောင်း၊ စောထီး၊ ငမဲအောင်တို့အပြင် အခြားအထမ်းသမားနှင့် လမ်းပြများလည်း ပါလာကြသည်။

၎င်းတို့ လာသောရည်ရွယ်ချက်မှာ ရှားပါးလှသော သစ်ခွနက်အပါအဝင် အခြားသစ်ခွပန်းများကို ရှာဖွေရန်ဖြစ်လေ သည်။

၎င်းတို့သည် နမ့်တီးစခန်းသို့ ရောက်သောအခါ ထိုရွာ နှင့် မနီးမဝေးမှာပင် စခန်းချကြသည်။

အမှန်တော့ နမ့်တီးစခန်းမှာ ဂျစ်ပဇီပမာ တစ်နေရာမှ တစ်နေရာ လှည့်လည်သွားလာနေထိုင်ကြသည့် လီဆူးတိုင်းရင်း သားများ နေထိုင်သောနေရာပင်ဖြစ်၏။

၎င်းတို့အဖွဲ့တွင် လီဆူးစကား နားလည်တတ်ကျွမ်း သော လမ်းပြပါလာသောကြောင့် များစွာအဆင်ပြေလှသည်။

စကားပြန်မှတစ်ဆင့် ဒေသခံများကို မေးမြန်းစုံစမ်းရသည်။

"ကျွန်တော်တို့ သစ်ခွပန်းရှာဖွေပြီး သုတေသနပြုဖို့ လာကြတာပါ။ ထူးဆန်းတဲ့သစ်ခွပင်တွေ၊ ပန်းတွေ ဘယ်နေရာမှာ ရှိသလဲဆိုတာ ပြောပြပေးပါ"

"သစ်ခွပန်းတွေ ရှာဖို့ ဟိုးအရင်ကလည်း အင်္ဂလိပ်လူမျိုးတွေ လာခဲ့ဖူးတယ်၊ အခုတော့ မလာတာ အတော်ကြာသွားပါပြီ"

"သစ်ခွနက်ဆိုတဲ့ပန်းရော မြင်ဖူးပါလား"

"သစ်ခွနက်လားဘာလားတော့ မသိပါဘူး၊ တောင်ပေါ်မှာတော့ ထူးဆန်းတဲ့သစ်ခွပန်းတွေတော့ ရှိပါတယ်၊ ဟိုဘက်တောင်ကြောအတိုင်း အောက်ဖက်ကို ဆင်းသွားရင် 'မဆာဘူး' ဆိုတဲ့စခန်းတစ်ခု ရှိပါတယ်၊ အဲဒီစခန်းရဲ့ပတ်ဝန်းကျင်မှာ ကျောက်ဂူနဲ့ကျောက်တောင်နံရံတွေ ရှိပါတယ်၊ အဲဒီတစ်ဝိုက်မှာလည်း သစ်ခွပန်းတွေ ရှိပါတယ်၊ ဒါပေမယ့် အဲဒီသစ်ခွပန်းတွေက တန်ခိုးရှိတယ်"

"ဘယ်လိုတန်ခိုးရှိတာလဲ"

"ဒီနေရာမှာ တွေ့ပြီး နောက်တစ်ခါ သွားကြည့်ရင် မရှိတော့ဘူး၊ ဘယ်လိုရှာရှာ မတွေ့ရတော့ဘူး၊ နောက်တစ်နှစ်နှစ်နှစ်ကြာမှ အဲဒီနေရာမှာ ပြန်ပေါ်ရင် ပေါ်လာတတ်တယ်၊ ကျုပ်တို့ကတော့ ကြောက်လို့ တွေ့လည်း မခူးဝံ့ပါဘူး"





ဟု မျက်လုံးပြူးမျက်ဆံပြူးနှင့် ပြောပြသည်။

တကယ်တော့ (၁၉၂၂)ခုနှစ်က ရုက္ခဗေဒပါရဂူ မစ္စတာ ကင်းဒမ်းဝါ့ဒ်မှာ သူ ပထမဆုံး ရှာတွေ့သော သစ်ခွနက်မှာ နေရာမှ ထူးဆန်းစွာ ပျောက်ဆုံးသွားခဲ့ပြီး သုံးနှစ်ကြာသောအခါမှ မူလတွေ့သောနေရာမှာပင် ထူးဆန်းစွာ ပြန်တွေ့ရသည်ဟု ၎င်းရေးသားသောမှတ်တမ်း၌ ဖော်ပြထားလေသည်။

ထို့ပြင် သိဒ္ဓိရှိသော ဂမုန်းအမျိုးအနွယ်ဝင်များဖြစ်ကြသည့် ဂမုန်းဖြူ ဂမုန်းနီ စသောဂမုန်းများမှာလည်း တစ်နေရာတည်းမှာ ကြာရှည်ရှိမနေကြပေ။

တစ်နေရာမှာ တွေ့ပြီး နောက်တစ်နေ့၌ ထိုနေရာမှာပင် ထူးဆန်းစွာ ပျောက်ဆုံးသွားတတ်ပေသည်။

ယခု သစ်ခွနက်မှာလည်း ထိုအတိုင်းပင် ဖြစ်ပေလိမ့်မည်။

"အဲဒီသစ်ခွပန်း ရှိတဲ့နေရာကို လမ်းပြပေးနိုင်မလား၊ လမ်းပြပေးရင် အစားအသောက်နဲ့ အဝတ်အထည်တွေအပြင် အခကြေးငွေလည်း ကောင်းကောင်းပေးမယ်"

ဒေါက်တာမင်းထင်ကျော်က သွေးတိုးစမ်းသည့် သဘောမျိုးဖြင့် မေးလိုက်သည်။

"မလိုက်ဝံ့ပါဘူး"

"ဘာကြောင့် မလိုက်ဝံ့တာလဲ"

"အဲဒီဘက်ဂူတွေထဲမှာ တစ်ခါတစ်လေ ကြောက်စရာ

ကောင်းတဲ့သတ္တဝါကြီးတွေ လာနေတတ်တယ်”

“ဘယ်လို သတ္တဝါမျိုးလဲ”

“ကျုပ်တို့တော့ တစ်ခါမှ မတွေ့ဖူးဘူး၊ တွေ့ဖူးတဲ့လူတွေ ပြောတာကတော့ အတော်ကြောက်စရာကောင်းတယ်လို့ ပြောကြတယ်၊ အဲဒီဘက်ကို သွားရင် သူတို့နဲ့ တွေ့နိုင်တယ်”

ဟု ကြောက်ရွံ့သော အမူအယာဖြင့် ပြောကြသည်။

“ဒါဖြင့်လည်း လိုက်မပို့ပါနဲ့၊ ဘယ်လိုသွားရမလဲဆိုတာကိုသာ ပြောပြလိုက်ပါ”

ဟု ဒေါက်တာမင်းထင်ကျော်က ပြောသဖြင့် ရွာသားများက ၎င်းတို့ပြောတတ်သလို လမ်းညွှန်ပြောပြပေးလေသည်။

“ဒါ့အပြင် ခင်ဗျားတို့ လိုချင်တဲ့ ထူးထူးဆန်းဆန်း သစ်ခွပန်းတွေ အများကြီးရှိတဲ့ တောတစ်တော ရှိပါသေးတယ်”

“ဘယ်နေရာမှာလဲ”

“ဒီကနေ တောင်ဘက်ကို သွားရင် ကြောက်စရာကောင်းတဲ့သတ္တဝါ ခိုအောင်းနေတဲ့ ကိုင်းတောကြီး ရှိတယ်၊ အဲဒီကိုင်းတောကြီးကို ကျော်သွားရင် မူလာရှိုးဒီဆိုတဲ့ရွာကို ရောက်လိမ့်မယ်၊ အဲ့ဒီရွာရဲ့တောင်ဘက်မှာ ဘယ်သူမှ မဝင်ဝံ့တဲ့ သစ်တောကြီးတစ်တော ရှိတယ်။ အဲ့ဒီတောထဲမှာ ခင်ဗျားတို့ လိုချင်တဲ့ ထူးဆန်းတဲ့သစ်ခွပန်းတွေ အများကြီးရှိတယ်၊ ဒါပေမယ့်. . .”

ရွာသားက ဆက်မပြောဘဲနှင့် စကားရပ်သွားသည်။





“ဒါပေမယ့် ဘာဖြစ်သလဲ. . . ဆက်ပြောပါဦး”

“အဲဒီတောထဲကို ဘယ်သူမှ ဝင်လို့မရဘူး၊ ဝင်တဲ့လူတိုင်း အသက်သေတာပဲ”

“ဘာကြောင့် သေတာလဲ

“ကျုပ်တို့လည်း မသိဘူး၊ ဒါကြောင့်ရွာလူကြီးက အဲဒီတောထဲကို ဘယ်သူမှ မဝင်ရအောင် စည်းကြီးတွေ တားထားတယ်”

ထိုစကားကြားသောအခါ လျှို့ဝှက်မှုများကို စိတ်ဝင်စားသော ဒေါက်တာမင်းထင်ကျော်မှာ များစွာအံ့ဩသွားလေသည်။ သူ့အနေနှင့် လျှို့ဝှက်မှုများနှင့် အမြဲတစေ တွေ့ကြုံခဲ့ရပြီး ထူးခြားသော သစ်တောများအနှံ့ကိုလည်း ရောက်ခဲ့ဖူးပေသည်။

အင်္ဂလိပ်အစိုးရက သတ်မှတ်ထားသော သစ်တောများကို ‘သစ်တောကြိုးဝိုင်း’ သို့မဟုတ် ‘သံကြိုးဝိုင်း’ ဟု ခေါ်ဝေါ်ကာ အခြားသူများ ဝင်ခွင့်မပြုပေ။

မြစ်ဝကျွန်းပေါ်ဘက်မှာက ပျဉ်ဒရယ်သစ်တောကြိုးဝိုင်းများသို့ အင်္ဂလိပ်အစိုးရ၏ ခွင့်ပြုချက်လက်မှတ် ပါမှသာ ဝင်ရောက်ခွင့် ရကြလေသည်။

ယခု အစိုးရက သတ်မှတ်ခြင်း မဟုတ်ဘဲ အန္တရာယ်ရှိသောကြောင့် ရွာလူကြီးက သတ်မှတ်ပေးရသော သစ်တောမျိုးမှာ ယခုတစ်ကြိမ်သာ ကြားဖူးသေးသည်။

“တောထဲမှာ ဘယ်လိုအန္တရာယ်မျိုးတွေ ရှိတယ်ဆိုတာ

သိသလား"

"မသိဘူး"

ကောင်းပြီလေ. . . ဒီလိုဆိုရင်လည်း အဲဒီဘက်ကို နောက်မှ လှည့်ဝင်သွားပါမယ်၊ အခုလောလောဆယ်တော့ ခင်ဗျားပြောတဲ့ န္တိုင်ငွန်းတောင်ထိပ်က ဆင်းသွားတဲ့ 'မဆာဘူး' လို့ ခေါ်တဲ့ စခန်းကိုပဲ သွားပါ့မယ်"

ဟု ပြောကာ နမ့်တီးစခန်း၌ တွေ့သော ရွာသားများကို စားစရာ၊ အဝတ်အထည်နှင့် ငွေအချို့ ပေးထားခဲ့ပြီးနောက် ရှေ့သို့ ခရီးဆက်ကြလေသည်။

န္တိုင်ငွန်းတောင်ပေါ်မှာ လမ်းသွားရာတွင် အသုံးပြုဖို့ ဖောက်ထားသောလမ်းများရှိသည်။

သို့သော် အသုံးပြုမှု နည်းသည်ကတစ်ကြောင်း၊ မိုးရာသီ တောင်ကျရေများ တိုက်စားမှု၊ တောင်ပြိုကျမှုများကြောင့် လမ်းဟူ၍ပင် မရှိတော့ဘဲ ပျက်စီးလျက် ရှိနေချေပြီ။

အချို့နေရာများတွင် တောင်ပတ်လမ်းများ ဖောက်ထားသော်လည်း ပြိုကျပျက်စီးနေပြီဖြစ်သောကြောင့် ခက်ခဲစွာ သွားလာကြရသည်။

အချို့တောင်များမှာ တောင်အမြင့်ပိုင်း ရောက်သောအခါ တောထူထပ်မှု နည်းသော်လည်း ယခု န္တိုင်ငွန်းတောင်မှာတော့ ထိုသို့မဟုတ်ပေ။

တောင်အမြင့်ပိုင်းသို့ ရောက်လာသော်လည်း တောက





ထူထပ်နေဆဲပင်ရှိသေး၏။

သစ်ပင်များမှာလည်း အလုံးအထည်ကြီး၍ မြင့်မားလှသည်။ သစ်ပင်အမျိုးအစားကလည်း စုံလင်လှသည်။

တောင်ထိပ်ပိုင်းမှာတော့ ဒေါက်တာမင်းထင်ကျော်တို့အတွက် အဖိုးတန် ရှားပါးသော သစ်ခွပန်းမျိုး အတော်များများကို တွေ့ရသဖြင့် မှတ်တမ်းတင်ခြင်း၊ မျိုးပင်များ ယူခြင်းများပြုလုပ်နိုင်လေသည်။

ၛင်းတို့ ခေါ်ဆောင်လာသော ဒေသခံများမှာ သစ်ပင်ဘက် ကျွမ်းကျင်လှသောကြောင့် မြင့်မားလှသော သစ်ပင်ကြီးများပေါ်မှာ ရှိနေသော သစ်ခွပန်းမျိုးများကို အပင်မပျက် အုံမပျက် ယူပေးနိုင်ကြလေသည်။ အချို့သစ်ပင်ကြီးများမှာ ပေတစ်ရာကျော် မြင့်မားသည်အထိ လုံးချောကြီးများဖြစ်သောကြောင့် သစ်ပင်၌ သစ်သားငုတ်များ ရိုက်သွင်းကာ နင်းတက်သည်ကို တွေ့ရသည်။

ထိုကဲ့သို့ စို့များ ရိုက်တက်သောဓလေ့မှာ ပျားဖွပ်သောသူများနှင့် သစ်ခွပန်း ရှာသူများ အသုံးပြုသောနည်း ဖြစ်ပေသည်။

သစ်ပင်အမြင့်ပေါ်သို့ ရောက်သောအခါ အချို့သစ်ခွပန်းများမှာ အလွယ်တကူ ရနိုင်သော်လည်း အချို့မှာ ကိုင်းဖျားကိုင်းနားတွင် ရှိနေသည့်အခါ သက်စွန့်ဆံဖျား သွားယူရသည်။

အမြင့်၌ ရှိသည့် သစ်ကိုင်းများအပေါ်မှာ နင်းလျှောက်

သည့်အခါ ဖြည်းဖြည်းချင်း သွား၍မရပေ။

မတ်တတ်ရပ်လျက် ခပ်သွက်သွက် ခပ်မြန်မြန် ပြေးသွားမှ သစ်ကိုင်း၏လှုပ်ယမ်းမှုကို ခံနေပေမည်။ အကယ်၍ ဖြည်းဖြည်းချင်းနှင့် တစ်လှမ်းချင်း သွားနေလျှင် လေတိုက်နှုန်း၊ သစ်ကိုင်း၏ခါယမ်းမှုကြောင့် အောက်သို့ ပြုတ်ကျတတ်ပေသည်။

ပျားဖွပ်ခြင်းနှင့် သစ်ခွပန်း ရှာဖွေယူရသောအလုပ်မှာ လုပ်ငန်းသဘာဝချင်း မတူသော်လည်း အသက်အန္တရာယ် နီးသည်ကတော့ အတူတူပင်ဖြစ်၏။

မည်သို့ပင်ရှိစေ၊ ဒေသခံများ၏တောတောင်ကျွမ်းကျင်မှု၊ သစ်ပင်တက် ကျွမ်းကျင်မှု၊ သက်စွန့်ဆံဖျား ဆောင်ရွက်ပေးမှုတို့ကြောင့် ဒေါက်တာမင်းထင်ကျော် အလိုရှိသည့် ရှားပါးလှသော သစ်ခွမျိုးသစ် အတော်များများ စုဆောင်းရလေသည်။

စာကလေးသစ်ခွပန်း(အချို့က ရိုးဆက်ကြီးဟု ခေါ်သည်)ဟု ခေါ်သည့် ဗင်ဒါတေးရီး(Vandateres) အမည်ရှိသော ရှားပါးသစ်ခွပန်း၊ မိုးလုံးမှိုင်းဟု ခေါ်သည့် ဗင်ဒါကိုရူးလီးယား(Vanda Coerules)အမည်ရှိသည့် သစ်ခွပန်း၊ ရွှေဝါလေးဟု ခေါ်သည့်ပန်းများ၊ တောင်ကရမက် သစ်ခွပန်း၊ ပန်းသက်ရှည်ဝါ မြွေမင်းသမီး၊ ဒေါင်မြီးသစ်ခွ၊ မိုးလုံးမှိုင်းအပြာလေး၊ မြွေမင်းသား၊ မိုးသူဇာ စသော ရှားပါးသစ်ခွပန်းများကို စုဆောင်းရလေသည်။

ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့မှာ ထိုကဲ့သို့ သစ်ခွပန်း



ခွဲ့ အတော်များများ ရရှိခဲ့ပြီးသော်လည်း ၎င်းတို့ရည်ရွယ်ချက်ပြည့်သေးဘဲ သစ်ခွနက် ရရန်အတွက် ဆက်လက်ရှာဖွေကြရန်ငွန်းတောင်ထိပ်မှီ အောက်သို့ ဆက်ဆင်းလာကြရာ နောက်ဆာဘူး' စခန်းသို့ ရောက်ကြလေသည်။

ထိုနေရာတဝိုက်တွင် သစ်ခွနက်များ တွေ့နိုင်သည်ဟု ဒေသခံများက သတင်းပေးထားသောကြောင့် ထိုနေရာသို့ ဦးတည်လာကြခြင်းဖြစ်သည်။

သို့သော်လည်း နမ့်တီးစခန်းမှ ရွာသားများ ပြောပြလိုက်သောစကားအရ ထိုနေရာတဝိုက်ရှိ ကျောက်ဂူများအတွင်း၌ လူကို အန္တရာယ်ပေးသောသတ္တဝါများ ရှိသည်ဆိုသောကြောင့် သတိနှင့် နေကြရသည်။

၎င်းတို့တွင် အမဲပစ်သေနတ်များ ပါသောကြောင့် တော်ရုံအန္တရာယ်လောက်တော့ မှုလောက်စရာ မလိုလှပေ။

ညအချိန်ရောက်သောအခါ စခန်းချနေသောနေရာနှင့် နီးမဝေးနေရာဆီမှ သတ္တဝါများအော်သံများ ကြားရလေသည်။

ထိုအော်သံများကြောင့် သေနတ်များ ကိုင်ကာ အဆင်သင့် စောင့်ကြည့်ကြသည်။

ညဉ့်နက်ပိုင်းအချိန်ရောက်လာသောအခါ ၎င်းတို့ ရှိနေရာနှင့် မဝေးလှသောဂူပေါက်အတွင်းမှ သတ္တဝါကြီးနှစ်ကောင်ထွက်လာသဖြင့် ဒေါက်တာမင်းထင်ကျော်က အားကောင်းလှသော လက်နှိပ်မီးရောင်ဖြင့် လှမ်းထိုးလိုက်ရာ သတ္တဝါကြီးနှစ်

ကောင်က ၎င်းတို့မျက်လုံးကို မီးရောင်မထိစေရန် လက်ဖြင့် ကာလိုက်ကြသည်။

ထိုအခါမှ စိတ်သက်သာရာ ရသွားကြသည်။

ဂူပေါက်ဝ၌ ရပ်နေသည့် သတ္တဝါကြီးနှစ်ကောင်မှာ အခြားမဟုတ်ပေ။

၎င်းတို့ကို ထိခိုက်နာကျင်အောင် မလုပ်ပါက လူကို အကြောင်းမဲ့ အန္တရာယ်ပေးလေ့ မရှိကြသည့် ချန်ပန်ဇီ မျောက်ဝံကြီးနှစ်ကောင်ပင်ဖြစ်၏။

၎င်းမျောက်ဝံမျိုးမှာ ထိခိုက်နာကျင်အောင် မလုပ်ပါက လူနှင့် တွေ့သော်လည်း အန္တရာယ်မပေးဘဲ သူ့ဖာသာ အေးအေးဆေးဆေးပင် နေလေ့ရှိသည်။

၎င်းတို့ကို တစ်ခုခု လုပ်မိပါက ဒေါသတကြီးနှင့် လာရောက်တိုက်ခိုက်တတ်ပေသည်။

အကယ်၍ အထီးအမ နှစ်ကောင်ရှိသည့်အနက် တစ်ကောင်ကို သတ်ဖြတ်မိပါက ကျန်တစ်ကောင်က သတ်ဖြတ်သူများနောက်သို့ တကောက်ကောက် လိုက်ကာ ရန်ရှာလေ့ရှိသော သတ္တဝါမျိုးဖြစ်လေသည်။

ယခု မျောက်ဝံကြီးနှစ်ကောင်မှာ ဒေါက်တာမင်းထင်ကျော်တို့ ရှိရာသို့ လှမ်းကြည့်ပြီး အေးအေးဆေးဆေး အမူအယာနှင့် နှစ်ကောင်ယှဉ်တွဲလျက် တောတွင်းသို့ ဝင်သွားကြလေတော့သည်။





ထိုအခါမှ ဒေါက်တာမင်းထင်ကျော်တို့တစ်တွေမှာ စိတ်ချလက်ချ အိပ်ဝံ့ကြလေသည်။

နောက်တစ်နေ့ နံနက်လင်းသောအခါ ညက မျောက်ဝံကြီးနှစ်ကောင် ထွက်လာသောဂူပေါက်ဝနှင့် အနီးဝန်းကျင်တစ်ဝိုက်သို့ နှံ့စပ်အောင် လိုက်လံရှာဖွေကြရာ ၎င်းတို့ ရှာဖွေနေသော သစ်ခွနက်မျိုးကို ချောက်ကမ်းပါးနံရံတစ်ခု၌ ပေါက်နေသည်ကို တွေ့ကြရလေသည်။

ဒေါက်တာမင်းထင်ကျော်တို့မှာ မောပန်းခဲ့သမျှ ပျောက်ခဲ့ရုံမက ဝမ်းမြောက်ဝမ်းသာဖြစ်ကြရလေသည်။

"မောင်ထင်ကျော်ရေ . . ကျုပ်တို့အဖွဲ့တော့ ကြိုးစားရကျိုး နပ်ပြီလို့ ပြောရမှာပဲ၊ သစ်ခွနက်ကို တွေ့တော့လည်း တစ်ပင်တည်းတောင် မဟုတ်ပါလား"

ဟု ဦးဇန်ကောင်းက ပြောလေသည်။

ကျောက်တောင်နံရံ၌ ပွင့်နေသောသစ်ခွနက်များမှာ တစ်ပွင့်မကပေ။

သစ်ခွနက်ကား တစ်ပွင့်လုံး အနက်ရောင်တော့ မဟုတ်ပေ။ အစိမ်းရောင်နှင့် ခရမ်းရောင်တို့ ရောစပ်လျက်ရှိပြီး ပွင့်ဖတ်များပေါ်၌ ခရမ်းနုရောင် လွှမ်းကာ အဖြူရောင်နှင့်အစိမ်းရောင်ကလေးများ သူ့နေရာနှင့်သူ လှပစွာ ရှိနေပြီး လေဒီရှူးဟုခေါ်သော အမျိုးသမီး စီးသည့် ဖိနပ်နှင့် ပုံပန်းသဏ္ဌာန်တူလေသည်။

ရက္ခပေဒ အခေါ်အဝေါ်အရ 'သစ်ခွနက်' ဟု အမည်ပေးထားသော်လည်း ကမ္ဘာ့ပန်းဂန္ထဝင်မှတ်ပာမ်း၌မူ 'ပါဖီယိုပီဒီလမ်းဝါဒီ' သို့မဟုတ် 'ဆင်ပရိုပီဒီယမ်ဝါဒီယာနာမ်' ဟု ဖော်ပြထားလေသည်။

ဒေါက်တာမင်းထင်ကျော်တို့အဖို့တော့ ကြိုးစားရကျိုးနပ်ခဲ့ကြပေပြီ။



အခန်း(၇)

# မရကာနွံအိုင်မှ အန္တရာယ်

အမိက အလိုရှိသော သစ်ခွနက်ကို ရှာဖွေရရှိပြီးနောက်တွင် မူလာရှိုးဒီရွာသို့ ခရီးဆက်ရန် ပြင်ဆင်ကြလေသည်။

အတူတူ လိုက်လာသောလမ်းပြအချို့နှင့် အထမ်းသမားများကတော့ ထိုနေရာသို့ သွားရမည်ကို အန္တရာယ်ခရီးမျိုးသွားရသကဲ့သို့ ကြောက်ရွံ့နေကြလေသည်။

အချို့လည်း ထိုနေရာသို့ မလိုက်လိုသောကြောင့် ပြန်သွားကြလေသည်။

ဒေါက်တာမင်းထင်ကျော်က ထိုခရီးမျိုး သွားရာမှာ လမ်းပြနိုင်သူနှင့် စကားပြန် မပါလျှင် မဖြစ်သောကြောင့် လီဆူးနှင့်ရဝမ် လမ်းပြအချို့ကို ဆက်ပြီးလမ်းပြပေးဖို့ ပြောရသည်။ ထိုအထဲမှာ ထမုံနှင့်လူရှိန် အမည်ရှိသော လမ်းပြနှစ်ယောက်တို့က ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့အား ပူတာအို ရောက်သည်အထိ လမ်းပြပေးရန် ကတိပေးကြလေသည်။

၎င်းတို့နှစ်ယောက်နှင့်အတူ အခြားနှစ်ယောက်လည်း ပါလာသောကြောင့် ခရီးဆက်ရမည့်အစီအစဉ်မှာ အခက်အခဲသိပ်မရှိလှတော့ပေ။

ထို့နောက် နိူင်ငန်းတောင်ထိပ်မှ ပြန်ဆင်းကြပြီး အနောက်တောင်ယွန်းယွန်း၌ ရှိသော မူလာရှီးဒီရွာ ရှိရာသို့ ဦးတည်၍ ခရီးဆက်ကြလေသည်။

လမ်း၌ အန္တရာယ် ကြီးကြီးမားမား မတွေ့ရဘဲ ခရီးအတော်ပေါက်ခဲ့ကြလေသည်။

တစ်ညအိပ်၍ နောက်တစ်နေ့၌ ခရီးဆက်ရာ ညနေပိုင်းအချိန်လောက်တွင် နမ့်တီးစခန်းမှ လူများ ပြောလိုက်သော ကိုင်းတောကြီး ရှိရာသို့ ရောက်သွားကြလေသည်။

တောင်ကုန်းအမြင့်ပေါ်မှ ကြည့်စဉ်ကပင် လေအဖိတွင် တအိအိနှင့် ကျယ်ဝန်းလှသော မြစိမ်းရောင် တောက်ပလျက်ရှိသော ကိုင်းတောကြီးအား မျက်စိတဆုံး လှမ်းမြင်ရလေသည်။





"ဒီကိုင်းတောကြီးကို ကျော်လိုက်ရင် ဟိုဘက်မှာ မူလာရှီးဒီရွာ ရှိတယ်"

"ဒါပေမယ့် ဒီကိုင်းတောထဲက သွားရင်တော့ ကြောက်စရာကောင်းတဲ့အန္တရာယ်တွေ ရှိလို့ သတိနဲ့ သွားကြရမယ်"

ဟု ထမုံနှင့်လူရှိန်က ပြောသည်။

"ဘယ်လိုအန္တရာယ်မျိုးတွေလဲ"

"ကျုပ်တို့တော့ မရောက်ဖူးလို့ သေသေချာချာ မသိဘူး၊ ရောက်ဖူးတဲ့လူတွေ ပြောတာတော့ ဝင်သွားတဲ့လူတိုင်း သေတာပဲတဲ့"

ဒေါက်တာမင်းထင်ကျော်က စီးကရက်သောက်ရင်း လေးလေးနက်နက် စဉ်းစားနေသည်။

"အထဲမှာ ဘာတွေရှိသလဲ"

"ကျသွားရင် ပြန်တက်ဖို့ အတော်ခက်တဲ့နွံအိုင်တွေ ရှိတယ်"

"ဒါဖြင့် အထဲဝင်သွားတဲ့လူတွေ နွံအိုင်ထဲ ကျပြီးသေတာရော မဖြစ်နိုင်ဘူးလား"

"အဲဒါတော့ မသိဘူး"

ဒေါက်တာမင်းထင်ကျော်က လေအဖိတွင် တအိအိနှင့် ငြိမ်းနွဲ့နေသော ကိုင်းတောကြီးကို မျက်တောင်မခတ် ကြည့်နေစဉ် ဦးဇန်ကောင်းက အနားရောက်လာလေသည်။

"ဘယ်လိုသဘောရသလဲ မောင်ထင်ကျော်၊ သူတို့ပြော

သလို အတွင်းဝင်သွားတဲ့လူတွေ သေရတာ နွံအိုင်တွေထဲ ကျ
တာရော မဖြစ်နိုင်ဘူး"

"ဖြစ်နိုင်ပါတယ်. . . တကယ်လို့ လူကို အန္တရာယ်ပေး
နိုင်တဲ့ တိရစ္ဆာန်မျိုးတွေ ရှိတယ်ဆိုရင်တောင်မှ တောထဲမှာ နေ
တဲ့ လူဝံ၊ မျောက်ဝံ၊ ဝက်ဝံ၊ ဆင်၊ ကျား၊ ကျားသစ် စတဲ့တိရစ္ဆာန်
တွေ မဟုတ်တာတော့ သေချာတယ်"

"ဘာကြောင့်လဲ ဆရာ"

အနားမှာ ရှိနေသည့် ငမဲအောင်က မေးလိုက်သည်

"တောတိရစ္ဆာန်တွေက သဘာဝ ဘေးအန္တရာယ်တွေ
ကို လူတွေထက် ပိုပြီးသိတယ်၊ ဒါကြောင့် နွံအိုင်တွေ ရှိတဲ့တော
ထဲမှာ ကုန်းသတ္တဝါတွေ မနေမှာကတော့ အသေအချာပဲ"

"ဒီလိုဆိုရင် နွံထဲမှာရော ကိုင်းတောထဲမှာပါ အသက်
ရှင်နေနိုင်တဲ့ မြွေလိုသတ္တဝါမျိုးပဲ ရှိမှာပေါ့"

ဟု စောထီးက ဝင်ပြောလိုက်ရာ ဒေါက်တာမင်းထင်
ကျော်က ပခုံးတစ်ချက် တွန့်ပြကာ သောက်လက်စ စီးကရက်ကို
ပစ်ချပြီး ခြေထောက်ဖြင့် နင်းချေလိုက်သည်။

"ဟုတ်မဟုတ်တော့ အတွင်းဝင်ကြည့်မှ အဖြေသိရမှာပဲ
ဒီလိုအန္တရာယ်ရှိတဲ့နေရာမျိုးကိုတော့ မှောင်နေတဲ့အချိန်မှာ ခရီး
မသွားသင့်ဘူး၊ မနက်လင်းမှပဲ ဖြတ်ကျော်ကြတာပေါ့"

ဟု ပြောကာ ကိုင်းတောနှင့် မနီးမဝေး သစ်တောစပ်မှာ
ပင် ယာယီစခန်းချကာ နားကြလေသည်။





ညနေပိုင်းအချိန်တွင် စောထီး၊ ငမဲအောင်၊ ထမုံ၊ လူရှိန်
တို့လေးယောက်၏ကြိုးစားမှုကြောင့် ဆတ်တစ်ကောင် ရလာ
သောကြောင့် ထိုဆတ်ကိုပင် ဖျက်၍ ညနေစာအတွက် စီမံကြ
လေသည်။

ဆတ်ကို ကိုင်းတောစပ်မှာပင် ဖျက်ကြသောအခါ သွေး
များက ကိုင်းတောအတွင်းသို့ စီးဝင်သွားလေရာ သွေးညှိနံ့များက
ပတ်ဝန်းကျင်တဝိုက်မှာ လှိုင်နေလေသည်။

မှောင်ရီသမ်းစအချိန် ရောက်သောအခါ ကိုင်းတော
အတွင်းမှ ခြင်နှင့်ဖြုတ်ကောင်များမှာ ဖွဲများနှင့် ဆုပ်ပက်လိုက်
သကဲ့သို့ တဖွဲဖွဲနှင့် ရောက်လာကြသောကြောင့် မီးခိုးငွေ့
လှိုင်လှိုင်ရစေရန် မီးဖိုများ ဖိုကြရသည်။

ထိုမီးပုံများအပေါ်မှာပင် ဆတ်သားများကို ဝါးချွန်များ
နှင့် ဖောက်၍ မီးကင်ထားကြသည်။

အသားပိုင်းများမှ ရေနှင့်အဆီများက ပျော်၍ မီးပုံတွင်း
သို့ ကျသောအခါ တူးခြစ်သောညော်နံ့များ လှိုင်ထွက်နေသည်။

ညဦးပိုင်းအချိန်ရောက်သောအခါ ၎င်းတို့တွင် ပါလာ
သော အစားအသောက်များနှင့် ဆတ်သားခြောက်ကို ညစာ
အဖြစ် စားသောက်ကာ အနားယူကြလေသည်။

သို့သော်လည်း မည်သူမှ စိတ်ချလက်ချ မအိပ်ဝံ့ကြဘဲ
လက်နှိပ်မီးများ၊ သေနတ်နှင့် လက်နက်များကို အဆင်သင့်
အနားမှာ ချထားပြီး စကားပြောရင်း စောင့်ကြလေသည်။

ညဉ့်နက်ပိုင်းအချိန်ရောက်သောအခါ ကိုင်းတောအတွင်းမှ တောတိုးလာသံများကို ကြားကြရသဖြင့် အသံကြားရာသို့ လှမ်းကြည့်နေကြသည်။

ကောင်းကင်ပေါ်မှာ လရောင်ရှိသော်လည်း နှင်းများကျနေသောကြောင့် အလင်းရောင်က ဝိုးတဝါးမျှသာ ကိုင်းတောအပေါ်သို့ ဖြာဆင်းကျနေလေသည်။

ထိုမှုန်ပျပျအလင်းရောင်နှင့်ပင် ကိုင်းတောကြီး ရှိရာသို့ အတန်အသင့် ဝေးသောနေရာရောက်သည်အထိ လှမ်းမြင်နိုင်လေသည်။

ကြည့်နေရင်းမှာပင် တစ်စုံတစ်ခုကြောင့် ကိုင်းပင်အဖျားများ လှုပ်ယမ်းလာသည်ကို လှမ်းမြင်ကြရသဖြင့် လက်နှိပ်မီးနှင့် သေနတ်များကို ကောက်ယူလိုက်ကြသည်။

စကားမပြောကြတော့ဘဲ လှုပ်ရှားနေသည့်ကိုင်းတောရှိရာသို့ လှမ်းကြည့်နေကြစဉ် အတန်ကြာတော့ တောထဲမှ သတ္တဝါတစ်ကောင် တိုးထွက်လာသည်။

ဒေါက်တာမင်းထင်ကျော်က လက်နှိပ်မီးနှင့် လှမ်းထိုးကြည့်လိုက်သည်။

မီးရောင်ကြောင့် ကိုင်းတောအတွင်းမှ ထွက်လာသော သတ္တဝါက ခေါင်းထောင်ကြည့်သည်။

အခြားမဟုတ်ပေ. . .။

ပေါင်လုံးအရွယ်ခန့် ကြီးသော မြွေဟောက်ကြီးတစ်ကောင်ပင်ဖြစ်တော့သည်။



"ကိုင်းတောထဲ ဝင်တဲ့လူတွေကို ဒုက္ခပေးနေတာ ဒီမြွေဟောက်တွေပဲ ဖြစ်မယ်"

ဟု စောထီးက တိုးတိုးပြောသည်။

ဒေါက်တာမင်းထင်ကျော်က ချိန်ထားသောသေနတ်ကို ပြန်ချကာ အတန်ကြာအောင် စဉ်းစားနေလေသည်။

ကိုင်းတောအတွင်းမှ ထွက်လာသည့် မြွေဟောက်ကြီးက ကိုင်းတောစပ်မှာ ခုတ်ဖြတ်ချထားသည့် အသားပိုင်းများကို တစ်ခုချင်း ကောက်မြိုနေလေသည်။

အတန်ကြာသောအခါ အခြားတစ်ဖက် တောတွင်းသို့ ပြန်ဝင်သွားမှ အခြားသူများလည်း ကိုင်ထားသောလက်နက်များကို ပြန်ချထားလိုက်ကြသည်။

"လူတွေကို အန္တရာယ်ပေးတာ ဒီမြွေတွေတော့ ဟုတ်ဟန် မတူဘူး"

ဒေါက်တာမင်းထင်ကျော်က မှတ်ချက်ချလေသည်။

ကျန်လူများကတော့ မည်သို့မှ ဝေဖန်ခြင်း မပြုကြတော့ပေ။ ညဉ့်နက်ပိုင်းရောက်သောအခါ မီးဖိုပေါ်မှာ ကင်ထားသည့် အသားက သင်းပျံ့သောရနံ့များ ထွက်လာသည်။

ခဏကြာတော့ ကိုင်းတောအတွင်းမှ ကြွက်များ ထွက်လာပြီး အသားကြွင်း အသားကျန်များကို လုယက်ကာ စားသောက်ကြပြန်လေသည်။

တကျွိကျွိနှင့် မာန်ဖီလှုယက်နေသည့်အသံများက တိတ်ဆိတ်နေသော ပတ်ဝန်းကျင်၌ ဆူညံနေတော့သည်။

တောကြွက်ကြီးများမှာ ကိုင်းတောကြီးအတွင်း၌ လွတ်လွတ်လပ်လပ်နှင့် ကြီးချင်တိုင်းကြီးနေကြရာ အချို့မှာ ခြေသလုံးအရွယ်လောက်ပင် ရှိနေကြသည်။

"ရှဲ့ . ရှဲ့ . ရှဲ့ . "

နောက်ထပ်ပေါ်လာသောအသံကြောင့် ကြွက်များ၏ ဆူဆူညံညံအသံများမှာ မီးကို ရေနှင့် ငြိမ်းသတ်လိုက်သကဲ့သို့ တိတ်ဆိတ်ငြိမ်သက်သွားတော့သည်။

"ရှဲ့ . ရှဲ့ . ရှဲ့ . "

ကိုင်းတောထဲမှ တိုးလာသောအသံဖြစ်သည်။

သို့စေကာမူ တစ်နေရာထဲမှ ကြားရခြင်း မဟုတ်ဘဲ နှစ်နေရာ သုံးနေရာမှ ကြားနေရခြင်းဖြစ်၏။

ထို့ထက် ကိုင်းပင်များ လှုပ်ယမ်းမှုမှာလည်း ပို၍များလေသည်။

မဒါက်တာမင်းထင်ကျော်တို့က စကားသံများကို ရပ်ပြီး နံဘေးမှာ ချထားသောလက်နှိပ်မီးနှင့် သေနတ်များကို ပြန်ကောက်ယူလိုက်လေသည်။

"ရှဲ့ . ရှဲ့ . ရှဲ့ . "

ကိုင်းတောတိုးလာသံများက ပို၍နီးလာသလို ပို၍ကျယ်လာသည်။ ကိုင်းပင်များ လှုပ်ရှားနေသည်ကိုလည်း ဝိုးတဝါး





မြင်ရလေပြီ။

"ကိုင်းတောထဲ ဝင်သမျှလူတွေကို မပြန်လမ်း ပို့နေတဲ့ သတ္တဝါတွေဖြစ်နိုင်တယ်"

ဟု ဒေါက်တာမင်းထင်ကျော်က တိုးတိုးသတိပေးသည်။

အတန်ကြာသောအခါ ကိုင်းတောအစပ်မှ မည်းမည်းသဏ္ဍာန်ကြီးများ ထွက်လာလေသည်။

မြွေနှင့် ပုံသဏ္ဍာန်ဆင်ဆင်တူသော်လည်း မြွေတော့ ဟုတ်ဟန်မတူပေ။

မည်းမည်းသဏ္ဍာန်ကြီးများမှာ တစ်နေရာတည်းမှ ထွက်လာခြင်းမျိုးမဟုတ်ဘဲ တစ်နေရာစီမှ တိုးထွက်လာခြင်းဖြစ်၏။

ၚင်းတို့ တိုးထွက်လာပုံမှာလည်း မြွေတစ်ကောင် တိုးထွက်လာခြင်းမျိုးနှင့် မတူပေ။

သွားပုံလာပုံကလည်း နှေးကွေးလှသည်။

"ဘာကောင်ကြီးတွေလဲ"

ဒေါက်တာမင်းထင်ကျော်ကတော့ နေရာအနံ့ ရောက်ဖူးသောကြောင့် သတ္တဝါတစ်ကောင်၏ပုံပန်းသဏ္ဍာန်ကို မြင်လိုက်ရုံနှင့် ဘယ်လိုသတ္တဝါမျိုးဖြစ်မည်ကို သိလိုက်ပေပြီ။

သို့ကြောင့် လက်နှိပ်ဓါတ်မီးဖြင့် ထိုးကြည့်လိုက်သည်။ ရောင်အောက်၌ နွံအိုင်အတွင်းမှ တလူးလူးတလွန့်လွန့်နှင့် ထွက်လာသောသတ္တဝါကြီးများမှာ အခြားမဟုတ်ပေ၊ များစွာကြီးမားသော မျှော့နက်မည်းကြီးများပင်ဖြစ်ပေသည်။

အချို့အကောင်များမှာ အလျားတစ်လံလောက်ရှိပြီး အလုံးအထည်က ကြီးလှသည်။

သွေးစုပ်သည့် ပါးစပ်အဝိုင်းကြီးများပင်လျှင် လင်ဗန်းတစ်ခုစာမျှ ရှိလေသည်။

ကိုင်းတောအတွင်းမှာ နှစ်ပရိစ္ဆေဒ ကြာမြင့်စွာ အသက်ရှင်နေကြသောကြောင့် ကြီးချင်တိုင်း ကြီးနေကြခြင်းဖြစ်ပေမည်။

မျှော့နက်မည်းကြီးများက ကမ်းစပ်မှာ ကျန်နေသောသွေးစများကို စုပ်ယူနေကြသည်။

မြေပေါ်နှင့်သစ်ရွက်များပေါ်၌ စွန်းနေသည့်သွေးစက်များကိုပါ မကျန်ရအောင် စုပ်ခွက်ကြီးများနှင့် စုပ်ယူနေကြသည်။

"ဒီမျှော့ကြီးတွေက လူကို ဘယ်လိုအန္တရာယ်ပေးနိုင်တာလဲ၊ သူတို့မှာ အဆိပ်ရှိသလား"

"အဆိပ်မရှိပါဘူး. . . ဒါပေမယ့် သူတို့က စပါးကြီးမြွေထက် ပိုပြီးကြောက်စရာကောင်းတယ်၊ လူဖြစ်ဖြစ် တိရစ္ဆာန်ဖြစ်ဖြစ် တွယ်ပတ်မိရင် ဘယ်လိုနည်းနဲ့မှ ဖြုတ်ချလို့မရတော့ဘူး၊

တိရစ္ဆာန်ဖြစ်ဖြစ်၊ လူကိုပဲဖြစ်ဖြစ်၊ သူတို့ကိုယ်နဲ့ ရစ်ပတ်မိလိုက်ပြီးရင် တစ်ကိုယ်လုံးမှာ ရှိတဲ့သွေး ကုန်မှပဲ ကွာကျသွားတော့တယ်"

"အတော်ကြောက်စရာကောင်းတာပဲ. . . ဓါးနဲ့ ခုတ်ဖြတ်လိုက်ရင် မရဘူးလား"

"ဒီလောက်ကြီးမားတဲ့မျှော့ကြီးတွေကို ဓါးနဲ့ ခုတ်ရင်





သားရေပြားကို ခုတ်ရသလိုပဲ မပြတ်ဘူး၊ တကယ်လို့ ဓါးနဲ့ ခုတ်လို့ ထက်ပိုင်းပြတ်သွားရင်တောင် အသက်မသေဘူး၊ သူတို့ကို ကူပေးမယ့်ဆရာဝန် ရှိတယ်"

"ဟင်. . . ဒီတောထဲက မျှော့တွေမှာတောင် ဆရာဝန် ရှိတယ် ဟုတ်လား၊ ဘယ်လိုဆရာဝန်မျိုးလဲ"

"တောတိရစ္ဆာန်တိုင်းမှာ ကိုယ်ပိုင်ဆရာဝန်တွေ ရှိပါတယ်၊ ဘယ်ရောဂါရရင် ဘယ်ဆေးပင်ကို သောက်ရစားရမယ်၊ ဒိခိုက်ဒဏ်ရာရရင် ဘယ်လိုကုရမယ်ဆိုတာ သူတို့ရဲ့သဘာဝ အသိရှိကြတယ်၊ တောင်ဆိတ်တစ်ကောင်ဆိုပါစို့၊

ရေခဲတောင်ပေါ်က လိမ့်ကျလို့ ခြေကျိုးလက်ကျိုးဖြစ်ရင် သူ့ဦးချိုနဲ့ကျောက်နံရံနဲ့ ပွတ်ပြီး ထွက်လာတဲ့ ဆေးရည်ဆေးမှုန့်တွေကို လျှာနဲ့ လျက်ယူပြီး ဒဏ်ရာကို လျက်ပေးရင် အရိုးကျိုးတာ ပျောက်နိုင်တယ်၊

တခြားတိရစ္ဆာန်တွေမှာလည်း အဲဒီလို ဆေးကုရမှာကို သိကြတယ်၊ တစ်ခါက မြွေနဲ့ဖားပြုတ်တိုက်ပွဲအကြောင်း တွေ့ဖူးတယ်"

"ပြောပါဦး ဆရာ"

"အုန်းသီးလောက် ကြီးတဲ့ဖားပြုတ်ကြီးတစ်ကောင်နဲ့ ဘကြီးမြွေဟောက်တို့ တိုက်ပွဲပဲ၊ တကယ်ဆိုရင် အဆိပ်ပြင်းတဲ့ ဘကြီးမြွေဟောက်ကို ဖားပြုတ်ကြီးက ဘယ်လိုမှ မနိုင်နိုင်ဘူး၊ ဒါပေမယ့် ဖားပြုတ်ကခံတိုက်တယ်၊ သူ့ကိုယ်မှာလည်း

မြွေစွယ်နဲ့ ထိလို့ ဒဏ်ရာဒဏ်ချက်တွေ များပြီး အဆိပ်လည်း တက်နေပြီပေါ့"

"နောက်တော့ သေသွားရောလား"

"မသေဘူး. . . ဖွဲကောင်းကောင်းနဲ့ တောင်နှစ်လုံး သုံးလုံး ကျော်တဲ့အထိ ဆက်ပြေးသွားတယ်၊ အဲဒီမှာ အဆိပ်ဖြေ ဆေးပင် ရှိတာကို သူသိတယ်၊

ဆေးပင်ရှိတဲ့ဆီလည်း ရောက်ရော သူ့တစ်ကိုယ်လုံး ဆေးပင်နဲ့ ပွတ်သပ်လိုက်တာ ကိုယ်ပေါ်က အဆိပ်ဒဏ်ရာတွေ ပျောက်သွားတယ်၊ အဲဒီတော့မှ မြွေကို ပြန်ခံတိုက်တယ်"

"အံ့ဩစရာပဲ"

"မြွေစွယ်နဲ့ ထိလို့ အဆိပ်တက်လာရင် ဆေးပင်နဲ့ ပြေး ပွတ်လိုက် ပြန်ကိုက်လိုက်နဲ့ နောက်ဆုံးတော့ မြွေဟောက်ကြီး ဟာ မလှုပ်နိုင်အောင်ဖြစ်လာပြီး ဖားပြုတ်ကြီးရဲ့သတ်ဖြတ်ခြင်း ကို ခံလိုက်ရတယ်"

"အတော်စွမ်းတဲ့ အဆိပ်ဖြေဆေးပင်ပေါ့နော်"

"ဟုတ်တယ်. . တောတောင်တွေထဲမှာ အဲဒီလိုအစွမ်း ထက်တဲ့ဆေးပင်တွေ အများကြီးရှိတယ်၊ လူတွေ မသိပေမယ့် တိရစ္ဆာန်တွေက သိတယ်၊ ကော်ဖီစေ့ရဲ့ အရသာနဲ့အစွမ်းသတ္တိ ကို လူတွေထက်အရင် တောဆိတ်တွေက အရင်တွေ့ခဲ့ကြတာ ပဲ၊

ကော်ဖီစေ့ စားပြီးတဲ့ဆိတ်တွေဟာ သာမန်နဲ့ မတူဘဲ



တွေခုန်ပေါက်နေတာကို မြင်တော့မှ လူတွေက ကော်ဖီစေ့ရဲ့ အစွမ်းကို သိခဲ့ကြရတာ"

"စောစောက ဆရာပြောတဲ့ အဆိပ်ဖြေဆေးပင်ကိုသာ ရှင်တော့ တောထဲ သွားနေတဲ့လူတွေ ဘယ်လိုအဆိပ်မျိုးနဲ့ တွေ့လို့မှ စိုးရိမ်စရာ မရှိတော့ဘူးပေါ့နော်"

"မှန်ပါတယ်. . . တချို့ဆရာတွေဆိုရင် ဒီဆေးပင် ရဖို့ သုံးနှစ်သုံးမိုး ခြေရာခံပြီး လိုက်ခဲ့ကြရတယ်"

"ဘယ်လိုလိုက်တာလဲ ဆရာ"

"စောစောက ပြောတဲ့အတိုင်း ဖားပြုတ်နဲ့မြွေနဲ့ တွေ့ပြီး ကိုက်ခိုက်တဲ့အချိန်ကို စောင့်ပြီး ဖားပြုတ်ထွက်ပြေးတဲ့နောက်ကို ခြေရာခံလိုက်ကြတယ်၊ နောက်ဆုံး ဖားပြုတ်ပွတ်တဲ့ဆေးပင် တွေ့တဲ့အခါမှ နှုတ်ယူလာကြတယ်"

ဒေါက်တာမင်းထင်ကျော်က ကမ်းစပ်တဝိုက်မှာ စွန်းပေ နေသောသွေးများကို စုပ်ယူနေသော မျှော့မည်းကြီးများကို လှမ်း ကြည့်ပြီး ပြောပြလေသည်။

"ဒါထက် စောစောက ဆရာပြောတဲ့အထဲမှာ ပါတဲ့ ဒီမျှော့ကြီးကို ဓါးနဲ့ ပိုင်းဖြတ်လိုက်ရင် ဆေးကုပေးတဲ့ဆရာဝန် နဲ့ဘယ်ဆိုတာ ဘယ်သူလဲ"

"ခရုမျက်ပြဲတွေပါပဲ"

"ဟင်. . . ခရုတွေက ဘယ်လိုဆေးကုပေးတာလဲ"

"မျှော့ကို ဓါးနဲ့ ခုတ်ဖြတ်လိုက်လို့ နှစ်ပိုင်းပြတ်သွားပေ

မယ့် အသက်မသေဘူး၊ နှစ်ပိုင်းစလုံးက အသက်ရှင်ပြီး သွားငံ ရသေးတော့ ခရုမျက်ပြူ ရှိတဲ့နေရာဆီကို ရောက်အောင်သွား တယ်"

"အံ့သြစရာပဲ"

"ခရုဆီ ရောက်တဲ့အခါ ပြတ်သွားတဲ့နေရာကို ပြန်ဆက် ပြီး ခရုမျက်ပြူက ပါးစပ်ပြားကြီးတွေနဲ့ ငုံပေးလိုက်တယ်၊ သူ့ ပါးစပ်က အချွဲရည်တွေက မျှော့ရဲ့ နှစ်ပိုင်းဖြစ်နေတဲ့ကိုယ်ကို အကောင်းအတိုင်း ပြန်ဖြစ်သွားစေတယ်"

ထိုသို့ပြောဆိုနေစဉ်မှာ ကမ်းစပ်မှ သွေးများ စုပ်ယူ၍ ကုန်သွားပြီဖြစ်သောကြောင့် မျှော့နက်မည်းကြီးများက မီးပုံပေါ် မှာ တင်ထားသော အသားကင်ရှိရာသို့ တရွေ့ရွေ့နှင့် တက်လာ နေကြသည်။

သစ်ရွက်ခြောက်များပေါ်မှာ ကိုယ်ကို လွန့်၍တက်လာ သဖြင့် တရှဲရှဲမြည်သံများ ပေါ်ထွက်နေသည်။

တဖြည်းဖြည်းနှင့် မီးရောင်ဖြင့် ၎င်းတို့၏ပုံသဏ္ဍာန်များ ကို အတိုင်းသား မြင်နေရသည်။

အလျားမှာ ဆန့်လိုက်သောအခါ တစ်လံခန့်ရှိပြီး ကျုံ့ လိုက်သောအခါ ကျောက်လုံးကြီးလို လုံးလုံးကြီး ရှိနေသည်။

ဗိုက်က တစ်တောင်ခန့် ကျယ်ပြီး ကျောပြင်ပေါ်မှာ အဖြူနှင့်အနက်ကွက်များ ရှိသည်။

အနောက်ပိုင်းမှာတော့ ရေဘဝဲလက်တံကဲ့သို့ အပေါက်





လေးများ ပါသော စုပ်ခွက်ကြီး ပါသည်။

လင်ဗန်းငယ်အဝိုင်းခန့်ရှိသည်။

ရှေ့ပိုင်းကတော့ အဖျားရှူးသွားသကဲ့သို့ သေးငယ်သွား ပြီး ၎င်းက နှာမောင်းသဖွယ် လိုက်လံစမ်းသပ်သောနေရာဖြစ် သည်။ သားကောင်တွေ့ပါက ထိုနှာမောင်းဖြင့် ဆွဲပတ်ပြီး ကပ်မိ သွားသောအခါမှ စုပ်ခွက်ဖြင့် အသားကို ကပ်ကာ သွေးများကို ပ်ယူခြင်းဖြစ်၏။

သတ္တဝါကိုယ်ထဲမှာ သွေးကုန်သွား၍သော်လည်း ကောင်း၊ ဒါမှမဟုတ် ၎င်းအနေနှင့် သွေးဝသွားသောအခါ၌ သော်လည်းကောင်း အလိုလို ကွာကျသွားလေတော့သည်။

၎င်းသွေးမဝမချင်းတော့ ကွာကျရန် မလွယ်သလို ဖြုတ် ဖို့လည်း ခက်ခဲလှသည်။

ထိုမျှ အကောင်အရွယ်အစား ကြီးမားသော မျှော့ ကောင်ကြီးများ၏သွေးစုပ်ခြင်း ခံရပါက လူတစ်ကိုယ်လုံး သွေး ရှိတော့သလိုဖြစ်ကာ သေဆုံးသွားနိုင်လေသည်။

မျှော့နက်ကြီးများက မီးပုံပေါ်မှာ တင်ထားသော သားကင် ရှိရာသို့ သွားရန် ကြိုးစားသော်လည်း မီးအပူရှိန် ကြောင့် အနားမကပ်နိုင်ဘဲရှိရာ နှာမောင်းကို မြှောက်၍ သွေးနံ့ သည်။

ထိုအခါ ဒေါက်တာမင်းထင်ကျော်တို့ ရှိနေသောနေရာ ် အနံ့ခံသွားပြီး တရွေ့ရွေ့ တက်လာကြသည်။

"တက်လာကြပြီ. . . ဘယ်လိုလုပ်ကြမလဲ"

ဒေါက်တာမင်းထင်ကျော်က ရှေ့ဆုံးမှ တက်လာသော မျှော့မည်းကြီးကို သေနတ်ဖြင့် ပစ်ချလိုက်သည်။

"ဒိုင်း. ."

သေနတ်ကျည်ဆန်ကြောင့် နောက်ဖက်သို့ တွန့်ကား တစ်ချက်ဖြစ်သွားရုံသာဖြစ်ပြီး ရှေ့သို့ ဆက်တက်လာပြန်လေ သည်။

စောထီး၊ ငမဲအောင်၊ ထမုံ၊ လူရှိန်တို့လေးယောက်တို့က ဓါးများကို ကိုင်ကာ ခုတ်ပိုင်းဖြတ်ရန် ပြင်ကြလေသည်။

"သူတို့အနားကို မကပ်နဲ့၊ ပတ်မိသွားရင် ခွာချလို့မရ ဘူး"

ဟု နောက်မှ သတိပေးကြသည်။

မျှော့မည်းကြီးများ အနားရောက်သောအခါ တလန် လန်းနှင့် သွေးနံ့ခံနေသောနှာမောင်းများကို ဓါးဖြင့် ခုတ်ပိုင်းကြ သည်။

အချို့လည်း တိကနဲပြတ်ထွက်သွားသော်လည်း အချို့ လည်း မပြတ်ဘဲ တန်းလန်းဖြစ်နေသည်။

ထိုသို့ ခုတ်ဖြတ်နေရင်းမှာပင် ရှေ့သို့ ဆက်တိုးလာရာ လူများက နောက်ဆုတ်ပေးရလေသည်။

တစ်ကြိမ်မှာတော့ မျှော့မည်းကြီးတစ်ကောင်၏လက်တံ တစ်ခုက ငမဲအောင်ကို ရစ်မိသွားတော့သည်။





ထိုသို့ပတ်မိသွားသောအခါ ငမဲအောင်မှာ ဘာမှမလုပ် တော့ပေ။

သို့ကြောင့် စောထီးက ကပျာကယာ ပြေးလာပြီး ပတ် ထားသောလက်တံကြီးကို ဓါးဖြင့် ခုတ်ဖြတ်လိုက်ရာ တိကနဲ ပြတ်ကျသွားသည်။

သို့သော် ကိုယ်မှာ ပတ်ထားသောလက်တံက ကွာကျ ခြင်း မရှိသေးသောကြောင့် နှစ်ယောက်သုံးယောက် ဆွဲခွာချပေး သည်။

ထိုသို့ ဆွဲခွာရာမှာပင် မလွယ်လှပေ။

မျှော့လက်တံမှာ ချွဲများဖြင့် ချောနေသောကြောင့် ကိုင် ယ်ရသည်မှာ မလွယ်လှပေ။

ယခုတိုင် အသက်ရှိနေပြီး တလူးလူး တလွန့်လွန့် ဖြစ် နေသေးသောကြောင့် အတော်ကြိုးစားခွာမှ အောက်သို့ ပြုတ် ကျသွားလေသည်။

သို့တိုင်အောင် လူးလွန့်နေဆဲပင်ရှိသေး၏။

ထို့နောက်မှာလည်း ကိုင်းတောအတွင်းမှ မျှော့နက်ကြီး များက တရွေ့ရွေ့နှင့် တက်လာရာ မြေပြင်တစ်ခုလုံး မည်းသွား လေတော့သည်။

အကောင်အရွယ်အစားက စုံသလို အကောင်အရေ အတွက်လည်း များလာသောကြောင့် မည်သို့မှ တားဆီး၍မရ တော့ပေ။ သို့ကြောင့် ဒေါက်တာမင်းထင်ကျော်တို့မှာ ၎င်းတို့

ပစ္စည်းများကို အလျင်အမြန် သိမ်းဆည်းပြီး မီးဖိုပေါ်မှ အသားကင်ကို အမိအရ ယူပြီးနောက် ထိုနေရာမှ ထွက်ပြေးကြရတော့သည်။

တကယ်တော့ ထိုမျှအကောင်အရေအတွက် များပြားလှသော မျှော့မည်းကြီးများမှာ နက်ရှိုင်းကျယ်ဝန်းလှသည့် ကိုင်းတောကြီးအတွင်း၌ ခိုအောင်းလျက်ရှိပြီး သွေးနံ့ရပြီး အသံကြားမှ ထွက်လာခြင်းဖြစ်၏။

အကယ်၍ ကိုင်းပင်များဖြင့် ရှုပ်ထွေးကာ အသွားအလာ ခက်သော ကိုင်းတောအတွင်းသို့ ဝင်သွားမိသူများမှာ ၎င်းတို့၏ပတ်ဆွဲမှုများကို ခံရမည်မှာ မလွဲပေ။

တစ်ကောင်က ပတ်ဆွဲလာ၍ ဖယ်၍မှ မပြီးခင် နောက်တစ်ကောင်က ထပ်ပတ်ရင်း ထပ်ပတ်ရင်းနှင့် နောက်ဆုံး သေဆုံးရမည်မှာ အသေအချာပင်ဖြစ်သည်။

သို့ကြောင့် ထိုတောထဲ ရောက်သွားသူတိုင်း အသက်ရှင်လျက်နှင့် ပြန်မထွက်နိုင်ကြခြင်းပင်ဖြစ်ပေသည်။

"တော်ပါသေးရဲ့ဗျာ. . . ဆရာက ကိုင်းတောကြီးထဲကို ချက်ချင်းမဝင်ဘဲ တောစပ်မှာ စခန်းချနေမိလို့သာပေါ့၊ တကယ်လို့သာ ချက်ချင်းဝင်သွားရင်တော့ ကျွန်တော်တို့တစ်ဖွဲ့လုံး တစ်ယောက်မှ အသက်ရှင်လျက်နဲ့ ပြန်ထွက်နိုင်မှာ မဟုတ်ဘူး"

ဟု ထမုံက ကြောက်ရွံ့ထိတ်လန့်သောမျက်နှာဖြင့် ပြောသည်။



"မောင်ထင်ကျော်. . . အခု ဘယ်လိုလုပ်ကြမလဲ"

"နွံအိုင်နဲ့ ဝေးတဲ့တောင်ကုန်းပေါ်မှာ စခန်းချနေကြ
ယ်၊ မနက်လင်းမှပဲ နွံအိုင်နဲ့ ဝေးတဲ့ အရှေ့ဘက်ကနေ ကွင်းပြီး
သာရှိုးဒီကို သွားကြမယ်"

"တောထဲ အရင်သွားမှာလား၊ ရွာကို အရင်ဝင်မှ ဖြစ်
ယ်၊ ဒါမှ ရွာသားတွေ ပြောတာ နားထောင်ပြီး အဖြေတစ်ခု
ရနိုင်မယ်"

ဟု ပြောကာ တောင်ကုန်းပေါ်သို့ တက်ခဲ့ကြပြီး သင့်
ာ်သောနေရာ၌ စခန်းချကြလေတော့သည်။





## အခန်း(၈)

# စည်းခြားနေသည့်အန္တရာယ်

ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့မှာ ဘေးအန္တရာယ်များလှသော မရဏာန္တိအိုင်ကြီးများအတွင်းမှ မဖြတ်တော့ဘဲ ရွှံ့နွံများ ထူထပ်သော အရှေ့ဘက်ရှိ မလိခမြစ်ကမ်းဘက်မှ ဖြတ်ကျော်ကြသဖြင့် ရက်နည်းငယ်ကြာတော့မှ မူလာရှိုးဒီရွာသို့ ဝင်နိုင်သောနေရာသို့ ရောက်ကြလေတော့သည်။

ထိုလမ်းတလျှောက်မှာ ထူထပ်လှသော သစ်တောသစ်ပင်များနှင့် နဂါးပွက်အိုင်များမှလွဲ၍ အခြားဘာမှမတွေ့ရ

☺ ထောက်မြင့်စာပေ ☺

ပေ။ နဂါးပွက်အိုင်များမှာ နေရာအတော်များများ၌ ရှိနေသော ကြောင့် အကယ်၍ မသိဘဲနှင့် သွားလာမိပါက နဂါးပွက်နွံအိုင်များအတွင်း ကျသွားလျှင် ပြန်တက်နိုင်စရာ မရှိနိုင်ပေ။

သို့ကြောင့် ထိုနေရာတဝိုက်သို့ လူသွားလူလာ မပြုကြခြင်းဖြစ်ပေမည်။

သစ်တောများကို လွန်လာသောအခါ စိမ်းလန်းသော မြက်ရိုင်းတောများကို ဖြတ်ကျော်ရသည်။

ထိုမြက်ရိုင်းတောများ ကျော်သောအခါ ပြောင်းဖူးစိုက်ခင်းအပါအဝင် သီးနှံစိုက်ခင်းများကို လှမ်းမြင်ရသည်။

ထိုနေရာသည် လွင်ပြင်ရှိသောဘက်ဖြစ်ပေသည်။

နေ့လယ်ပိုင်းအချိန်ရောက်သောအခါ သီးနှံစိုက်ခင်းများ ရှိရာသို့ လွန်သွားပြီး မူလာရှိုးဒီ ရှိသောနေရာသို့ တောင်ကုန်းပေါ်မှ လှမ်းမြင်ရလေသည်။

မူလာရှိုးဒီရွာမှာ ဒယ်အိုးသဏ္ဍာန်ဖြစ်နေသောချိုင့်ဝှမ်းအတွင်း၌ တည်ထားခြင်းဖြစ်၏။

ဒေါက်တာမင်းထင်ကျော်က တောင်ကုန်းထိပ်မှ ရပ်ကာ မှန်ပြောင်းဖြင့် လှမ်းကြည့်နေသည်။

အမြင့်မှ ကြည့်ရသောကြောင့် ချိုင့်ဝှမ်းတွင်းမှ အခြေအနေကို ကောင်းစွာလှမ်းမြင်ရလေသည်။

ရွာမှာ အတော်ကျယ်ဝန်းသော်လည်း သွားလာလှုပ်ရှားနေသည့် လူရိပ်လူခြေတော့ မတွေ့ရပေ။



တောင်ကုန်းမြင့်တစ်ခုမှာတော့ ရှေးအခါက သာသနာပြုများ နေထိုင်ရန် ဆောက်လုပ်ထားသောပုံစံအတိုင်း အဆောက်အအုံတစ်ခုကို လှမ်းမြင်ရသည်။

“ဒီရွာက ခရစ်ယာန်သာသနာပြုတွေ အခြေချ တည်ဆောင်ခဲ့တဲ့ရွာ ဖြစ်ရမယ်၊ ဘုရားရှိခိုးကျောင်းနဲ့ သူတို့နေတဲ့အိမ်တွေ့ရတယ်၊ တခြားတော့ ဘာမှမတွေ့ရဘူး”

“လူတွေရော မရှိဘူးလား”

“နေ့ခင်းဘက်ဆိုတော့ ယာတောထဲ သွားနေကြတာဖြစ်မှာပေါ့”

ထိုရွာ၏တောင်ဘက်မှာတော့ မှိုင်းညို့လျက်ရှိသော သစ်တောကြီးကို လှမ်းမြင်ရသည်။

သစ်တောကြီးမှာ မျက်စိတဆုံး တမျှော်တခေါ် ရှိနေပြီး ထူးခြားသောအချက်မှာ တောစပ်မှာ အဖြူရောင်အလံတိုင်တစ်တိုင် စိုက်ထားပြီး တောစပ်တလျှောက် ကြိုးတန်းများနှင့် အလံကလေးများ ချိတ်ဆွဲထားသည်ကို အံ့ဩဖွယ်ရာ လှမ်းမြင်ရသည်။

“ဘာထူးသလဲ မောင်ထင်ကျော်”

“တောစပ်မှာ အလံတိုင်တစ်ခု ထောင်ထားတယ်၊ နောက်ပြီး ကြိုးတန်းတွေ တန်းထားပြီး အလံကလေးတွေ ချိတ်ဆွဲထားတယ်”

“အထိမ်းအမှတ်သင်္ကေတ တစ်ခုခု လုပ်ထားတာ ဖြစ်

ချင်ဖြစ်၊ မဖြစ်ချင် မဝင်စေချင်လို့ စည်းတားထားတာလည်း ဖြစ်မှာပေါ့၊ ဟိုရောက်မှပဲ သိရမှာပေါ့"

ဟု ပြောကာ ရွာရှိရာသို့သွားကြလေသည်။

မူလာရှိုးဒီရွာမှာ ရွာဝိုင်းကြီးသဖွယ် တည်ထားလေသည်။

ရွာထဲ ရောက်သောအခါ မိန်းမနှင့်ကလေးများကိုသာ တွေ့ရပြီး ယောကျ်ားများကိုတော့ မတွေ့ရပေ။

တွေ့သည့်အမျိုးသမီးကို ရွာလူကြီးအိမ်ကို မေးသဖြင့် တောင်ကုန်းပေါ်မှာ ရှိသော ဦးထန်ဖုန်းရှိန်နေအိမ်သို့ လမ်းညွှန်ပေးရလေသည်။

ထိုနေရာသို့ ရောက်သောအခါ ခြံဝန်းတံခါးကို စေ့ထားသောကြောင့် ဒေါက်တာမင်းထင်ကျော်က ကျန်လူများကို သစ်ပင်အောက်မှာ ထားခဲ့ပြီး ၎င်းက တံခါးရှိရာသို့ လျှောက်သွားလေသည်။

ခြံစည်းရိုးခတ်ထားပုံ၊ အိမ်တည်ဆောက်ထားသောပုံစံမှာ ခရစ်ယာန်သာသနပြုများ နေသွားခဲ့သည့် အိမ်ပုံစံမျိုးဖြစ်လေသည်။

ဒေါက်တာမင်းထင်ကျော်က ခြံဝန်းတံခါးပေါက်နားမှာ ရပ်ပြီး အိမ်ရှိရာဘက်သို့ လှမ်းကြည့်နေစဉ် သူ့လက်ဝဲဘက်မှာ ရှိသော တောင်ဇလပ်ပင်ကြီးနောက်မှ အမျိုးသမီးတစ်ယောက် ထွက်လာလေသည်။





သူမသည် အသားဖြူဖြူနှင့် ရုပ်ရည်ချောမောလှပသူတစ်ဦးဖြစ်သည်။

သို့စေကာမူ လမ်းလျှောက်ရာတွင် အသုံးပြုရသည့် တုတ်ကို အားပြုပြီး လျှောက်လာသည်ကို မြင်ရုံနှင့် မျက်စိမမြင်ရသူတစ်ယောက်မှန်း သိနိုင်လေသည်။

မိန်းကလေးက ခြံစည်းရိုးသာ ခြားထားပြီး ဒေါက်တာမင်းထင်ကျော်ရှေ့တည့်တည့်မှာ လာရပ်လေသည်။

"ရှင်တို့က ဘယ်သူတွေလဲ"

သာယာချိုလွင်သောအသံဖြင့် မေးလိုက်လေသည်။

"ကျွန်တော်တို့က ခရီးသွားဧည့်သည်တွေပါ၊ ဒီက ရွာလူကြီးနဲ့ တွေ့ဖို့ လာခဲ့တာပါ"

"အဖေကတော့ အိပ်နေပါတယ်၊ ကျွန်မ သွားနှိုးပေးပါ့မယ်"

"ဒါထက် ဒီရွာမှာ ယောကျ်ားတွေ တစ်ယောက်မှ မတွေ့မိဘူး၊ တစ်ရွာလုံး ဘယ်သွားနေကြတာလဲ"

"ရှိပါတယ်. . . ဒီရွာရဲ့ဓလေ့က နေ့ဘက်ဆိုရင် မိန်းမတွေက ရွာကို စောင့်ရပြီး ယောကျ်ားမှန်သမျှ အိပ်ကြတယ်၊ ညအချိန် ရောက်လာတဲ့အခါ ယောကျ်ားတွေက လုပ်စရာရှိတဲ့ အလုပ်တွေ လုပ်ရင်းနဲ့ ရွာစောင့်ကြတဲ့အခါ မိန်းမနဲ့ကလေးတွေက အိပ်ကြတယ်"

ဟု ထူးဆန်းသောရွာဓလေ့ကို ပြောပြကာ အဆောက်

အဦးခံ့ရာဘက်သို့ ဝင်သွားလေသည်။

သူမဝင်သွားပြီး အတော်ကြာသောအခါ အိပ်ချင်စိတ် မပြေသေးဟန်ဖြင့် ထလာသော အသက်ငါးဆယ်ကျော်အရွယ် လူကြီးတစ်ဦးနှင့်အတူ ပြန်ထွက်လာသည်။

၎င်းမှာ ဦးထန်ဖုန်းရှိန်ပင်ဖြစ်သည်။

ခြံစည်းရိုးနားရောက်၍ ဒေါက်တာမင်းထင်ကျော်တို့ကို တွေ့မြင်ရသောအခါ အံ့ဩသွားဟန်ရှိလေသည်။

"မြေပြန့်ဘက်က လာတဲ့ဧည့်သည်တွေမှတ်တယ်"

"မှန်ပါတယ်. . . ကျွန်တော်တို့ ခရီးသွားဧည့်သည်တွေပါ"

"ဒီနေရာကို ရောက်လာတဲ့ နှစ်ပေါင်း(၃၀)ကျော် အတွင်းမှာ ပထမဆုံး တွေ့ရတဲ့မိတ်ဆွေတွေကို ဝမ်းမြောက်စွာ ကြိုဆိုပါတယ်. . . အထဲဝင်ကြပါ"

ဟု ပြောကာ ခြံတံခါးဖွင့်ပေးသဖြင့် အားလုံး အတွင်းသို့ ဝင်ကြရသည်။

ဒေါက်တာမင်းထင်ကျော်တို့လည်း အတွင်းသို့ ဝင်ကြလေသည်။

အတွင်းသို့ ရောက်သောအခါ ထမုံနှင့်လူရှိန်တို့ နှစ်ယောက်ကို အခြားတစ်နေရာ ပေး၍ ဒေါက်တာမင်းထင်ကျော်တို့ကိုတော့ အိမ်အတွင်းသို့ ခေါ်သွားလေသည်။

နေအိမ်မှာ ရှေးအခါက သာသနာပြု မစ္စတာဂျိုးဇက်





နေသွားသောအိမ်ဖြစ်သောကြောင့် ခေတ်မီသော အခန်းဖွဲ့စည်းမှုများ ရှိလေသည်။

ဦးထန်ဖုန်းရှိန်က ဧည့်ခန်းအတွင်းရှိ သစ်သားကုလားထိုင်များပေါ်မှာ နေရာပေးပြီး သမီးအကြီးမ နန်းရွှေရည်အား ဧည့်သည်များအတွက် အစားအသောက်များ စီမံခိုင်းလေသည်။

နန်းသူဇာကတော့ အခန်းပေါက်ဝ တစ်နေရာမှာ ရပ်တန့်လျက် အသံများကို နားစွင့်လျက်ရှိသည်။

အတန်ကြာသောအခါ နန်းရွှေရည်က လက်ဖက်ရည် (ဖခါးရည်)နှင့် အသားခြောက်များနှင့် အခြားအစားအသောက်များ ချပေးလာသည်။

သူမသည် အကျည်းတန်သူဖြစ်သဖြင့် ရုပ်ရည်တည်ကြည်ခန့်ငြားပြီး ယောကျ်ားပီသသော ဒေါက်တာမင်းထင်ကျော်အား မြင်သောအခါ မြင်မြင်ချင်းပင် စိတ်ဝင်စားမှု ဖြစ်မိလေသည်။

"အစ်ကိုတို့ စားကြသောက်ကြပါရှင်"

"ဟုတ်ကဲ့. . . ကျေးဇူးတင်ပါတယ်ဗျာ"

ဒေါက်တာမင်းထင်ကျော်က ဧည့်ဝတ်ကျေစေရန် ပြုံးပြလိုက်ရာ သူမကလည်း ပြန်ပြုံးပြလေသည်။

စကားဝိုင်း မစခင်မှာပင် ဒေါက်တာမင်းထင်ကျော်က ၎င်းကျောပိုးအိတ်အတွင်းမှ အဆင်သင့် ယူဆောင်လာသော တပ်ိတန် ဆေးတံသောက်ဆေးဗူးနှင့် ဆေးတံအသစ်တစ်ချောင်း

ကို ထုတ်ကာ ဦးထန်ဖုန်းရှိန်အား လက်ဆောင်ပေးလိုက်လေ
သည်။

"ကျေးဇူးတင်လိုက်တာဗျာ. . . ဒီလို ဆေးတံမျိုး မသောက်ခဲ့ရတာ အတော်ကြာပါပြီ၊ ကျုပ်က ဒီရွာကို စောင့်ရှောက်နေရတဲ့သူပါ၊ ဦးထန်ဖုန်းရှိန်လို့ ခေါ်ပါတယ်"

"တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်တော့်နာမည်က ဒေါက်တာမင်းထင်ကျော်လို့ ခေါ်ပါတယ်၊ သူတို့က. . ."

ဒေါက်တာမင်းထင်ကျော်က ဦးဗန်ကောင်းအပါအဝင် အတူပါလာသူများနှင့် မိတ်ဆက်ပေးလိုက်သည်။

"ဒါထက် ဆရာတို့က ဒီလိုရောက်အောင် ဘယ်လမ်းက လာကြတာလဲ"

"နို့ဂ်ငွန်းတောင်ဘက်က ဆင်းလာတာပါ"

"ဟင်. . . ဒါဖြင့် ကိုင်းတောကြီး ရှိတဲ့နေရာက ဖြတ်လာခဲ့ကြတာပေါ့. . ဟုတ်လား"

"ဟုတ်ပါတယ်"

"ကိုင်းတောထဲမှာ လူတွေကို အန္တရာယ်ပေးတဲ့ သတ္တဝါတွေ ရှိတယ်လို့ သတင်းကြားရတယ်၊ ဆရာတို့တော့ ဘယ်လို အန္တရာယ်မျိုးနဲ့မှ မတွေ့ခဲ့ဘူးလား"

"တွေ့ခဲ့ပါတယ်. . . ဒါပေမယ့် ကျွန်တော်တို့က သူတို့နဲ့ လွတ်တဲ့နေရာက လာခဲ့ကြတာပါ"

ဟု ပြောလိုက်ရာ ဦးထန်ဖုန်းရှိန်တို့မှာ များစွာအံ့သြနေ





ကြလေသည်။

ဒေါက်တာမင်းထင်ကျော်ကလည်း မည်သို့သော အန္တရာယ်မျိုးဖြစ်သည်ကို ပြောမပြတော့ပေ။

"ဒါထက် ဆရာတို့ ဒီရွာကို လာကြတဲ့ကိစ္စကိုလည်း ပြောပြပါ၊ ကျုပ်တို့ အကူအညီပေးနိုင်ရင် ပေးပါ့မယ်"

"ကျွန်တော်တို့က ရှားပါးတဲ့သစ်ခွပန်းတွေကို စုဆောင်းဖို့နဲ့ သုတေသနပြုကြဖို့ ဒီနေရာတွေကို ရောက်ခဲ့ကြတာပါ၊ ...န်းတောင်ပေါ်မှာ သစ်ခွနက် ရှိတယ် သတင်းကြားလို့ သွားကြတာပါ၊ အဲဒီတောင်ကမှတဆင့် နမ့်တီးစခန်းက လူတွေက ဒီရွာအကြောင်းကို ပြောပြလိုက်ကြလို့ ကျွန်တော်တို့ လာကြတာပါ"

"ဘယ်လိုများ ပြောလိုက်တာပါလိမ့်"

"တခြားတော့ မဟုတ်ပါဘူး၊ မူလာရှီးဒီရွာရဲ့တောင်ဘက်မှာ ဘယ်သူမှ မဝင်ဝံ့တဲ့ သစ်တောကြီးတစ်တောရှိတယ်၊ ဒီသစ်တောကြီးထဲမှာ ရှားပါးတဲ့ အဖိုးတန်သစ်ခွမျိုးတွေ များကြီးရှိတယ် သတင်းပေးလိုက်တာနဲ့ ကျွန်တော်တို့ လာခဲ့ကြတာပါ"

ထိုစကားကြားသောအခါ ဦးထန်ဖုန်းရှိန်မှာ များစွာ ...က်တွေ့သွားဟန်ရှိလေသည်။

သို့ကြောင့် သောက်လက်စ ဆေးတံအဟောင်းကြီးကို ...တထောင်းထောင်း ထအောင် ဖွာရင်း အကြံထုတ်နေလေ

သည်။

"ဒီလိုရှိတယ် ဆရာလေးရဲ့၊ ကျုပ်အနေနဲ့ တခြားအကူ
အညီဆိုရင် ဘာပဲဖြစ်ဖြစ် ပေးဖို့ ဝန်မလေးပေမယ့် ဒီတောထဲကို
ဝင်မယ့်ကိစ္စကိုတော့ အကူအညီမပေးနိုင်အောင်ဖြစ်နေတော့
တယ်"

ဟု အားနာစွာ စကားဆိုလေသည်။

"ဘာကြောင့်လဲဆိုတာ တဆိတ်လောက် ပြောပြပါဦး"

"တခြားတော့ မဟုတ်ပါဘူး၊ အဲဒီတောက သာမည
မဟုတ်ဘူး၊ အထိကရတောကြမ်းတစ်ခု ရှိတယ်၊ တောထဲမှာ
ကြောက်စရာကောင်းတဲ့ မိစ္ဆာကောင်တွေ ရှိတယ်၊

ဝင်သွားတဲ့လူမှန်သမျှ ဘယ်တော့မှ အသက်ရှင်လျက်နဲ့
ပြန်ထွက်လာနိုင်တယ် မရှိဘူး"

"ဘယ်လိုမိစ္ဆာကောင်တွေလဲဟင်"

"ကျုပ်တို့လည်း သေသေချာချာ မတွေ့ဖူးကြပါဘူး
ဒါပေမယ့် ကြောက်စရာကောင်းတာတော့ အမှန်ပဲ၊ ဒါကြောင့်
ဆရာလေးတို့ သစ်ခွပန်း ရှာဖွေမယ်ဆိုရင် ကျုပ်တို့ ဟူးကောင်း
လွင်ပြင်နဲ့ ပူတာအိုချိုင့်ဝှမ်းလွင်ပြင်တကြောမှာ ရှိတဲ့ တော
တောင်တွေထဲမှာ နေရာတွေ အများကြီးရှိပါတယ်၊

တကယ်လို့ တခြားနေရာတွေ သွားမယ်ဆိုရင် ကျုပ်
ကိုယ်တိုင် လိုက်ပို့ပေးပါ့မယ်"

"ရပါတယ် ဆလိုင်း၊ အခုလိုပြောပြတာ ကျေးဇူးတင်





ယ်၊ ကျွန်တော်တို့လည်း ဒီရွာကနေ ချက်ချင်းမသွားကြသေး
ဘူး၊ ဒီတော့ ကျွန်တော်တို့အတွက် တည်းခိုစရာလေးများ
င် လိုချင်ပါတယ်"

"ရပါတယ်. . . ရပါတယ်. . . တောစပ်နားမှာ အရင်
ကျုပ်တို့ နေတဲ့အိမ်ဟောင်းတစ်လုံး ရှိပါတယ်၊ ကျယ်လည်း
ယ်ပါတယ်၊ ဆရာလေးတို့ လွတ်လွတ်လပ်လပ် တည်းခိုနေ
ဒီက လူတစ်ယောက်ကို လိုက်ပို့ပေးခိုင်းပါ့မယ်"

ဟု ပြောပြီး နောက်ဘက်သို့ လှည့်ကာ ခေါ်လိုက်လေ
ည်။

"ကျွတ်သူတော်. . . ကျွတ်သူတော်ရေ. . . ဒီကို လာခဲ့
ဟ"

ထိုခေါ်သံကြောင့် အိမ်နောက်ဘက်မှ အသက်လေး
ယ်ကျော်အရွယ်ခန့် လူကြီးတစ်ယောက် ထွက်လာသည်။

ကိုယ်လုံးကိုယ်ထည် ကြီးမားထွားကျိုင်းလှပြီး ခါးက
နည်းငယ် ကိုင်းနေသည်။

မျက်နှာတစ်ခုလုံးမှာလည်း ဒဏ်ရာအမာရွတ်များ
ကြောင့် မျက်လုံးနှင့်ပါးစပ်များက ရွဲ့စောင်းနေလေရာ ရုတ်
ချက် ကြည့်ပါက မကောင်းဆိုးဝါးတစ်ကောင်နှင့် ပုံသဏ္ဍာန်
တူပေသည်။

ထို့ပြင် ကျွတ်သူတော်ဆိုသောလူ၏ခြေတံလက်တံတို့
သာမန်လူထက် ပိုမိုရှည်လျားကာ လက်တံရှည်များက နံ

ဘေးသို့ တွဲလောင်းကျနေသည်။

"ကျွတ်သူတော်. . . ညေ့သည်တွေကို နောက်ဘက်

အိမ်မှာ နေရာချပေးလိုက်၊ သူတို့တတွေ အန္တရာယ်မရှိအော

လည်း ဂရုစိုက်ပေးလိုက်. . . ကြားလား"

ကျွတ်သူတော်က ခေါင်းညိတ်ပြရာ ဒေါက်တာမင်းထ

ကျော်တို့လည်း ဦးထန်ဖုန်းရှိန်ကို နှုတ်ဆက်ပြီး နေရာမှ ထ

ကျွတ်သူတော်အနောက်သို့ လိုက်သွားကြလေသည်။

အိမ်အပေါက်ဝ ရောက်တော့ သူတို့ ထွက်လာသည်

ကြည့်နေသောနန်းသူဇာကို လှမ်းမြင်ရသည်။

မျက်စိမမြင်ရသော်လည်း သူမလှမ်းကြည့်နေသေ

မျက်နှာအမူအယာမှာ တစ်စုံတစ်ခုကို စိုးရိမ်ပူပန်နေသေ

လက္ခဏာမျိုး ရှိနေသည်ကို သတိပြုမိလိုက်သည်။

၎င်းတို့အတွက် နေရာချပေးသောအိမ်ကြီးမှာ တောစ

နှင့် မနီးမဝေးမှာ ရှိပြီး ဖုန်နှင့်အမှိုက်များ တက်နေသော်လည်

အတော်အတန် ကျယ်ဝန်းလှသောနေရာဖြစ်ပေသည်။

ပြတင်းပေါက်များမှ လှမ်းကြည့်လျှင် တောစပ်၌ စိုက်

ထားသောအလံတိုင်နှင့် ကြိုးဖြင့် တန်းထားသည့် အလံကလေ

များကို မြင်ရသည်။

လေတိုးနေသောကြောင့် အလံကလေးများက တဖျတ်

ဖျတ် လှုပ်ရှားနေသကဲ့သို့ ထိုအရာများကို လှမ်းကြည့်ပြီး ဒေါက်

တာမင်းထင်ကျော်စိတ်ထဲမှာလည်း လှုပ်ရှားလျက်ရှိနေလေ



တကယ်တော့ သူတို့သည် မမျှော်လင့်ဘဲ အန္တရာယ်

နိမိတ်အစပ်သို့ ရောက်ခဲ့ကြပေပြီ။





အခန်း(၄)

# ပရလောကသားများနှင့် ခေါ်စာပွဲ

ညဦးပိုင်းအချိန်တွင် မီးဖိုနံဘေးနားမှာ ဖခါးရေသောက် နှင်း မိမိတို့ခရီးစဉ်အတွက် တိုင်ပင်ကြလေသည်။ အပြင်မှာ နှင်းများ ကျနေပြီး အအေးဓာတ်ကလည်း များနေသည်။

အအေးဓာတ်ကြောင့် ပြတင်းတံခါးပေါက်များကို အလုံ ပိတ်ကာ မီးလှုံရင်းနှင့် စကားပြောနေကြခြင်းဖြစ်သည်။

"ရွာလူကြီးပြောပုံအရဆိုရင် တောထဲမှာ ရှိတဲ့အန္တရာယ် က ပေါ့ပေါ့သေးသေးတော့ ဟုတ်ပုံမရဘူး၊ ဒါကြောင့် ကျွန်

တော်တို့ကို တောထဲကို မဝင်စေချင်တာဖြစ်မယ် ဆရာ"

ဟု စောထီးက ပြောသည်။

"တောထဲမှာအန္တရာယ်ရှိတယ်ဆိုတာကတော့ သဘာဝကျပါတယ်၊ ဖြစ်နိုင်ချေလည်း ရှိပါတယ်၊ ဒါပေမယ့် ဘယ်လိုအန္တရာယ်မျိုးဆိုတာ တစ်စွန်းတစ်စလေးတောင်မှ မသိရတော့ စိတ်ထဲမှာ တစ်မျိုးပဲ"

ဒေါက်တာမင်းထင်ကျော်က ၎င်းစိတ်ထဲမှာ ရှိသောအတိုင်း ပြောလိုက်ရာ ဦးဇန်ကောင်းက ခေါင်းညိတ်ပြသည်။

"မှန်ပါတယ်. . . အန္တရာယ်သိရတော့မှ ဘယ်လိုရင်ဆိုင်ရမယ်ဆိုတာ ပြင်ဆင်တန်ပြင်ဆင်ရမှာပေါ့၊ အခုတော့ ဘယ်လိုလုပ်မှာလဲ မောင်ထင်ကျော်"

ထိုအခါ ဒေါက်တာမင်းထင်ကျော်က ကျောပိုးအိတ်အတွင်း၌ ခေါက်ထည့်ထားသော မြေပုံစာရွက်ကို ထုတ်ယူပြီး ကြမ်းပြင်ပေါ်၌ ဖြန့်ခင်းလိုက်လေသည်။

"ကျွန်တော်တို့ ရောက်နေတဲ့ မူလာရှီးဒီ ရွာဆိုတာ ဒီနေရာမှာ ရှိတယ်၊ မြောက်ဘက်မှာ ကျွန်တော်တို့ ဖြတ်လာခဲ့တဲ့ ကိုင်းတောကြီး ရှိတယ်၊ အနောက်ဘက်မှာ မြင့်မားတဲ့ကျောက်တောင်ကြီးတွေ ရှိတယ်၊ အရှေ့ဘက်ကို ထွက်မယ်ဆိုရင် ရွှံ့နွံတွေ ထူထပ်တဲ့ မလိခ မြစ်ကမ်းနံဘေးကို ရောက်နိုင်တယ်"

ကျန်လူများက ခေါင်းညိတ်ပြသည်။

"မြောက်ဘက်၊ အနောက်ဘက်၊ အရှေ့ဘက်လမ်းတွေက သွားရင် မြို့ကို မရောက်နိုင်တဲ့အပြင် အန္တရာယ်များပြီး အခက်အခဲတွေလည်း အများကြီး တွေ့ရနိုင်တယ်"

"အမှန်ပေါ့"

"ဒီအတိုင်းမှန်ရင် မူလာရှီးဒီရွာက လူတွေ မြို့ကို မဖြစ်မနေ သွားဖို့လိုရင် အနီးဆုံးလမ်းက အခု တောင်ဘက်မှာ ရှိတဲ့ သစ်တောကြီးထဲက ဖြတ်သွားရင် အလွယ်ဆုံးပဲ မဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ဒီတောနက်ထဲကို ဝင်သွားတဲ့လူတိုင်း အားလုံးသေကြတယ်ဆိုတော့ ဘယ်သူမှ မသွားဝံ့လို့ စည်းကြိုးတွေတောင် တားထားရတယ် မဟုတ်လား"

"ဒါပေမယ့် ကျွန်တော်တို့ကတော့ မဖြစ်မနေ သွားရမှာပဲ"

"သစ်ခွပန်း သွားရှာဖို့လား"

"သစ်ခွပန်း ရှာဖို့အပြင် ကျွန်တော်တို့ ပြန်ဖို့ အနီးဆုံးက ပူတာအိုပဲ ရှိတယ်၊ ပူတာအိုကို ရောက်ဖို့ဆိုရင် ဒီတောကြီးအတွင်းက မလွဲမသွေ ဖြတ်သွားမှပဲ ရောက်နိုင်မယ်"

ထိုစကားကြားသောအခါ မသိမသာ သက်ပြင်းချလိုက်ကြသည်။

"ဒီလိုဆိုတော့လည်း ပွဲကြီးပွဲကောင်းတစ်ပွဲတော့ ထပ်တွေ့ကြရဦးမှာပေါ့"

ဟု ဦးဇန်ကောင်းက ရေရွတ်လိုက်သည်။

ထိုညက အတော်ညဥ့်နက်ပိုင်းရောက်မှ အသီးသီး

အိပ်ယာဝင်ကြလေသည်။

ခရီးပန်းလာသော်လည်း မည်သူမှ စိတ်ချလက်ချ မအိပ်ပျော်ကြပေ။

အန္တရာယ်ရှိသောနေရာနှင့် စည်းတစ်ကြိုးသာ ခြားနေသောကြောင့် မအိပ်ပျော်ကြခြင်းလည်း ပါသည်။

သို့သော်လည်း အပြင်မှ အအေးဓာတ်က အပေါက်များမှ တိုးဝင်လာရာ မီးအပူရှိန်ဖြင့် နွေးထွေးမှု ရသောအခါ မှေးကနဲ အိပ်ပျော်သွားကြလေသည်။

အချိန်မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိပေ။ နားထဲမှာ စူးစူးဝါးဝါးအသံအချို့ကို ကြားလိုက်ရသဖြင့် ပြန်နိုးလာသည်။

ဒေါက်တာမင်းထင်ကျော်က အိပ်ယာနံဘေးမှာ အဆင်သင့် ချထားသော သေနတ်နှင့်လက်နှိပ်မီးကို လက်ဖြင့် စမ်းကြည့်လိုက်သည်။

အော်သံက တောနက်အတွင်းပိုင်းမှ အော်လိုက်သောအသံဖြစ်သည်။

"အူ. . . ဝူ. . . ဝူ. . ."

အသံက တိရစ္ဆာန်တစ်ကောင်ကောင် မာန်ဖီ၍ အော်လိုက်သောအသံမျိုးဖြစ်သော်လည်း မကြားဖူးသောအသံမျိုးဖြစ်သည်။

"အူ. . . ဝူ. . . ဝူ. . ."



တဖြည်းဖြည်းနှင့် အော်သံက နီးလာပြီး တောစပ်သို့ ရောက်လာသည်။ ဒေါက်တာမင်းထင်ကျော်က သေနတ်နှင့် လက်နှိပ်ဓာတ်မီးကို ယူပြီး နေရာမှ ထတော့ ကျန်လူများလည်း ထလာကြသည်။ ပြတင်းပေါက်နား ရောက်သောအခါ စေ့ထားသော ပြတင်းတံခါးတစ်ချပ်ကို အသာကလေး တွန်းလိုက်ရာ ပွင့်သွားသည်။

တံခါးပွင့်သွားသည်နှင့် လေနှင့်အတူ အပြင်ဘက်မှ နှင်းများက တိုးဝင်လာသည်။

အပြင်ဘက်မှာ အလင်းရောင်အချို့ ရှိနေသော်လည်း နှင်းများ ပိတ်နေသောကြောင့် ခပ်ဝါးဝါးသာ လှမ်းမြင်ရသည်။ မနီးမဝေးတောစပ်မှာ တန်းထားသောအလံကလေးများ၏ တဖျတ်ဖျတ် လှုပ်ရှားနေသံများကိုတော့ အတိုင်းသား ကြားနေရသည်။

အားလုံး ပြတင်းပေါက်မှ အသံကြားရာဘက်သို့ လှမ်းကြည့်နေစဉ် တောတွင်းမှ အော်သံကြီးက တဖြည်းဖြည်းနှင့် နီးလာလေသည်။

"အူ. . . ဝူ. . . ဝူ. . ."

အသံမှာ အတော်ကျယ်လောင်လှသောကြောင့် အိပ်ပျော်နေသူများပင် လန့်နိုးလောက်သည်။

သို့သော် မူလာရှိုးဒီရွာသားများအတွက်ကတော့ ထိုအော်သံမှာ ၎င်းတို့အတွက် အဆန်းတကြယ် မဟုတ်ကြတော့

ပေ။

နောက်တစ်နေ့ အမဲသားသွားပစ်၍ ခေါစားပွဲ ပြုလုပ်ရမည်ဟုသာ တွေးပြီး အိပ်မြဲအတိုင်း ပြန်အိပ်ကြလေ သည်။

မအိပ်နိုင်သူဆိုလို့ ဒေါက်တာမင်းထင်ကျော်တို့တစ်တွေ သာ ရှိသည်။

၎င်းတို့သည် အသံကြားနေရသော တောစပ်သို့ လှမ်း ကြည့်နေစဉ် နှင်းများကြားမှ တိုးထွက်လာသော မည်းမည်း သဏ္ဍာန်ကြီးကို လှမ်းမြင်ကြရသည်။

အရပ်အမောင်းမှာ လူ့ထက် ပိုမြင့်ပြီး အလုံးအထည် ကလည်း ကြီးသည်။

ပထမတော့ လူဝံတစ်ကောင်ဖြစ်မလားဟု ထင်လိုက်မိ သည်။ လမ်းလျှောက်လာဟန်မှာ လူဝံတစ်ကောင်နှင့် တူသော် လည်း လူဝံတော့ ဟုတ်ဟန်မတူပေ။

ဦးခေါင်းပေါ်မှာ အဝတ်ကဲ့သို့အရာတစ်ခု အုပ်ထား သဖြင့် ပုံပန်းသဏ္ဍာန်ကို သဲသဲကွဲကွဲ မမြင်ရပေ။

သို့သော်လည်း ကြောက်မက်ဖွယ်ကောင်းသော မိစ္ဆာ ကောင်ဖြစ်မည်ကိုတော့ ခန့်မှန်းမိကြသည်။

သတ္တဝါကြီးက တောစပ်မှာ ကာထားသော စည်းရိုးနား မှာ ရပ်ပြီး ဒေါက်တာမင်းထင်ကျော်တို့ ရှိနေသော အိမ်ဘက်သို့ လှမ်းကြည့်နေသည်။





ဒေါက်တာမင်းထင်ကျော်က ဖျတ်ကနဲ လက်နှိပ်မီး ရောင်ဖြင့် လှမ်းထိုးလိုက်သည်။

ခေါင်းမြီးခြုံထားသောအောက်မှ ကြောက်မက်ဖွယ် ကောင်းသော သတ္တဝါကြီး၏မျက်နှာကို ခိုပ်ကနဲ တွေ့လိုက်ရ သည်။ လူအရိုးခေါင်းလိုလို ဝံပုလွေအရိုးခေါင်းလိုလို ပုံသဏ္ဍာန် ရှိပြီး ရှည်လျားသောအစွယ်ကြီးနှစ်ချောင်းက ရှေ့သို့ ငေါ်ထွက် နေသည်။

မီးရောင်နှင့် ထိလိုက်သည့် မျက်လုံးနှစ်လုံးက ဟင်္သာ ပြဒါးကဲ့သို့ ရဲရဲနီနေသည်။

သတ္တဝါကြီးက ၎င်းမျက်နှာကို စူးရှသော လက်နှိပ်မီး ရောင်ဖြင့် ထိုးကြည့်လိုက်သောအခါ လက်ဖြင့် ကာလိုက်သည်။

ထိုအခါ အရိုးပြိုင်းပြိုင်းထနေသော လက်ချောင်းများ နှင့် ချွန်ထက်ရှည်လျားသော လက်သည်းများကိုပါ လှမ်းမြင်ရ သည်။

"ဘယ်လိုသတ္တဝါမျိုးလဲ. . . ကြောက်စရာ ကောင်းလှ ချည်လား"

"လူလိုလို သရဲလိုလိုနဲ့ တကယ့်မိစ္ဆာကောင်ပဲ"

ထိုသို့ပြောနေစဉ် ဒေါက်တာမင်းထင်ကျော်က သေ နတ်ဖြင့် ပစ်ရန်ပြင်လိုက်သောအခါ ဦးဇန်ကောင်းက တားလိုက် သည်။

"မပစ်နဲ့ မောင်ထင်ကျော်၊ သူက စည်းမှ မကျော်သေး

တာ၊ အခြေအနေ စောင့်ကြည့်သေးတာပေါ့၊ တကယ်လို့ စည်း
ကျော်လာတော့မှ ပစ်တာပေါ့"

ဟု ပြောသဖြင့် သေနတ်ကို ပြန်ချထားလိုက်သည်။

ထိုအခိုက်မှာပင် သတ္တဝါကောင်ကြီးက နောက်ဘက် တောတွင်းသို့ ပြန်လှည့်ဝင်သွားရာ ကျောဘက်၌ ဖြူကောင်ကဲ့သို့ ဆူးတောင်အရှည်များ ရှိနေသည်ကိုပါ တွေ့လိုက်ရသည်။

အတန်ကြာတော့ အော်သံများလည်း တဖြည်းဖြည်း ဝေး၍ပျောက်သွားတော့သည်။

အတန်ကြာအောင် စောင့်ကြည့်သော်လည်း မထူးခြား တော့မှ စိတ်ချလက်ချ နေဝံ့ကြလေတော့သည်။

"လူလည်းမဟုတ်၊ လူဝံမျောက်ဝံလည်း မဟုတ်ဘဲနဲ့ တယ်လည်း ကြောက်စရာကောင်းတဲ့သတ္တဝါကြီးပါလား၊ ဘယ် လိုသတ္တဝါမျိုးလဲ မောင်ထင်ကျော်"

"တောရိုင်းတိရစ္ဆာန်တော့ ဟုတ်မယ်မထင်ဘူး၊ ပုံပန်း သဏ္ဍာန်ကတော့ လူစိတ်ပျောက်နေပြီး သရဲတစ္ဆေဘဝ ရောက် နေတဲ့ပုံမျိုးပဲ"

"ဘာပဲဖြစ်ဖြစ် ဒီအန္တရာယ်ရှိနေတာနဲ့ လမ်းတွေလည်း ပိတ်၊ လူတွေလည်း တောထဲ မသွားဝံ့တာကတော့ သဘာဝ မကျဘူး၊ ဘယ်လိုပဲဖြစ်ဖြစ် ဒီအန္တရာယ်ကိုတော့ ရင်ဆိုင်ရမှာပဲ"

ဟု ပြောဆိုနေကြလေသည်။

ထိုအခိုက်မှာပင် ၎င်းတို့ ရှိနေသောအိမ်နံဘေးမှ မည်း





ည်းအရိပ်သဏ္ဍာန်တစ်ခု လျှို့ဝှက်စွာ ထွက်သွားသည်ကိုတော့ ဒေါက်တာမင်းထင်ကျော်တို့ မသိလိုက်ကြပေ။

နောက်တစ်နေ့ မနက်ပိုင်းမှာပင် ဦးထန်ဖုန်းရှိန်က လက်ဖက်ရည်သောက် ဖိတ်သဖြင့် ၎င်းအိမ်သို့ သွားကြရသည်။

လက်ဖက်ရည်ဝိုင်းမှာပင် ဦးထန်ဖုန်းရှိန်က ပြောပြ သည်။

"ညတုန်းက တောထဲမှာ ရှိတဲ့မိစ္ဆာကောင်ကြီး အတော် ဘလေး သောင်းကျန်းနေသံ ကြားရတယ်၊ သူက ဒီတောထဲကို ဘယ်သူမှ ဝင်တာကို မကြိုက်ဘူး၊ နောက်ပြီး တခြားလူတွေ ရောက်လာတာကိုလည်း ကျေနပ်ပုံမရဘူး၊ ဒါကြောင့် ဒီကနေ့ ညနေပိုင်း သူ့အတွက် ခေါ်စာပစ်ပြီး ရွာသူရွာသားတွေလည်း ခေါ်စာစားပွဲ လုပ်ပေးကြရမယ်"

"ခေါ်စာစားပွဲဆိုတာ ဘယ်လိုလုပ်တာလဲ"

"နွားတစ်ကောင်ကို သတ်ပြီး သူ့အတွက်လည်း ကျွေးရ တယ်၊ ချက်ပြီးတော့ ဝိညာဉ်တွေကိုလည်း ကျွေးရတယ်၊ ပြီးမှ ရွာသားတွေ စားကြတာပါ"

"ကျွန်တော်တို့က ဘာလုပ်ပေးရမလဲ"

"ဆရာတို့ကတော့ ခေါ်စာစားပွဲပြီးမှ တောထဲ ဝင်မယ် ဆိုရင် ဝင်ကြပေါ့"

ဟု ပြောလေသည်။

ဒေါက်တာမင်းထင်ကျော်တို့မှာ ညဦးပိုင်းအချိန်တွင်

အဝတ်နက်ကြီးများ ဝတ်ဆင်ထားသော လူလေးယောက်တို့က လောလောဆယ် သတ်ဖြတ်ထားသော နွားပေါင်တစ်ချောင်းကို တောစပ်သို့ ယူသွားပြီး သတ်မှတ်ထားသော ကျောက်တုံးပေါ်သို့ သွားရောက်ပစ်တင်ပေးပုံနှင့် ဝိညာဉ်များကို ခေါ်ပြီး လူများနှင့် အတူ ညစာစားသောက်ကြပုံများကို တအံ့တသြ ကြည့်ကြလေသည်။

ဦးထန်ဖုန်းရှိန်က ၎င်းတို့နှင့် ထမင်းအတူတူ ဝင်စားရန် ခေါ်သဖြင့် ကျန်လူများက ဝင်စားကြသော်လည်း ဒေါက်တာမင်းထင်ကျော်ကတော့ ဝင်မစားဘဲ စောစောက အမဲသားပေါင် တင်ထားခဲ့သောကျောက်တုံးရှိရာသို့ လျှောက်လာလေသည်။

ထိုနေရာမှာ တောစပ်၌ ရှိပြီး ရွာသားများ ခေါ်စားပွဲ ပြုလုပ်နေသောနေရာနှင့်လည်း မဝေးလှပေ။

ထိုနေရာတဝိုက်မှာတော့ တောရိပ်ကြောင့် အမှောင်ရိပ်များ သမ်းနေသည်။

တောစပ်တွင် တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေပြီး သွေးညှီနံ့များ လွှမ်းနေသည်။

အလံကလေးများကို လေတိုးရာမှ ပေါ်ထွက်လာသော တဖျပ်ဖျပ်အသံကလေးများသာ ပေါ်ထွက်လျက်ရှိသည်။

ဒေါက်တာမင်းထင်ကျော်က စောစောက ကျောက်တုံးပေါ်သို့ ရွာသားနှစ်ယောက် ပစ်တင်သွားသော နွားပေါင်ပြတ်ကြီးကို ကြည့်လိုက်သည်။





မရှိတော့ပေ. . .။

ပတ်ဝန်းကျင်ကို ကြည့်တော့လည်း ထူးထူးခြားခြား ...မှုမတွေ့ရပေ။

ထိုအခိုက်မှာပင် သူ့နောက်ဖက်မှ ခပ်ဖွဖွ နင်းလျှောက် ...သောခြေသံကို ကြားရသဖြင့် ဖျတ်ကနဲ လှည့်ကြည့်လိုက် ...ည်။

တုတ်တစ်ချောင်းနှင့် စမ်း၍လျှောက်လာသော နန်း ...ဇာကို တွေ့ရသည်။

သူမက ဒေါက်တာမင်းထင်ကျော်နှင့် မနီးမဝေးနေရာ ...ာက်သောအခါ ရပ်လိုက်သည်။

အဖြူရောင်ဝတ်ရုံသဖွယ် အင်္ကျီရှည်ကြီးကို ဝတ်ဆင် ...းကာ ခါး၌ ခါးစည်းကြိုးဖြင့် တင်းတင်းချည်နှောင်ထားရာ ...မ၏ခန္ဓာကိုယ်အလှက အထင်းသား ပေါ်လွင်နေသည်။

နန်းသူဇာမှာ မျက်စိမမြင်သည်မှလွဲပြီး ရုပ်ရည်ချော ...ာလှပခြင်းနှင့် ခန္ဓာကိုယ် ဖွံ့ဖြိုးလှပသူတစ်ဦးဖြစ်သည်။

သူမဝတ်ဆင်ထားသော အဖြူရောင်ဝတ်ရုံက အနည်း ...ည် ပါးသဖြင့် လေတိုက်သည့်အခါ လှပသောကိုယ်ခန္ဓာ၏ ...ျိုးအစားကို ဖော်ပြနေသကဲ့သို့ ရှိလေသည်။

“ဆရာ မဟုတ်လား”

အနားရောက်သောအခါ နန်းသူဇာက အပြုံးဖြင့် မေး ...က်သည်။

"ဟုတ်ပါတယ်. . . ကျွန်တော် မင်းထင်ကျော်ပါ"

"ဆရာ့နာမည်ကို မသိရသေးပေမယ့် ဆရာမှန်းတော့ ကျွန်မသိပါတယ်"

"ဟို. . ဟို. . နာမည်ဘယ်လိုခေါ်သလဲဟင်"

"နန်းသူဇာပါ. . . သူဇာလို့ပဲ ခေါ်ပါ ဆရာ"

"သူဇာက မျက်စိမမြင်ရဘူး မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

နန်းသူဇာက အပြုံးဖြင့် ပြောသည်။

"မျက်စိမမြင်ရဘဲ ကျွန်တော်မှန်း ဘယ်လိုသိတာလဲဟင်"

"ကျွန်မက မျက်စိမမြင်ရပေမယ့် အာရုံထဲမှာတော့ အားလုံးမြင်ရတာပဲ၊ မျက်စိမြင်တဲ့လူကမှ ရှေ့ကို ကြည့်ရင် နောက်ကို မမြင်ရဘူး၊ ကျွန်မက ရှေ့ရောနောက်ဘက်ကိုပါ မြင်ရတယ်လေ"

ထိုစကားကြားတော့ အံ့ဩသွားလေသည်။

"ဆရာက အံ့ဩသွားတယ်ထင်တယ်၊ လူတစ်ယောက်မှာ ကိုယ်က ထွက်နေတဲ့အရောင် ရှိတယ်၊ အဲဒီအရောင်က သေတော့မှ ပျောက်သွားတယ်လေ၊ ကျွန်မက လူတစ်ယောက်ကိုသာ မမြင်ရပေမယ့် သူ့ကိုယ်က ထွက်နေတဲ့အရောင်ကိုတော့ မြင်ရတယ်လေ၊ ဒီတော့ သူ့ရုပ်ရည်နဲ့စိတ်နေသဘောထားကိုပါ သိရတာပေါ့"



"ကိုယ်ရောင်ကို ကြည့်ရုံနဲ့ စိတ်နေသဘာထားကို ဘယ်လို့ခဲ့တာလဲဟင်"

"လူချင်း တူပေမယ့် ကိုယ်က ထွက်တဲ့အရောင်ချင်းကတော့ မတူဘူး၊ ပင်ကိုယ်စိတ်ထားအလိုက် အရောင်က ပြောင်းဘယ်၊ စိတ်ထားယုတ်ညံ့တဲ့လူတွေရဲ့ကိုယ်ရောင်က အနက်ရောင် ရှိတယ်၊ သတ္တိရှိပြီး ရက်စက်ကြမ်းကြုတ်တဲ့လူကျတော့ ဦညို့ရောင်၊ တည်ကြည်တဲ့ ဖြောင့်မတ်တဲ့လူကျတော့ အပြာရောင်၊ နူးညံ့သိမ်မွေ့ပြီး အေးအေးချမ်းချမ်း နေချင်တဲ့လူကတော့ အစိမ်းရောင်နဲ့အပြာနုရောင် ရှိတယ်"

"တယ်လည်း ဟန်ကျပါလား၊ ဒါထက် ကျွန်တော့်ကိုယ်မှာရော ဘယ်လိုအရောင်မျိုး တွေ့ရသလဲဟင်"

"အနီရောင်နဲ့အဖြူရောင် ရောထွေးနေတယ်၊ ဆရာက စိတ်ထားဖြူစင်ပြီး ရဲဝံ့စွန့်စားမှုကို ဝါသနာပါလို့ ဖြစ်မှာပေါ့"

ဟု ပြောလေရာ ဒေါက်တာမင်းထင်ကျော်မှာ များစွာ အံ့ဩသွားလေသည်။

"ဒါထက် သူဇာကို မေးရဦးမယ်၊ ဒီတောထဲက မိစ္ဆာကောင်ကြီးက ဘယ်တုန်းကတည်းက ရှိနေတာလဲဟင်"

"ကျွန်မသိရသလောက်တော့ ဟိုတုန်းကတည်းက ရှိနေတဲ့ ရွာထဲကိုတော့ လာသံမကြားမိဘူး၊ တောထဲ သွားတဲ့လူတွေကိုတော့ သတ်ပစ်တယ်လို့ ပြောသံကြားမိတယ်၊ ဆရာက ...မခ တောထဲ သွားမလို့ဆို"

"ဟုတ်တယ် သူဇာရဲ့ သစ်ခွပန်း ရှာဖွေရင်းနဲ့ သွားမလို့ စိစဉ်ထားတယ်"

"ဒီလောက်အန္တရာယ်များတဲ့နေရာကို မသွားပါနဲ့လား ဆရာရယ်"

"ဒီလောက်စိတ်မပူရပါဘူး၊ တကယ်လို့ အန္တရာယ်နဲ့ တွေ့ရင် ကာကွယ်နိုင်ပါတယ်"

"ဒါထက် ဆရာတို့က ဒီရွာက ဘယ်တော့ ပြန်ကြမှာလဲ ဟင်"

"သစ်ခွပန်းတွေ ရှာဖွေရမှာဆိုတော့ တစ်ပတ်နှစ်ပတ် လောက်တော့ နေရဦးမှာပါ"

ထိုစကားကြားသောအခါ နန်းသူဇာမျက်နှာပေါ်မှာ အပြုံးရိပ်ကလေးများ ပေါ်သွားလေသည်။

ထိုသို့ပြောနေကြစဉ် သူတို့ရှိရာသို့ နောက်ထပ်လူတစ်ယောက် ရောက်လာသည်။

ခေါင်လန်ဖုန်ပင်ဖြစ်သည်။

"ငါကတော့ နင်ပျောက်လို့ လိုက်ရှာနေတာ နှံ့နေတာပဲ နင်က ဒီရောက်နေတာကိုး"

"ဘာကိစ္စရှိလို့လဲ"

"နင်နဲ့ စကားပြောစရာရှိလို့ပေါ့ဟာ၊ လာ. . . ငါနဲ့ လိုက်ခဲ့"

"အို. . . မလိုက်ပါဘူး၊ ဒီမှာ ဧည့်သည်ရှိနေတာ မမြင်



ဘူးလား"

"နင်က ကိုယ့်ရွာသားထက် အခုမှ ရောက်လာတဲ့ ဧည့်သည်ကို ပိုပြီးအရေးပေးချင်တဲ့သဘောလား"

ခေါင်လန်ဖန်က ဒေါက်တာမင်းထင်ကျော် နားမလည်နိုင်သော ရဝမ်ဘာသာစကားနှင့် ပြောနေခြင်းဖြစ်၏။

ဒေါက်တာမင်းထင်ကျော်ကလည်း သူတို့အချင်းချင်း ပြောနေသောစကားကို နားမလည်သော်လည်း ခေါင်လန်ဖုန် အမူအယာ အကဲခတ်ကြည့်ရုံနှင့် မကျေမနပ်ဖြစ်နေမှန်း ရိပ်မိလေသည်။

"ဒါက ငါ့ရဲ့ကိုယ်ပိုင်အခွင့်အရေးပဲ၊ နင် ဘာမှဝင်ပြောစရာ မလိုဘူး"

"နင်က ငါ့ကို ရှူးနေတဲ့လူဆိုပြီး အရောမဝင်ချင်တာ ...သား၊ ငါ တကယ်ရှူးနေတယ်ဆိုရင်တောင် နင့်ကို ချစ်တဲ့စိတ်နဲ့ ...နေတဲ့ အချစ်ရူးတစ်ယောက်ဆိုရင် ပိုပြီးမှန်မယ်၊

ငါ နင့်အပေါ်မှာ ဘယ်လောက်ချစ်တယ်ဆိုတာ နင် ...သိဆုံးပါ။ ငါကလွဲပြီး နင် ဘယ်သူ့ကိုမှ မချစ်ရဘူး၊ နင်ချစ်တဲ့ ...ဆိုရင်လည်း ငါ့ရဲ့ရန်သူဖြစ်မှာပဲ၊ အသက်ချင်း လဲဖို့ ဝန်မလေး ...ဆိုတာ နင်မြဲမြဲမှတ်ထားပါ"

ဟု ပြောဆိုနေသည်ကို ကြည့်ပြီး ဒေါက်တာမင်းထင် ...ကျော်က ၎င်းတို့ဘာသာစကားကို နားမလည်သော်လည်း ခေါင် ...န်ဖုန်၏အမူအယာကို ကြည့်ပြီး ၎င်း၏သဘောကို နားလည်မိ

သည်။

အတန်ကြာတော့ ခေါင်လန်ဖုန်က ထိုနေရာမှ ထွက်သွားလေရှာတော့သည်။

ထိုအခါမှ နန်းသူဇာက ဒေါက်တာမင်းထင်ကျော်ကို အားနာသောအမူအယာဖြင့် ပြောသည်။

"ခေါင်လန်ဖုန်က ကျွန်မနဲ့ ငယ်ငယ်ကတည်းက အတူနေလာကြတဲ့သူငယ်ချင်းတွေပါပဲ၊ ဒါပေမယ့် သူက စိတ်မနဲ့ရှာဘူး"

ဒေါက်တာမင်းထင်ကျော်က ပြုံး၍ခေါင်းညိတ်ပြသည်။

"သူက သူဇာအပေါ်မှာတော့ အတော်ကလေး ခင်မင်တဲ့ပုံ ပေါ်တယ်"

"ဒါပေမယ့် သူ့ခင်မင်မှုက မဖြူစင်ခဲ့ဘူး၊ တစ်နေ့ကျရင် အရွတ္တ မဖြူစင်တဲ့လူတွေဟာ ကိုယ့်ကိုယ်ကို ပြန်ပြီးဒုက္ခပေးတတ်တယ်ဆိုတာ လူမသိဘူး"

ဒေါက်တာမင်းထင်ကျော် မျက်စိအမြင်အာရုံ မကောင်းသော်လည်း စိတ်အာရုံကောင်းလှသော နန်းသူဇာကို ကြည့်ပြီး အံ့ဩနေမိလေသည်။

တဖြည်းဖြည်းနှင့် အချိန်ကလည်း ညဦးပိုင်းအချိန် ရောက်လာလေသည်။

ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက်က ထိုနေရာမှ သွားရန် ပြင်နေကြစဉ် နောက်ထပ်တစ်ယောက် ရောက်လာပြန်



သည်။ နန်းသူဇာ၏အစ်မ နန်းရွှေရည်ဖြစ်သည်။

"ကျွန်မက ညီမလေး ဘယ်ပျောက်နေသလဲလို့ လိုက်ရှာနေတာ၊ သူက ဒီရောက်နေတာကိုး၊ ဒါထက် အစ်ကိုက ခေါ်စာပွဲ ဝင်မစားဘူးလားဟင်"

"မစားချင်တာနဲ့ ဒီဘက် ထွက်လာတာပါ"

"အဖေကတောင် အစ်ကို့ကို မေးနေသေးတယ်"

"ဒါဖြင့်လည်း သွားကြမယ်လေ"

ဟု ပြောကာ သုံးယောက်သား တောစပ်မှ ပြန်ထွက်လာခဲ့လေသည်။

ထိုအခါမှပင် တစ်ချိန်လုံး သစ်ပင်ကွယ်တစ်နေရာမှ သူတို့ကို လှမ်းကြည့်နေသော မည်းမည်းသဏ္ဌာန်ကြီးမှာ အမဲသားပိုင်းကြီးကို ထမ်းကာ တောတွင်းသို့ဝင်သွားသည်ကိုတော့ ဒေါက်တာမင်းထင်ကျော်တို့ မမြင်လိုက်တော့ပေ။





အခန်း(၁၀)

# တောကြီးမာယာဝက်ပါ

ထိုညက ခေါ်စာစားပွဲကို အတော်ညဥ့်နက်မှ သိမ်းကြလေသည်။

ထိုသို့ပြုလုပ်ပြီးနောက် တစ်ညလုံး မည်သည့်အသံမှလည်း မကြားရ၊ အနှောင့်အယှက်လည်း မတွေ့ရတော့ဘဲ ကောင်းမွန်စွာ အိပ်စက်ကြရတော့သည်။

နောက်တစ်နေ့ နံနက်ပိုင်းမှာတော့ ဦးထန်ဖုန်းရှိန်နှင့် လူအချို့ ရောက်လာသည်။

ဂုဏ်တို့နှင့်အတူ ကျတ်သူတော်လည်း ပါလာလေသည်၊

"ဆရာတို့ ဒီကနေ့ တောထဲ ဝင်ဖို့ စီစဉ်ထားတယ်ဆို ဒီတောက ပိတ်ပင်ထားတဲ့တောကြမ်းဆိုတော့ အန္တရာယ်များပါတယ်၊

ဒါကြောင့် ဒီတောကို အကျွမ်းကျင်ဆုံးဖြစ်တဲ့ ကျုပ်ရဲ့ တပည့် ကျတ်သူတော်ကို ထည့်ပေးလိုက်ပါမယ်"

"ကျေးဇူးတင်ပါတယ်"

"ဒါ့အပြင် ပစ္စည်းတွေ ထမ်းဖို့ နောက်ထပ် လူနှစ်ယောက်လည်း ထည့်ပေးလိုက်ပါ့မယ်"

"အခုလို အကူအညီပေးတာ အများကြီး ကျေးဇူးတင်ပါတယ် ဆလိုင်း"

"ရပါတယ်. . . ကိုယ့်ရွာကို တကူးတက ရောက်လာတဲ့ ဧည့်သည်တွေပဲ၊ လိုတဲ့အကူအညီ ပေးရမှာပေါ့၊ တစ်ခုပဲ စိုးရိမ်မိပါတယ်"

"ဘာများလဲ ဆလိုင်း"

"တောထဲ ရောက်တဲ့အခါ တစ်စုံတစ်ခုဖြစ်သွားမှာကိုပဲ စိုးရိမ်တာပါ"

"ဒီအတွက်တော့ စိတ်မပူပါနဲ့၊ ကျွန်တော်တို့မှာ သေနတ်တွေလည်း ပါလာတာဆိုတော့ တော်ရုံအန္တရာယ်လောက်ကိုတော့ တိုက်ခိုက်နိုင်ပါတယ်"

ဒေါက်တာမင်းထင်ကျော်တို့လေးယောက်မှာ သေနတ်



...စ်လက် ပါပြီး လမ်းပြပါလာသော ထမုံနှင့် လူရိုန်တို့နှစ်ယောက် ...င် လေးနှင့်အဆိပ်လူးမြားများ ပါလာကြသည်။

"ဘာပဲဖြစ်ဖြစ်ပေါ့လေ. . . ဘာမှမဖြစ်ရင်တော့ ...ကောင်းတာပေါ့၊ မသွားခင် ကျုပ်ကို ကတိတစ်ခုတော့ ပေးစေ ...ချင်တယ်"

"ဘယ်လိုကတိမျိုးပါလဲ"

"တခြားတော့ မဟုတ်ပါဘူး၊ အန္တရာယ်ရှိတဲ့နေရာတွေ ...ရောက်တဲ့အခါ ကျတ်သူတော်က တားရင်သာ ရွတ်တိုးပြီး မလုပ် ...ကြဖို့ပါပဲ"

"စိတ်ချပါ. . . အန္တရာယ်ရှိတဲ့အလုပ်တွေကို မလုပ်ပါ ...ဘူး ကျွန်တော်တို့ရဲ့ရည်ရွယ်ချက်က သတ္တဝါတွေကို ရန်ရှာဖို့ ...ဟုတ်ပါဘူး၊ သစ်ခွပန်း ရှာဖို့ ရည်ရွယ်ချက်ပါပဲ၊ ကိုယ့်ကို ...သက်အန္တရာယ် ရှိလောက်တဲ့အထိ ရန်ရှာမလာဘူးဆိုရင် ...ယ်လိုသတ္တဝါမျိုးကိုမှ မသတ်ပါဘူးလို့ ကတိပေးပါတယ်"

ထိုစကားကြောင့် ဦးထန်ဖုန်းရှိန်ကလည်း ကျေနပ်သွား ...န်ရှိလေသည်။

ဒေါက်တာမင်းထင်ကျော်တို့ တောထဲ ဝင်ရန်ပြင်သော ...ခါ ဦးထန်ဖုန်းရှိန်အပါအဝင် အခြားရွာလူကြီးများကပါ အလံ ...ိုင်စိုက်ပြီး စည်းတားထားသော နေရာအစပ်အထိ လိုက်ပို့ပေး ...လေသည်။

တောတွင်းသို့ ဝင်ရမည့်နေရာမှာ သစ်သားချောင်းများ

နှင့် တံခါးပေါက်သဖွယ်ပြုလုပ်ထားပြီး အဖြူရောင်အလံတို တစ်တိုင် စိုက်ထားလေသည်။

ထိုအစပ်နားရောက်သောအခါ လိုက်ပို့ပေးသော ရွာ ကြီးများက ရှေ့ဆက်မလာတော့ဘဲ ရပ်ကျန်ခဲ့ကြသည်။

သစ်လုံးတံခါးကို တွန်း၍ အတွင်းကို ဝင်သောအ ပထမ စည်းကြိုးကို စတွေ့ရသည်။

နွယ်ကြိုးဖြင့် တန်းထားသည့် ထိုစည်းကြိုး၌ အဝါရော အလံကလေးများ ချိတ်ဆွဲထားလေသည်။

စည်းတန်းထားသောကြိုးက လေမတိုးပါဘဲနှင့် လှု ယမ်းလျက်ရှိနေသည်။

တောတွင်း ဝင်ကြမည့်အဖွဲ့မှာ ဒေါက်တာမင်းထ ကျော်တို့က (၆)ယောက်နှင့် ကျွတ်သူတော်တို့က (၃)ယော စုစုပေါင်း(၉)ယောက်ဖြစ်သည်။

ရွာမှ လိုက်လာသော သုံးယောက်ကတော့ ဓါးလုံမှ သာ ပါလေသည်။

၎င်းတို့အားလုံးကို ခေါင်းဆောင်လမ်းပြပေးမည့်သူ ဦးထန်ဖုန်းရှိန်၏တပည့်ကြီး ကျွတ်သူတော်ပင်ဖြစ်၏။ ၎င်း ရှေ့မှ ဦးဆောင်ကာ လမ်းပြပေးသွားလေသည်။

အဝါရောင်အလံကလေးများ ချိတ်ဆွဲထားသော တန်း ကြိုးနေရာ ရောက်တော့ ရပ်လိုက်သည်။

တန်းကြိုးက လူတစ်ယောက် ရင်ဆို့သာသား



သည်။

ကျွတ်သူတော်က တန်းကြိုးကို လက်ဖြင့် ကိုင်ကာ ြှောက်ပေးလိုက်သဖြင့် အားလုံးခေါင်းငုံ့ကာ အတွင်းသို့ ဝင်ကြ လသည်။

ပထမစည်းကြိုး ကျော်ပြီး ဆယ်ပေခန့်အကွာတွင် ာက်ထပ်စည်းကြိုးတစ်ချောင်း တားထားသည်ကို တွေ့ရ ည်။

ထိုကြိုးတန်းမှာတော့ အနီရောင်အလံကလေးများ ချိတ် ထားသည်။

ထိုစည်းကြိုးတန်းကိုလည်း ကျွတ်သူတော်ကပင် လက် မ,ပေးရာ အတွင်းသို့ ဝင်ကြရသည်။

နောက်ဆုံးစည်းကြိုးမှာတော့ အနက်ရောင်အလံ လေးများ ချိတ်ဆွဲထားသည်။

ထိုစည်းကြိုးသည် နောက်ဆုံးဝင်ရသည့်စည်းကြိုးဖြစ် ည်။

ထိုနေရာမှ ကျော်သောအခါ တောထဲသို့ ရောက်သွား သည်။

"ဒါဟာ ဝိတ်ပင်ထားတဲ့ မရဏတောကြမ်းဖြစ်ပါတယ်၊ ှားတို့ အလိုရှိတဲ့နေရာတွေကို လိုက်ကြည့်နိုင်ပါတယ်၊ ှားတို့အတွက် အန္တရာယ်ကင်းစေဖို့ ညက ခေါ်စာပစ်ရင်းနဲ့ ာင်းပေးထားပါတယ်"

ဟု ကျွတ်သူတော်က အသံသြသြကြီးဖြင့် ပြောလေသည်။ တောအတွင်းသို့ ရောက်သောအခါ သစ်ပင်ကြီးငယ်တို့က တစ်ပင်နှင့်တစ်ပင် နွယ်ယှက်ကာ နေပြောက်မထိုးအောင် ရှိလေသည်။

လူသူအရောက်မရှိသောကြောင့် ကျွန်း၊ ပျဉ်းကတိုး အစရှိသော အဖိုးတန်သစ်ပင်ကြီးများမှာ ကြီးချင်တိုင်း ကြီးနေတော့သည်။

ဒေါက်တာမင်းထင်ကျော်က တောတွင်း ရောက်သော အခါ အခြေအနေများကို အကဲခတ်ကြည့်လေသည်။

အချို့နေရာများမှာ လူသွားလမ်းသဖွယ်ရှိနေပြီး အချို့ နေရာများမှာတော့ သစ်ပင်များကြားမှ တိုးဝှေ့သွားသော လက္ခဏာများကို တွေ့ရသည်။

အကယ်၍သာ လူတစ်ယောက် သွားသည်ဆိုပါက မလွတ်သော သစ်ပင်သစ်ကိုင်းများကို ဓါးဖြင့် ခုတ်ထွင်ပြီး သွားမည်ဖြစ်သော်လည်း ယခုတွေ့ရသည်က သစ်ကိုင်းများကို လက်ဖြင့် ချိုးချထားခဲ့သည်ကို တွေ့ရလေသည်။

မြေပျော့သောနေရာများ၌မူ လူခြေရာနှင့် ဆင်ဆင်တူ သောခြေရာအချို့ကို တွေ့ရလေသည်။

တစ်နေရာရောက်တော့ သေဆုံးနေတာ ကြာပြီဖြစ် သော လူအရိုးစုများကို တွေ့ရသည်။

အဝတ်အစားများကို ကြည့်ရုံနှင့် ဒေသခံများ ဖြ





ကြောင်း သိနိုင်လေသည်။

အခြားတစ်နေရာမှာတော့ နွားပေါင်ရိုးအချို့ တွေ့ရ သည်။

ခေါစာပစ်သောအမဲသားပိုင်းမှ အရိုးများဖြစ်မည်ဟု ဘွားလိုက်မိသည်။

ထိုနေရာတဝိုက်မှာ ညှီစော်ပုတ်စော်များ လှိုင်နေသည်။

ဒေါက်တာမင်းထင်ကျော်က ထိုနေရာမှာ ရပ်ပြီး ပတ် န်းကျင်ကို အကဲခတ်ကြည့်သည်။

ထိုနေရာမှ အပေါ်သို့ တက်သွားသော လမ်းကြောင်းက းများ ရှိပြီး တောင်ကုန်းပေါ်မှာတော့ ကျောက်တောင်များ ာန်တူ၏။

ဒေါက်တာမင်းထင်ကျော်က ထိုနေရာသို့ ရောက်သော ခါ အပေါ်သို့ တက်သွားရန် ဟန်ပြင်လိုက်တော့ ကျွတ်သူ ာ်က တားသည်။

"အဲဒီအပေါ်မှာ ကျောက်တောင်နဲ့ကျောက်ဂူတွေပဲ ယ် ခင်ဗျားတို့ လိုချင်တဲ့ သစ်ခွပန်းတွေ အဲဒီဘက်မှာ မရှိနိုင် ဂူပေါက်တွေထဲမှာ လူကို အန္တရာယ်ပေးနိုင်တဲ့ မိစ္ဆာကောင် ရှိနိုင်တာမို့ တခြားနေရာ သွားပါ"

ထိုသို့ပြောနေစဉ်မှာ ဂူပေါက်များ ရှိရာဘက်မှ စူးစူးဝါး အော်သံအချို့ ကြားလိုက်ကြရသည်။

"ဒီနေရာက သွားကြစို့"

ဟု ပြောသဖြင့် ထိုနေရာမှ ထွက်ခဲ့ကြလေသည်။

အခြားနေရာများမှာတော့ နောက်ထပ်ထူးထူးခြားခြား မတွေ့ရဘဲ သစ်ပင်များပေါ်မှာ ပေါက်နေသည့် ရှားပါးသော သစ်ခွပန်းမျိုးအတော်များများကို စုဆောင်းရလေသည်။

နေ့လည်ဘက်အချိန် ခေတ္တနား၍ အစားအသောက် စားရန်ပြင်သောအခါ ကျွတ်သူတော်က ပြောသည်။

"ဟိုဘက်နားမှာ သစ်ပင်ကြီးတစ်ပင်ရှိတယ်၊ အဲဒီအပင် အောက်မှာ နားကြရင် အဆင်ပြေတယ်၊ ခင်ဗျားတို့ သွားနှင့်ကြ ပါ၊ ကျုပ်တို့ ရေခပ်ပြီး လိုက်လာခဲ့မယ်"

ဟု ပြောကာ ထွက်သွားသဖြင့် ဒေါက်တာမင်းထင် ကျော်တို့က ကျွတ်သူတော် ညွှန်ပြရာဘက်သို့ တက်လာကြ သည်။

မနီးမဝေးနေရာလောက်မှာပင် ၎င်းညွှန်ပြလိုက်သည့် သစ်ပင်အုပ်အုပ်ကြီးကို လှမ်းမြင်ရသည်။

"ဟိုသစ်ပင်ပဲ ဖြစ်မယ်ထင်တယ်"

"နေဦး မောင်ထင်ကျော်၊ သူတို့ မလိုက်ဘဲ ကျုပ်တို့ကို ချည်း အရင်လွှတ်လိုက်တာ အကြောင်းရှိရမယ်၊ သစ်ပင်တဝိုက် မှာလည်း ထူးထူးခြားခြား ငြိမ်သက်နေတယ်၊ အခြေအနေကြည့် ရင် ကောင်းမယ်"

ဟု ပြောသဖြင့် ဆက်မသွားကြဘဲ ရပ်နေလိုက်လေ သည်။





အတန်ကြာအောင် ရပ်ကြည့်နေသော်လည်း သစ်ပင် ပေါ်သို့ ကျေးငှက်တိရစ္ဆာန်များ တစ်ကောင်တလေမှပင် လာ ရောက်နားခြင်း မရှိသလို သစ်ပင်အောက်သို့လည်း မည်သည့် တိရစ္ဆာန်မှ ဝင်ရောက်လာခြင်းမရှိပေ။

၎င်းတို့ ရပ်နေကြစဉ်မှာ တောထဲမှ ပြေးလာသော ခြေသံကြားရသဖြင့် သေနတ်များကို အဆင်သင့် ပြင်လိုက်ကြ သည်။

ထိုအချိန်မှာပင် ၎င်းတို့၏အရှေ့ဘက်တောစပ်မှ တော ဝက်တစ်ကောင် ပြေးထွက်လာသည်။

တောဝက်က အတော်ကြီးသည်။

တောဝက်မှာ ဒေါက်တာမင်းထင်ကျော်တို့ ရပ်နေသည် ကို လှမ်းမြင်သော်လည်း ဂရုမစိုက်ဘဲ နောက်မှ လိုက်လာသော အန္တရာယ်ကြောင့် ရှေ့သို့ ပြေးသွားလေသည်။

သစ်ပင်ကြီးနှင့် မနီးမဝေး ရောက်သောအခါ တောဝက် မှာ သေနတ်ကျည်ဆန်ဖြင့် ထိမှန်ခံလိုက်ရသလို ဒါမှမဟုတ် အဆိပ်လှူးမြှားဖြင့် အပစ်ခံလိုက်ရသကဲ့သို့ တုံ့ကနဲ ပစ်လဲကျ သွားတော့သည်။

ပြန်မထနိုင်တော့ပေ။

ထိုအခိုက်မှာပင် နောက်မှ လိုက်လာသောမုဆိုး ရောက် လာသည်။

အခြားမဟုတ်ပေ. . .။

တောကောင်ကြီးပင်ဖြစ်သည်။

တောကောင်ကြီးက ၎င်း၏မျက်စေ့ရှေ့တည့်တည့် သစ်ပင်အောက်၌ တောဝက်လဲနေသည်ကို မြင်သော်လည်း ဆက်မလိုက်တော့ဘဲ တုံ့ကနဲ ရပ်လိုက်လေသည်။

အရှိန်ဖြင့် လာသောမော်တော်ကားကို ဘရိတ်အုပ်လိုက်သည်နှင့် သဏ္ဌာန်တူသည်။

ဒေါက်တာမင်းထင်ကျော်တို့ ရှိနေသောနေရာမှာလည်း တောကောင်ကြီး ရောက်နေသောနေရာနှင့် မဝေးလှသဖြင့် သေနတ်များဖြင့် အဆင်သင့် ကိုင်ကာ စောင့်ကြရသည်။

တောကောင်ကြီးက သဲကြီးမဲကြီး လိုက်လာသော တောဝက်ကို မျက်စေ့ရှေ့မှာ တွေ့နေရသော်လည်း စားလိုစိတ် ရှိဟန်မတူပေ။

သို့ကြောင့် ဒေါက်တာမင်းထင်ကျော်တို့ ရှိရာဘက်သို့ တစ်ချက်လှည့်ကြည့်၍ ပါးစပ်ကြီးကို အစွမ်းကုန် ဖြဲကာ တောတွင်းသို့ ပြန်ဝင်သွားလေသည်။

"ဟန်ကျတာပဲ. . . စားရက်ကြံလို့ မုတ်ဆိတ်ပျားစွဲတာပဲ. . . ဟင်းစားရပြီ"

ဟု လမ်းပြလိုက်လာသောထမုံက ပြောကာ တောဝက်ရှိရာသို့ သွားရန် ဟန်ပြင်ရာ ဦးဗန်ကောင်းက လှမ်းတားလိုက်သည်။

"တောဝက်သေသလို မသေချင်ရင် အေးအေးနေ၊ မင်း



ကို တောထဲတောင်ထဲမှာ နေကြတာပဲ၊ ဒီအပင် ဘာပင်လဲဆိုတာ မသိဘူးလား"

"ဘာပင်လဲ အဘ"

"အဆိပ်ပင်လို့ ခေါ်တယ်၊ ဘယ်လောက်အဆိပ်ပြင်းသလဲဆိုရင် သစ်ပင်အောက်ကို ဝင်ဖို့မဆိုထားနဲ့ အဲဒီအပင်နားကို သွားလို့ လေထဲမှာ ပါလာတဲ့အငွေ့ ရှူမိရုံနဲ့ အသက်သေစေနိုင်တယ်"

"ဟင်. . . ဒါဖြင့် ဟိုတောဝက်သေရတာ အဆိပ်သင့်ပြီး သေရတာပေါ့. . . ဟုတ်လား အဘ"

"ဟုတ်တယ်. . . တောဝက်က မသိလို့ အဆိပ်ပင်အောက် ဝင်မိတာ မဟုတ်ဘူး၊ နောက်က လိုက်လာတဲ့အန္တရာယ်ကို ကြောက်ပြီး ပြေးမိပြေးရာပြေးရင်းနဲ့ အမှတ်တမဲ့ ရောက်သွားလို့ သေရတာ၊ ဒါကြောင့် ကျားက ဝင်မဆွဲဘဲ ပြန်လှည့်သွားတာ"

"တော်တော်အဆိပ်ပြင်းတာပဲ. . . အငွေ့သင့်ရုံနဲ့ သေတာဆိုတော့ မြားအဆိပ်အဖြစ် သုံးရင်တော့ ထိတာနဲ့ သေမှာပဲ၊ ဒါပေမယ့် သူ့ဆီက အဆိပ်ရည်ကို ဘယ်လိုယူမလဲ"

"ရအောင်ယူတဲ့နည်း ရှိပါတယ်၊ ရှေးက မုဆိုးကြီးတွေ ဒီလိုပဲ ရအောင်ယူခဲ့ကြတာပါ"

"ဘယ်လိုယူသလဲ အဘ"

"အဆိပ်ရည် ယူတော့မယ်ဆိုရင် အဆိပ်ပင်ရဲ့လေတင်

ဘက်က နေရာယူရတယ်၊ သွားမယ့်လူက ဝါးဆစ်ပိုင်းအချွန်ကို ယူသွားရတယ်၊ အားလုံးပြင်ပြီးတာနဲ့ တစ်ကိုယ်လုံး နွယ်ကြိုးနဲ့ ပတ်ပြီး အဆိပ်ပင်အောက် ရောက်အောင် လွှဲပေးလိုက်ရတယ်၊ အပင်အောက် ရောက်တာနဲ့ ပင်စည်မှာ ဝါးဆစ်ပိုင်းအချွန် စိုက်သွင်းခဲ့ရတယ်၊

ပြီးတာနဲ့ ကျန်တဲ့လူတွေက အဝေးရောက်အောင် ကြိုးနဲ့ ဆွဲယူရတယ်၊ အပြင်ရောက်တာနဲ့ သတိမေ့သွားတတ်တာမို့ ဆေးကုဖို့လည်း အဆင်သင့် ပြင်ထားရသေးတယ်"

"ဘယ်လိုကုတာလဲ အဘ"

"တစ်ကိုယ်လုံး အဆိပ်ဖြေဆေး လိမ်းတာတို့ ဆေးတိုက်တာတို့ လုပ်ပေးရတယ်၊ အဲဒီလို ဆေးကုရင်တောင် အနည်းဆုံး သုံးနာရီ လေးနာရီလောက်ကြာမှ သတိပြန်ရလေ့ရှိတယ်၊ ပြန်ယူတဲ့အခါမှာလည်း အဲသည်လို စွန့်စားရတယ်"

"အတော့်ကို အန္တရာယ်များတာပဲ၊ ဒါပေမယ့် အဲဒီအဆိပ်ရေ ရရင်လည်း အတော်ဟန်ကျမှာပဲ"

ဟု လူရှိန်က ပြောသည်။

"ဒါပေမယ့် ဒီအဆိပ်မျိုးက လူတိုင်း ကိုင်တွယ်သုံးစွဲလို့ မရဘူး၊ အနည်းဆုံး အဆိပ်ထုတ်ယူရင်လည်း ရွာလူကြီးတွေ သိရတယ်၊ သုံးတဲ့လူကလည်း ရွာလူကြီး ခွင့်ပြုတဲ့လူမှ သုံးခွင့်ရတယ်၊

နောက်တစ်ခုက ဒီအဆိပ်ကို သုံးတဲ့အခါမှာ စည်းကမ်း





က်တွေ ရှိသေးတယ်"

"ဘယ်လိုစည်းကမ်းချက်တွေလဲ အဘ"

"မိသားစုတွေကို အရှက်တကွဲ အကျိုးနည်းဖြစ်အောင် ပ်တဲ့လူ၊ အသက်ဘေးအန္တရာယ်ပြုလာတဲ့လူ၊ တောထဲမှာ ည်း အသက်ဘေးကြုံတဲ့အခါမှသာ အဆိပ်ကို ထုတ်သုံးရ ယ်၊ သာမန်အမဲလိုက်တဲ့အခါမှာ သုံးခွင့်မရှိဘူး၊ အဲဒီအဆိပ်နဲ့ ်လို့ သေတဲ့ သားကောင်ကိုလည်း စားဖို့မပြောနဲ့၊ ရွာထဲကို ောင် ယူလာခွင့် မပြုဘူး၊

တကယ်လို့ အဲဒီလို သားကောင်ရဲ့အသားကို စားရင် းသမျှ သေတာပဲ"

"အတော်ကြောက်စရာကောင်းတာပဲ"

ဟု ပြောဆိုကာ အဆိပ်ပင်ကြီး ရှိရာသို့ လှမ်းကြည့်နေ ကြလေသည်။

ထိုအချိန်မှာပင် ကျတ်သူတော်တို့သုံးယောက် ပြန် ရောက်လာကြသည်။

"ဟင်. . . ခင်ဗျားတို့ ဟိုသစ်ပင်အောက်ကို ဘာ ကြောင့် မသွားကြသေးတာလဲ"

ဒေါက်တာမင်းထင်ကျော်က မြန်းလိုက်သည်။

"သစ်ပင်အောက်မှာ ဝက်ကို ကျားက သတ်နေတာ တွေ့လို့ မသွားသေးတာပါ။ ဟိုမှာ ဝက်တော့ သေနေပြီ၊ ခင်ဗျား ို့အတွက် ဟင်းစားရတာပေါ့. . . သွားယူလိုက်ပါလား"

ဒေါက်တာမင်းထင်ကျော်စကား ကြားသောအခါ ကျတ်သူတော်မှာ တွန့်ကနဲဖြစ်သွားလေသည်။

"ကျားရှိမှတော့ မသွားဝံ့ပါဘူးဗျာ၊ ကဲ. . . ဒါဖြင့် ဒီနေရာ မဟုတ်တော့လည်း အခြားနေရာသွားကြတာပေါ့"

ဟု ပြောကာ ကျတ်သူတော်က ရှေ့မှ ခပ်သုတ်သုတ်ထွက်သွားလေရာ ဒေါက်တာမင်းထင်ကျော်တို့က နောက်မှ ပြုံး၍ကြည့်နေကြသည်။

ထိုနေ့ကတော့ နောက်ထပ် မည်သည့်အန္တရာယ် အနှောင့်အယှက်မှ မတွေ့ရတော့ဘဲ သစ်ခွပန်းများကို ရှာဖွေနိုင်ကြရာ ရှားပါးပြီး ထူးခြားသော သစ်ခွအတော်များများကို ရရှိခဲ့ကြလေရာ ညနေပိုင်းအချိန်ရောက်မှ ရွာသို့ ပြန်ရန်ပြင်ကြလေသည်။

ထိုအခါမှပင် အန္တရာယ်၏အရိပ်အငွေ့နှင့် တွေ့ရတော့သည်။ ညနေပိုင်းအချိန်ရောက်လာသောအခါ မိုးမခတောတွင်းမှာ အမှောင်ရိပ်များ သမ်းလာလေသည်။

ထိုအချိန်မျိုးတွင် အန္တရာယ်ရှိသော တောနက်ထဲမှာ မနေသင့်သောကြောင့် ပြန်ထွက်ရန် ပြင်နေကြချိန်မှာ ၎င်းတို့ရှိနေသောနေရာနှင့် မနီးမဝေးမှ သတ္တဝါတစ်ကောင်၏မာန်ဖီသံကို ကြားရသည်။

"ဂီး. . . ဂီး"

အသံမှာ ဝံပုလွေတစ်ကောင် မာန်ဖီသောအသံနှင့် ခပ်



ဆင်ဆင် တူလေသည်။

၎င်းတို့ နေရာမှ ထွက်လာကြစဉ် နောက်ဖက်မှ ပြေး ဲ့က်လာသောခြေသံကို အတိုင်းသား ကြားနေရသည်။

တိတ်ဆိတ်နေသောတောတွင်းမှာ သစ်ရွက်ခြောက် ှားပေါ်မှ နင်းလာသောခြေသံမှာ အတော်ကျယ်လှသည်။

ဒေါက်တာမင်းထင်ကျော်က သေနတ်ကို မောင်းတင်ပြီး အသံကြားရာဘက်သို့ လှမ်းကြည့်နေသည်။

ကျန်အဖွဲ့သားများကလည်း အဆင်သင့် ပြင်ထားကြ သည်။

ထိုအခိုက်မှာပင် အခြားနေရာများမှလည်း သတ္တဝါများ ၏အော်သံနှင့် မာန်ဖီသံလိုအသံများ ကြားလာရလေသည်။

အသံများက တဖြည်းဖြည်း နီးလာပြီးနောက် သစ်ပင် သစ်ကိုင်းများ၏လှုပ်ရှားမှုပါ မြင်လာရသည်။

အတန်ကြာတော့ သစ်ချုံများနောက်မှ သတ္တဝါတစ် ကောင်၏ဦးခေါင်းပိုင်းကြီး ထလာသည်။

အခြားမဟုတ်ပေ. . .။

ဟိုတစ်ညက မြင်လိုက်သော မိစ္ဆာကောင်ကြီးပင်ဖြစ် ၏။

အဝတ်နက်ကြီးကို ခေါင်းမှာ ခြုံထားပြီး အရိုးခေါင်း သဏ္ဌာန် မျက်နှာကြီးဖြင့် သူတို့ရှိရာသို့ လှမ်းကြည့်နေသည်။

ရှေ့သို့ ငေါထွက်နေသည့်အစွယ်များကို အတိုင်းသား

မြင်ရလေသည်။

ဒေါက်တာမင်းထင်ကျော်က သေနတ်ဖြင့် ချိန်ကာ ပင်လိုက်လေသည်။

"ဒိုင်း. ."

သို့သော် မထိပေ။

အဘယ့်ကြောင့်ဆိုသော် သူပစ်လိုက်သောအချိန်မှာပင် အနားမှာ ရှိနေသော ကျွတ်သူတော်က သေနတ်ပြောင်းကို ပုတ်လိုက်သောကြောင့်ဖြစ်သည်။

နောက်တစ်ချက် ပစ်ရန် လှမ်းကြည့်လိုက်တော့ ထိုနေရာ၌ သတ္တဝါကြီး မရှိတော့ပေ။

"ဘာကြောင့် ဒီလိုလုပ်တာလဲ"

"သူ့ကို သတ်လို့မဖြစ်ဘူး၊ သူ တစ်ခုခုဖြစ်သွားတာနဲ့ ညဆိုရင် ကျုပ်တို့တစ်ရွာလုံး ချေချေညက်ညက် ကျေသွားလိမ့်မယ်၊

ခင်ဗျားတို့က ဧည့်သည်တွေဆိုတော့ ပြီးတာနဲ့ ပြန်သွားကြမှာ၊ ဒီမှာ ကျန်ခဲ့မယ့် ကျုပ်တို့တတွေသာ အန္တရာယ်နဲ့ ရင်ဆိုင်ရမှာ၊ ဒီတော့ ကျုပ်စကားကို နားထောင်ပါ၊ အန္တရာယ်ရှိတာကို မလုပ်နဲ့"

ကျွတ်သူတော်စကား ကြားသောအခါ တောထဲ မဝင်ခင်က ရွာလူကြီးဦးထန်ဖုန်းရှိန်ကို ကတိပေးခဲ့ရသောစကားကို သတိရသဖြင့် စိတ်လျှော့လိုက်ရလေသည်။





သေနတ်သံ ပေါ်ထွက်လာပြီးနောက် တောထဲမှာ ဆူဆူညံညံအသံများလည်း မကြားရတော့ပေ။

သို့ကြောင့် မိုးမခတောအတွင်းမှ ပြန်ထွက်ခဲ့ကြလေသည်။ ဒေါက်တာမင်းထင်ကျော်စိတ်ထဲမှာတော့ တစ်စုံတစ်ခုကို သံသယ ရှိနေလေသည်။





အခန်း(၁၁)

# စည်းကျော်လာသည့် မိစ္ဆာကောင်

ထိုနေ့ညက အတော်ညဉ့်နက်သည့်အချိန်ရောက်သည်အထိ မအိပ်ကြသေးဘဲ နေ့လည်က ကြုံတွေ့ကြရသည့် အကြောင်းများကို ပြောဆိုနေကြသည်။

"ကျွန်တော့်အထင်ပြောရရင်တော့ တောထဲကို လိုက်ပို့တဲ့ ကျတ်သူတော်ဆိုတဲ့လူကြီးက သိပ်ပြီးမရိုးသားဘူး၊ နေ့လည်က ကျွန်တော်တို့ကို အဆိပ်ပင်ရှိတဲ့နေရာ သွားဖို့ သိလျက်နဲ့ လမ်းချောက်တွန်းတာပဲ ဖြစ်ရမယ်"

ဟု စောထီးက ပြောသည်။

ထိုနေ့ညက ဒေါက်တာမင်းထင်ကျော်တို့လေးယောက်သာ အိမ်ပေါ်မှာ အိပ်ကြပြီး ထမုံနှင့်လူရှိန်တို့ကတော့ အိမ်အပြင်ဘက်မှာ ဖိုထားသောမီးပုံနံဘေးမှာ အိပ်ကြလေသည်။

ဒေါက်တာမင်းထင်ကျော်တို့က အအေးဒဏ်ကို ခံနိုင်ရန် စောင်နှင့်အနွေးထည်များနှင့် နေနိုင်သော်လည်း ဒေသခံများ ဖြစ်ကြသည့် ထမုံတို့ကတော့ အရပ်ခလေ့အတိုင်း မီးပုံရှိမှသာ အိပ်နိုင်ကြသည်။

"ဖြစ်နိုင်တာပေါ့ စောထီးရာ၊ သူ တမင်ချောက်တွန်းတယ်ဆိုတာ အသိသာကြီးပဲ၊ ဆရာက သေနတ်နဲ့ ပစ်တော့လည်း သူပဲ ဝင်ပြီးနှောင့်ယှက်တာပဲ၊ မဟုတ်ကာမှလွဲရော. . . တောထဲမှာ ရှိတဲ့ မိစ္ဆာကောင်တွေနဲ့များ အဆက်အသွယ် ရှိနေရောသလား"

ငမဲအောင်၏ထင်မြင်ချက် ကြားသောအခါ ဒေါက်တာမင်းထင်ကျော်ကပါ ခေါင်းညိတ်ပြသည်။

"မင်းတို့နှစ်ယောက်ရဲ့ထင်မြင်ချက်တွေ မှန်ပါတယ်၊ မိုးမခတောထဲမှာ ကြောက်စရာကောင်းတဲ့ မိစ္ဆာကောင်ကြီးတွေ ရှိနေတာရော၊ ဒီမိစ္ဆာကောင်ကြီးတွေနဲ့ ကျွတ်သူတော်ဟာ တစ်နည်းနည်းနဲ့ ဆက်စပ်မှု ရှိနေတာ သေချာပါတယ်"

"ဒါဖြင့် ဘယ်လိုလုပ်မလဲ ဆရာ"

"ငါတို့ကတော့ ဒီမှာပဲ စခန်းချပြီး တောထဲ ဝင်ရှီးမှာ



ဒီတောထဲမှာ ငါတို့ လိုချင်တဲ့ သစ်ခွမျိုးစိတ်တွေ အများကြီး ရှိတယ်၊ နောက်တစ်ချက်က ဒီရွာက လူတွေ သိပ်ပြီးကြောက်ရွံ့နေကြပေမယ့် ဒီမကောင်းဆိုးဝါးကြီးတွေနဲ့ ပတ်သက်ပြီး အဖြေသိချင်သေးတယ်"

"တကယ်လို့ ရွာလူကြီးက အဲသည်လို လုပ်မှာကို လက်ခံဘူးဆိုရင်ကော ဘယ်လိုလုပ်မလဲ"

"ဒီတော့လည်း ကိုယ့်သဘောနဲ့ကိုယ် တောထဲ သွားကြတာပေါ့ကွာ၊ ဒီတောက အစိုးရ ပိုင်တဲ့ သစ်တောကြိုးဝိုင်းပဲ၊ အစိုးရဆီက ခွင့်ပြုချက် ပါရင် ဝင်လို့ရတာပဲ"

ဟု ပြောဆိုနေကြလေသည်။

ညဥ့်နက်ပိုင်းရောက်သောအခါ မောမောပန်းပန်းနှင့် အိပ်ကြလေသည်။

မီးပုံနံဘေးမှာ ရှိနေကြသော ထမုံနှင့်လူရှိန်တို့ကတော့ ီးအပူရှိန်နှင့် အိပ်ကြလေသည်။

ညဦးပိုင်းက လူသံသူသံများဖြင့် ဆူညံနေသော မူလာနီရွာကလေးမှာ ညဥ့်နက်ပိုင်းရောက်သောအခါ တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

လရောင်မရှိသဖြင့် အမှောင်ရိပ်များကလည်း ကျဆင်းနေသည်။

ထို့ထက် နှင်းများကလည်း တဖွဲဖွဲ ကျနေသောကြောင့် ဝန်းကျင်တဝိုက်မှာ ဝေ့ဝါးလျက်ရှိနေသည်။

ထိုအခိုန်တွင် တောတွင်းမှ ထွက်လာသော မည်းမည်း သဏ္ဌာန်သတ္တဝါကြီးတစ်ကောင်မှာ ချာသားများ တားထားသော စည်းကြိုးများအား တစ်ကြိုးပြီးတစ်ကြိုး ကျော်ထွက်လာရာ နောက်ဆုံး အပြင်သို့ ရောက်လာသည်။

သူသည် အပြင်သို့ ရောက်သည်နှင့် စည်းကြိုးများအနီး၌ စိုက်ထားသော အဖြူရောင်အလံတိုင်ကို နှုတ်ယူပြီး အပိုင်းပိုင်း ချိုးပစ်လိုက်သည်။

ပြီးမှ အမှောင်ရိပ်များမှ ခိုကာ ဒေါက်တာမင်းထင်ကျော်တို့ တည်းခိုနေသောအိမ် ရှိရာသို့ သွားလေသည်။

၎င်းမှာ လမ်းသွားသည့်အခါ ခါးကို ကိုင်း၍သွားရာ ကျောပေါ်မှ ဖြူကောင်ဆူးတောင်နှင့် တူသည့်ဆူးများက အပေါ်သို့ ထောင်နေလေသည်။

ဦးခေါင်းနှင့်တစ်ကိုယ်လုံးကို အဝတ်မည်းကြီး ခြုံထားသော်လည်း ရှေ့သို့ ငေါထွက်နေသည့်အစွယ်များနှင့် လူအရိုးခေါင်းနှင့် ဝံပုလွေဦးခေါင်းသဏ္ဌာန်ရှိသော မျက်နှာကြီးက ကြောက်မက်ဖွယ် ကောင်းလှသည်။

နီရဲနေသောမျက်လုံးများနှင့် ငေါထွက်နေသည့် အစွယ်နှင့်သွားများမှာ ဝံပုလွေလိုလို ဘီလူးမျက်နှာလိုလို ဖြစ်နေလေသည်။

ထိုထက် ရှည်လျားသောလက်တံများနှင့် အရိုးပြိုင်းပြိုင်းထနေသော လက်ချောင်းများထိပ်တွင် ရှည်လျားချွန်ထက်သော





လက်သည်းများ ရှိသည်။

ထိုလက်သည်းများအတွင်း၌ အဆိပ်ရည်များ သိုဝှက်ထားလေသည်။

ထိုသတ္တဝါကြီးမှာ လမ်းသွားသောအခါ အနည်းငယ် ရှေ့သို့ ကိုင်းနေသည်မှအပ လူတစ်ယောက် လမ်းသွားသကဲ့သို့ ခြေထောက်နှစ်ချောင်းနှင့်ပင် သွားလာလေသည်။

၎င်းသည် တောစပ်မှ ထွက်လာပြီးနောက် အမှောင်ရိပ် ခိုကာ အခြေအနေကို ကြည့်လေသည်။

အမှောင်ထုအောက်မှာ တစ်ရွာလုံး တိတ်ဆိတ်ငြိမ်သက်နေတော့မှ ဒေါက်တာမင်းထင်ကျော်တို့ နေအိမ်ရှိရာသို့ သွားလေသည်။

အချိန်မှာ ညဥ့်နက်ပိုင်းအချိန် ရောက်နေပြီမို့ အိမ်ပေါ် ရှိနေသော ဒေါက်တာမင်းထင်ကျော်တို့တတွေမှာ အိပ်နေကြ ဖြစ်သလို မီးပုံနံဘေးမှာ စောင့်နေကြသော လမ်းပြနှစ်ယောက် လည်း အိပ်မောကျနေပြီဖြစ်သည်။

ကြောက်မက်ဖွယ်ကောင်းသော သတ္တဝါကြီးသည် မီးပုံ ဘေးမှာ ခွေခွေကလေး အိပ်နေသော လူနှစ်ယောက် ရှိရာသို့ ဝင်သွားကာ နှစ်ယောက်စလုံးကို အဆိပ်လက်သည်းများဖြင့် တ်ခြစ်လိုက်လေတော့သည်။

"ဂါး. ."

လမ်းပြနှစ်ယောက်စလုံးမှာ အဆိပ်လက်သည်းဖြင့်

အကုတ်ခံလိုက်ရသဖြင့် အလန့်တကြား ထလာကြသည်။

ထိုအခါ သတ္တဝါကြီးက ရှေ့သို့ ခုန်ဝင်သွားပြီးနောက် နှစ်ယောက်စလုံးကို အစွယ်ဖြင့် ကိုက်သတ်လေတော့သည်။

"အား. ."

အိမ်အောက်ဖက်မှ စူးစူးဝါးဝါးအော်သံများ ကြားသည်နှင့် ဒေါက်တာမင်းထင်ကျော်တို့လည်း လန့်နိုးလာကြကာ သေနတ်များကို ယူ၍ ပြေးဆင်းလာကြလေသည်။

သို့သော် သူတို့ အောက်သို့ ရောက်လာသောအချိန်၌ သတ္တဝါကြီးက မရှိတော့ပေ။

မီးပုံနံဘေးမှာ ဒဏ်ရာဒဏ်ချက်များဖြင့် အော်ဟစ်နေကြသော လမ်းပြနှစ်ယောက်ကို တွေ့ရသည်။

သွေးများကလည်း မြေပြင်ပေါ်မှာ ရဲနေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် ဦးဇန်ကောင်းတို့က ဒဏ်ရာများကို စစ်ဆေးကြည့်သောအခါ ဓါးများဖြင့် ခွန်းထားသကဲ့သို့ အမြှောင်းလိုက် ကွဲထွက်နေသည်ကို တွေ့ရသည်။

လက်သည်းကုတ်ချက်မှာ အတော်နက်လှသဖြင့် ထိုနေရာမှ သွေးများ ဒရဟော ထွက်နေသည်။

ထို့ပြင် သွေးများမှာ အနီရောင်မဟုတ်တော့ဘဲ ညိုပုတ်ပုတ် မည်းညစ်ညစ်ဖြစ်နေသည်။

"အဆိပ်လက်သည်းချက် မိတာပဲ၊ ဒီအတိုင်းဆိုရင်တော့ အသက်မရှင်နိုင်ဘူး"





"ဘယ်လိုလုပ်မလဲ. . . အဘဆီမှာ အဆိပ်ဖြေဆေး ပါလာတယ် မဟုတ်လား"

"ကျုပ်ဆီမှာ ပါတဲ့အဆိပ်ဖြေဆေးတွေက သာမန်လောက်ပဲ ရမှာ၊ ဒီအဆိပ်က သာမန်အဆိပ်မျိုး မဟုတ်ဘူး၊ အချိန်မီ မကုနိုင်ရင်တော့ အသက်သေမှာ မုချပဲ"

"အခုအချိန်မှာတော့ ဘာမှမတတ်နိုင်တော့ဘူး၊ မနက်လင်းမှပဲ တစ်မျိုးစီစဉ်ရမှာပဲ၊

အခုတော့ ရှိတဲ့ဆေးနဲ့ပဲ ကုပေးထားမှဖြစ်မယ်"

ဟု ပြောကာ ဒဏ်ရာရနေသော လူနှစ်ယောက်ကို ဆေးထည့်၍ အဝတ်များ ဆုတ်ဖြဲ၍ ပတ်စည်းထားပေးလိုက်သည်။

သို့သော်လည်း ထိုလူနှစ်ယောက်မှာ ကြာကြာမအော်နိုင်ဘဲ သတိလစ်သွားလေတော့သည်။

အတန်ကြာသောအခါမှ ဦးထန်ဖုန်းရှိန်နှင့် အခြားရွာသူကြီးများ မီးတုတ်များ ကိုင်ကာ ရောက်လာကြသည်။

"ကျုပ်တို့လည်း အော်သံတွေ ကြားကတည်းက လာဖို့ပါပေမယ့် အပြင်မထွက်ဝံ့တာနဲ့ အခြေအနေ ကြည့်နေရသေးတယ်ပါ၊ အခုတောင် အချင်းချင်း အချက်ပေး လူစုပြီးမှ လာဝံ့ကြတာ"

ဟု ဦးထန်ဖုန်းရှိန်က ပြောပြသည်။

"အခြေအနေကတော့ မြင်တဲ့အတိုင်းပါပဲ"

ဒေါက်တာမင်းထင်ကျော်က သတိမေ့နေသော လူနှစ်ယောက်ကို ပြသည်။

“သူတို့ကို ဘယ်လိုလုပ်မလဲ”

“လောလောဆယ် အဆိပ်ဖြေဆေးတော့ ထည့်ပေးထားတယ်၊ ဒါပေမယ့် ခေတ်မီတဲ့ အဆိပ်ဖြေဆေးတွေနဲ့ ကိုယ်ထဲကို ဝင်အောင် ထည့်မပေးနိုင်ရင်တော့ တစ်ရက်နှစ်ရက်ထက် ပိုပြီးခံမှာ မဟုတ်ဘူး”

“ကျုပ်တို့ရွာမှာတော့ ဒီလိုဆေးဝါးတွေ ဘယ်ရှိပါ့မလဲ ဆရာရယ်၊ ဒီဆေးမျိုးတွေ လိုချင်ရင် ပူတာအိုလို မြို့မှာမှ ရနိုင်မှာပေါ့၊ ဒါပေမယ့်. . .”

ဦးထန်ဖုန်းရှိန်က စကားဆက်မပြောတော့ပေ။

ထိုအခိုက်မှာပင် ရွာသားတစ်ယောက်က လာပြီး သတင်းပေးသည်။

“စည်းရိုးနားမှာ စိုက်ထားတဲ့ အလံတိုင် အပိုင်းပိုင်း ကျိုးနေတာ တွေ့ရတယ်”

ထိုစကားကြောင့် ဦးထန်ဖုန်းရှိန်အပါအဝင် ရွာလူကြီးများ မျက်လုံးပြူးကာ အထိတ်တလန့်ဖြစ်သွားကြလေသည်။

“ဒါ. . ဒါဟာ. . တောထဲမှာ ရှိနေတဲ့ မိစ္ဆာကောင်ကြီး လက်ချက်ပဲ ဖြစ်ရမယ်၊ ဧည့်သည်တွေ သူ့ပိုင်နက်ထဲ ဝင်တာကို မကျေနပ်လို့ လုပ်တာပဲ၊ ကြာရင် ရွာထဲကို ဝင်ပြီး ဖျက်ဆီးပစ်မှာ စိုးရတယ်”





“ဒါဟာ ဧည့်သည်တွေ ရောက်လာပြီးမှ ဖြစ်ရတာ၊ သူတို့က ပိတ်ပင်ထားတဲ့တောထဲ သွားပြီး မိစ္ဆာကောင်ကြီးကို သွားပြီးရန်စသလို လုပ်ကြလို့ အခုလို လာလုပ်တာပဲ”

“သူတို့ကို အမြန်ဆုံး ပြန်လွှတ်ဖို့ စီစဉ်ပေးရင် ကောင်းမယ်”

“ဟုတ်တယ်. . . သူတို့ကို အမြန်ဆုံး ထွက်သွားခိုင်းပါ”

ဟု ရဝမ်ဘာသာစကားဖြင့် ဦးထန်ဖုန်းရှိန်ကို ဝိုင်းပြောကြသည်။ ဦးထန်ဖုန်းရှိန်က. . .

“ဒီအတွက် ဘာမှစိတ်မပူကြနဲ့၊ ဒီကိစ္စကို ငါ ကြည့်ပြီး စီစဉ်ပေးမယ်၊ မင်းတို့ ပြန်ကြတော့”

ဟု ပြောလိုက်တော့မှ ရွာလူကြီးများ ပြန်သွားကြလေသည်။ ထိုအခါမှ ဒေါက်တာမင်းထင်ကျော်က ပြောပြသည်။

“ကျွန်တော် ဆလိုင်းကို တစ်ခုတော့ ပြောချင်ပါတယ်၊ ရွာရဲ့အနေအထားက အရှေ့ဘက်၊ အနောက်ဘက်၊ မြောက်ဘက်တွေ သွားရင် မြို့တွေဆီကို မရောက်နိုင်ပါဘူး၊ တကယ်လို့ သွားမယ်ဆိုရင်လည်း အန္တရာယ်များလှပါတယ်၊ မြို့ကို သွားဖို့ အနီးဆုံးလမ်းက တောင်ဘက်မှာ ရှိတဲ့တောလမ်းပဲ ရှိပါတယ်၊

ဒီတောလမ်းကို အသုံးပြုပြီး သွားရင် မြို့ကို အလွယ်တကူ ရောက်နိုင်ပါတယ်၊ အခု ဒီလမ်းက အန္တရာယ်ရှိလို့ ပိတ်ထားတော့ မြို့ကို သွားဖို့ မလွယ်ဘူးဖြစ်နေတယ်”

“ကျုပ်သဘောကတော့ ဒီလမ်းကို ဖွင့်စေချင်ပါတယ်၊

ဒါပေမယ့် ဒီတောလမ်းကို ဖွင့်လိုက်ရင် အန္တရာယ်တွေ ရောက်လာမှာစိုးလို့ ရွာသူရွာသားတွေက ကြောက်နေကြတယ်"

"တကယ်လို့ ဆလိုင်းတို့ သဘောတူမယ်ဆိုရင် တောထဲက အန္တရာယ်ကို ကျွန်တော်တို့ တာဝန်ယူပြီး ရှင်းပေးပါ့မယ်"

ဦးထန်ဖုန်းရှိန်က အတန်ကြာအောင် စဉ်းစားနေလေသည်။

"ကျုပ် ရွာလူကြီးတွေနဲ့ တိုင်ပင်ပါဦးမယ်"

"ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ကတော့ ဒဏ်ရာရထားတဲ့ လူတွေ ရှိနေတော့ ဒီတောလမ်းက ဖြတ်ပြီး ပူတာအိုကို သွားရမှာပဲ"

ဟု ဒေါက်တာမင်းထင်ကျော်က လှမ်းပြောလိုက်သည်။

သို့သော်လည်း ဒဏ်ရာရထားသူနှစ်ယောက်ကို သယ်ဆောင်၍ တောအတွင်းမှ ဖြတ်သွားရန်ကိစ္စမှာ မလွယ်ကူလှပေ။ ထိုနှစ်ယောက်ကို ရွာမှာ ထားခဲ့ဖို့ရန်လည်း နောက်တစ်ခေါက် ပြန်ရောက်ဖို့ မလွယ်ပေ။

အထမ်းသမား ခေါ်ပြန်တော့လည်း ထိုတောထဲမှ ဖြတ်ရမည်ဆိုသောအခါ မည်သူမှ မလိုက်ဝံ့ကြပေ။

ထိုသို့ အခက်အခဲကြုံနေကြစဉ်မှာ မိမိတို့မှာ ပါလာသောဆေးဝါးများနှင့် ကုသပေးရင်းမှပင် လူတစ်ယောက် သေဆုံးသွားလေသည်။

ဒေါက်တာမင်းထင်ကျော်မှာ ခရီးအတူတူ သွားလာခဲ့





သော အဖော်တစ်ယောက် သေဆုံးသွားသောကြောင့် စိတ်ကောင်းဖြစ်မိသော်လည်း မည်သို့မှ မတတ်နိုင်ပေ။

ကျန်တစ်ယောက်မှာလည်း အခြေအနေ မကောင်းလှပေ။ ထိုရက်များအတွင်းမှာ ဒေါက်တာမင်းထင်ကျော်အတွက် းဖြတ်ရ ခက်နေသောအချိန်ဖြစ်သည်။

ထိုရက်ထဲမှာပင် သူရှိရာသို့ နန်းသူဇာ ရောက်လာပြီး ရှိ့ဝှက်သောစကား ပြောသည်။

"ဆရာ. . . တောထဲကို အရဲစွန့်ပြီး မသွားပါနဲ့၊ ရွာကြီးတွေက တောထဲမှာ ရှိနေတဲ့ မိစ္ဆာကောင်ကြီးနဲ့ ဆန့်ကျင်ဘက် လုပ်တာကို မကြိုက်ကြဘူး"

"ဘာကြောင့်လဲဟင်"

"သူတို့က ရှေးကတည်းက မိစ္ဆာကောင်ကြီးနဲ့ အဆက်အသွယ်၊ ဒါမှမဟုတ် အပေးအယူ ရှိနေကြတယ်လို့ ကျွန်မထင်တယ်"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော် ၁်ထဲမှာ အနည်းငယ် ကျေနပ်မှု ရှိသွားလေသည်။

အဘယ့်ကြောင့်ဆိုသော်. . .

ထိုရွာကို စရောက်ကတည်းက ရွာမှ လူများသည် တောရှိ မိစ္ဆာကောင်များနှင့် တစ်နည်းတစ်ဖုံ အဆက်အသွယ် ရှိရည်ဟု ခန့်မှန်းထားသောကြောင့်ဖြစ်သည်။

"မင်းက ဒါတွေ ဘယ်လိုသိနေတာလဲ"

"အားလုံးကိုတော့ ကျွန်မ မသိပါဘူး၊ ဒါပေမယ့် ကျွန်မ စိတ်ထဲမှာ သိနေတာ တစ်ခုတော့ ရှိပါတယ်၊ မိစ္ဆာကောင်ကြီးဟာ ဒီရွာက လူတွေနဲ့ ပတ်သက်နေတယ်ဆိုတာပဲ၊

ဆရာ. . . ကျွန်မပြောတာကို လက်ခံပါ၊ ဘာပဲလုပ်လုပ် အရဲစွန့်ပြီး မလုပ်ပါနဲ့၊ သေသေချာချာ စဉ်းစားပြီးမှ လုပ်ပါ"

ထိုသို့ပြောနေသောအချိန်တွင် နန်းသူဇာ၏မျက်နှာပေါ်၌ စိုးရိမ်စိတ်များ ပေါ်လွင်လျက်ရှိသည်။

"မင်းက ဘာကြောင့် ကိုယ့်အတွက် ဒီလောက်စိုးရိမ်နေရတာလဲ"

နန်းသူဇာက ချက်ချင်းအဖြေမပေးသေးဘဲ ဒေါက်တာမင်းထင်ကျော်ကို ကြည့်နေသည်။

သူမသည် မျက်စိမမြင်ရသော်လည်း စိတ်အာရုံထဲမှာတော့ ဒေါက်တာမင်းထင်ကျော်၏ရုပ်သွင်က ထင်ဟပ်နေဟန်ရှိသည်။

"ပြောလေ သူဇာ"

"ကျွန်မ အမှန်အတိုင်း ပြောရမလား"

"ပြောပါ"

"ဆရာက ကျွန်မရဲ့အာရုံထဲကို ပထမဆုံး ရောက်လာသူမို့ တစ်ခုခုဖြစ်သွားမှာစိုးလို့ပါ"

"သူဇာပြောတဲ့အဓိပ္ပါယ်က ဘယ်လိုလဲဟင်"

"ကျွန်မက မျက်စိမမြင်ရပေမယ့် စိတ်အာရုံကတော့



အခြားသူတွေထက် ပိုကောင်းပါတယ်၊ မျက်စိမြင်တဲ့သူတွေက ရုပ်အဆင်းကိုပဲ မြင်ရပါတယ်၊ ကျွန်မက လူတစ်ယောက်ရဲ့ အရွတ္တကို မြင်နိုင်ပါတယ်၊

ဆရာရဲ့အရွတ္တ ဖြူစင်ပါတယ်၊ ကျွန်မရဲ့စိတ်အာရုံကို ဖမ်းစားနိုင်ပါတယ်၊ ဒါကြောင့် ဆရာ တစ်ခုခုဖြစ်သွားမှာကို စိုးရိမ်နေမိပါတယ်"

နန်းသူဇာထံမှ ပွင့်လင်းသော ရင်တွင်းစကားကို ကြားရသောအခါ ဒေါက်တာမင်းထင်ကျော်မှာ သူမအပေါ် သနားစိတ်နှင့်အတူ နှစ်သက်မှုလည်း ဖြစ်မိလေသည်။

"မင်းပြောတဲ့အဓိပ္ပါယ်ကို ကိုယ်နားလည်ပါတယ်၊ ကိုယ်လည်း မင်းအပေါ်မှာ နှစ်သက်မှု ရှိပါတယ်၊ ဒါကြောင့် မင်းပြောသလို အစစအရာရာ သတိနဲ့ လုပ်ပါ့မယ်"

"ကျွန်မ ဆရာ့အတွက်ဆိုရင် ဘာမဆို လုပ်ပေးဖို့ အဆင်သင့်ပါပဲ၊ ဘေးအန္တရာယ်ကင်းဖို့လည်း ဆုတောင်းပေးပါ့မယ်"

ဟု ပြောကာ နန်းသူဇာက ပြန်သွားလေရာ ဒေါက်တာမင်းထင်ကျော်က သက်ပြင်းတစ်ချက် ချလိုက်လေသည်။





အခန်း(၁၂)

# သေမင်းထောင်ချောက်

တစ်နေ့သ၌ ဦးထန်ဖုန်းရှိန်နေအိမ်အနောက်ဘက်တွင် ီးသန့်ရှိနေသော အဆောက်အဦးအတွင်းသို့ မူလာရှိုးဒီရွာမှ ူကြီးများ တစ်ယောက်ပြီးတစ်ယောက် ဝင်ရောက်လာနေကြ သည်။

ၚင်းတို့သည် သာမန်မဟုတ်ဘဲ အဝတ်နက်ကြီးများ ဦး ခေါင်းပေါ်မှ ခြုံကာ လျှို့ဝှက်စွာ လာရောက်ကြခြင်းဖြစ်လေ သည်။

အချိန်က နေဝင်ရီတရောအချိန်သာရှိသေးသော်လည်း ပတ်ဝန်းကျင်၌ အမှောင်ရိပ်များ သမ်းနေချေပြီ။

အားလုံးဆယ်ယောက်ခန့် ရှိလေသည်။

သူတို့သည် မူလာရှီးဒီရွာ စတင်ထူထောင်စဉ်ကပင် အတူပါလာကြသူများဖြစ်ကြသလို ရပ်ရေးရွာရေးကိစ္စ မှန်သမျှ ကိုလည်း တာဝန်ယူဆောင်ရွက်ကြရသူများဖြစ်ကြသည်။

ဦးထန်ဖုန်းရှိန်အပါအဝင် ၎င်းတို့ဆယ်ယောက်မှာ လျှို့ဝှက်ကိစ္စများ ရှိတိုင်း ယခုကဲ့သို့ လျှို့ဝှက်စွာ တွေ့ဆုံ၍ တိုင်ပင်ဆွေးနွေးကြသည်။

သီးသန့်ဆောက်ထားသော သစ်လုံးတဲကို တံခါးတပ် ဆင်ထားပြီး ၎င်းတို့အားလုံး အတွင်းရောက်သောအခါ သစ်လုံး တံခါးကို ပိတ်လိုက်လေသည်။

အတွင်းမှာတော့ မီးဖိုကြီးကို ကြိုတင်မီးထည့်ထားပြီး ဝါးလုံးတန်းနှင့် ဖခါးရည်(လက်ဖက်ရည်)အိုးများကို ချိတ်ဆွဲထား သည်။

လူစုံသောအခါ ဦးထန်ဖုန်းရှိန်က ပြောသည်။

"အခု ရွာမှာ ရောက်နေတဲ့ဧည့်သည်တွေက သူတို့လူ တစ်ယောက် ဒဏ်ရာရထားလို့ ဆေးဝါးလိုအပ်နေတယ်၊ ဒါကြောင့် တောလမ်းက ဖြတ်ပြီး ပူတာအို သွားဖို့ ပြောနေကြ တယ်"

"ဒါကတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ကျုပ်တို့ရွာ





ထူထောင်ခဲ့တာ နှစ်ပေါင်းအတော်ကြာခဲ့ပြီ၊ ရွာထဲက လူတွေကို အခြားကို မထွက်အောင် တားဆီးထားခဲ့သလို အခြားနေရာက လူတွေလည်း ကျုပ်တို့ရွာကို မရောက်နိုင်ခဲ့ဘူး၊

ဒါကြောင့် ကျုပ်တို့ နေတဲ့ရွာ ဒီနေရာမှာ ရှိနေတာကို တခြားလူတွေ မသိကြဘူး"

"ဟုတ်တယ် ဆလိုင်း၊ အခြားလူတွေနဲ့ အဆက်အသွယ် မလုပ်ချင်လို့ လျှို့ဝှက်ပြီး နေလာခဲ့တာ နှစ်အတော်ကြာခဲ့ပြီးမှ တော့ ဒီလူတွေကြောင့်တော့ လမ်းပေါက်မခံနိုင်ဘူး"

"သူတို့ကို တောလမ်းက သွားခွင့်ပေးလိုက်ရင် ဒီတော ထဲက သွားတဲ့လမ်း ပေါက်သွားလိမ့်မယ်၊

အဲဒီလို ပေါက်သွားရင် ပူတာအိုနဲ့အခြားနယ်က လူတွေ ဒီနေရာကို ရောက်လာကြတော့မှာ အမှန်ပဲ၊ အဲဒီလို ရောက်လာ ရင် ကျုပ်တို့ အေးအေးချမ်းချမ်း နေရတော့မှာ မဟုတ်တော့ဘူး"

"ဒါကြောင့် သူတို့ကို ဒီတောထဲက ဖြတ်ပြီး ပူတာအို သွားတာကို လက်မခံနိုင်ဘူး၊ တစ်နည်းနည်းနဲ့တော့ တားရမှာပဲ"

"ဒီလိုတားလို့ရပါ့မလား၊ သူတို့က ဒီလိုတားလို့ရမယ့် သာမန်လူတွေ မဟုတ်ဘူး၊ တကယ်လို့ သူတို့သဘောနဲ့သူတို့ သွားမယ်ဆိုရင် ဘယ်လိုလုပ်ကြမလဲ"

"ကျုပ်တို့ကတော့ ဘယ်နည်းနဲ့မှ အသွားမခံနိုင်ဘူး"

ဟု တင်းတင်းမာမာ ပြန်ပြောကြရာ ဦးထန်ဖုန်းရှိန်မှာ များစွာအကျပ်ရိုက်သွားလေသည်။

သူ့အနေနှင့် ရွာလူကြီးတစ်ယောက်ဆိုစေကာမူ အများ သဘောမတူသောကိစ္စမျိုးကို ဆန့်ကျင်ပြီး ပြုလုပ်၍မရပေ။

မူလာနီးဒီရွာမှ ရွာလူကြီးများက နှစ်ပေါင်းများစွာ လျှို့ ဝှက်စွာ နေလာခဲ့သော ၎င်းတို့ရွာကို လူသိမခံချင်ကြပေ။

သို့ကြောင့် ဒေါက်တာမင်းထင်ကျော်တို့ မိုးမခတော အတွင်းမှ ဖြတ်၍ ပူတာအိုသွားမည့်ကိစ္စကို လက်မခံကြခြင်း ဖြစ်ပေသည်။

ရွာမှ လူကြီးများနှင့် တိုင်ပင်ကြည့်ရာ ဒေါက်တာမင်း ထင်ကျော်တို့၏ဆန္ဒကို မည်သူကမှ သဘောမတူကြသဖြင့် နောက်ဆုံး စိတ်လျှော့လိုက်ရလေသည်။

အစည်းအဝေးပြီး၍ အိမ်သို့ပြန်ရောက်သွားသောအခါ နန်းသူဇာက မေးသည်။

"အဖေ ပြန်လာပြီလား၊ သူတို့က ဘာပြောကြသလဲ"

"သူတို့သဘောကတော့ လုံးဝလက်မခံနိုင်ကြဘူးလို့ပဲ ပြောကြတယ်"

"ဒါကတော့ မတရားသဖြင့် တားဆီးပိတ်ပင်တာပဲ၊ ဒီပုံ အတိုင်းဆိုရင် လူတစ်ယောက်ရဲ့အသက်ကို ဒီအတိုင်း အသေခံ ရမလို ဖြစ်နေမှာပေါ့"

ဦးထန်ဖုန်းရှိန်က စိတ်မကောင်းစွာဖြင့် သက်ပြင်းတစ် ချက် ချလိုက်လေသည်။

"အဖေ တစ်ခုခုတော့ ဆုံးဖြတ်ပေးပါ၊ ဆရာတို့က တော့





ကြာ အန္တရာယ်တွေ ရှိလာနိုင်တယ်"

"အဖေစဉ်းစားပါဦးမယ် သမီးရယ်"

ဟု ပြောလိုက်လေသည်။

နောက်တစ်နေ့တွင် ဒေါက်တာမင်းထင်ကျော်တို့ တည်း ခိုနေသောနေရာသို့ ခေါင်လန်ဖုန် ရောက်လာလေသည်။

သူက ဒေါက်တာမင်းထင်ကျော်ကို နှစ်ယောက်ချင်း စကားပြောလိုသည်ဟု ပြောသဖြင့် အပြင်ထွက်ပြောကြသည်။

"ဘာကိစ္စရှိလို့လဲ"

"တစ်ရွာလုံးက ကျွန်တော့ကို အရူးတစ်ယောက်ဆိုပြီး အရာမသွင်းကြဘူး၊ ဒါပေမယ့် ကျွန်တော်က သူတို့လုပ်တာတွေ အားလုံးသိနေတယ်"

"မင်းက ဘာတွေများ သိထားလို့လဲ"

"တောထဲမှာ လူတွေကို ဖမ်းဆီးသတ်ဖြတ်နေတဲ့ မိစ္ဆာ ကောင်ကြီးရှိတယ်၊ အဲဒီမိစ္ဆာကောင်ကြီးက ဒီရွာက လူကြီးတွေနဲ့ အဆက်အသွယ်ရှိတယ်၊ သူတို့ခိုင်းရင် ရတယ်"

"ဟင်. ."

"ဒီရွာက လူကြီးတွေက သူတို့ရွာကို တခြားလူတွေ လာ မှာကို မနှစ်သက်သလို လူသိလည်း မခံချင်ကြဘူး"

"ဘာကြောင့် ဒီလိုလုပ်ရတာလဲ"

"တစ်သက်လုံး လျှို့ဝှက်ပြီး အေးအေးချမ်းချမ်းနဲ့ နေ လာတော့ တခြားလူတွေနဲ့ မပတ်သက်ချင်တာကြောင့်ပါ၊

တောင်တန်းတွေပေါ်မှာ ရှိတဲ့ အချို့ရွာတွေဆိုရင်လည်း ဒီလိုပဲ သူတို့ရွာကို တခြားလူစိမ်းတွေ လာတာကို မကြိုက်ကြဘူး"

"ထားပါတော့. . . အခု ဒီရွာက လူတွေက သူတို့ရွာကို လူသိမခံချင်တာကြောင့် မိစ္ဆာကောင်ကြီးကို ကျွေးမွေးထားပြီး ဒီလိုလုပ်နေကြတာပေါ့. . . ဟုတ်လား"

"အမှန်ပါပဲ. . . ကျွန်တော်တို့ရွာကနေ မြို့ကို ရောက်နိုင်မယ့်လမ်းက မိုးမခတောလမ်းတစ်ခုပဲ ရှိတယ်၊

ဒီတောထဲမှာ မိစ္ဆာကောင်ကြီး ရှိနေတော့ ဘယ်သူမှ သွားလို့မရနိုင်တော့ဘူးပေါ့"

"အဲဒီတောထဲမှာ ရှိတဲ့ မိစ္ဆာကောင်ကြီးက ဘယ်လို သတ္တဝါမျိုးလဲ"

"ကျွန်တော်လည်း သေသေချာချာတော့ မမြင်ဖူးဘူး၊ ဒါပေမယ့် ကြောက်စရာကောင်းတာတော့ အမှန်ပဲ၊ ဖြူတစ်ကောင်ရဲ့ဆူးတောင်မျိုးတွေ ကျောမှာ ရှိတယ်၊ မျက်နှာက ဝံပုလွေမျက်နှာလိုလို၊ ဝက်တစ်ကောင်ရဲ့မျက်နှာမျိုးနဲ့ တူတယ်၊ အစွယ်ငေါငေါနဲ့ မကောင်းဆိုးဝါးမျက်နှာနဲ့ တူတယ်၊

လမ်းသွားရင် လူလိုပဲ သွားလာနိုင်ပြီး အဆိပ်ရှိတဲ့ လက်သည်းရှည်ကြီးတွေရှိတယ်၊

သူ့ကို ဓါးလှံတွေ၊ မြားတွေနဲ့ ပစ်သတ်လို့မရဘူး"

ဟု ပြောပြသည်။

"သေနတ်ကျည်ဆန်တော့ ခံနိုင်မယ်မထင်ဘူး"





"အခု ကျွန်တော်လာတာ အဲဒါပြောချင်လို့ပဲ၊ ဆရာတို့ မြို့ကို သွားမယ်ဆိုရင် တောထဲမှာ ရှိတဲ့မိစ္ဆာကောင်ကြီးကို မရှင်းဘဲနဲ့ သွားလို့ရမှာမဟုတ်ဘူး"

"ဒီတော့ ဘယ်လိုလုပ်ရမှာလဲ"

"ဆရာတို့ဆီမှာ သေနတ်ပါတာပဲ၊ မိစ္ဆာကောင်ကြီးကို အရင်ရှင်းမှ သွားလို့ရမှာပေါ့၊ ဒါပေမယ့် လူတွေအများကြီးနဲ့ သွားလို့တော့ မဖြစ်ဘူး"

"ဘာကြောင့်လဲ"

"ရွာသူရွာသားတွေက သူတို့တစ်ရွာလုံးကို အကာအကွယ် ပေးနေတဲ့ မိစ္ဆာကောင်ကြီးကို သုတ်သင်မယ့်ကိစ္စကို ခိုပ်မိရင် လက်ခံကြမှာ မဟုတ်ဘူး၊ ဆရာတို့ကို ရန်ရှာကြလိမ့်မယ်"

"ဒီလိုဖြင့် မင်းမှာ အကြံအစည်ရှိတယ်ဆိုရင်လည်း ငါ့ကို ပြောပါဦး"

"မိစ္ဆာကောင်ကြီး ခိုအောင်းနေတဲ့လျှို့ဝှက်နေရာကို ကျွန်တော်သိတယ်၊ ဒါပေမယ့် ဆရာတစ်ယောက်တည်း လျှို့ဝှက်ပြီး သွားမှဖြစ်မယ်"

"ငါသွားမယ်ဆိုရင် မင်းက နေရာလိုက်ပြပေးမှာလား"

"လိုက်ပြပါ့မယ်"

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က သဘောကျလိုက်လေသည်။

ခေါင်လန့်ဖုန် ပြန်သွားပြီးနောက် ထိုအကြောင်းကို ဦးဗန်ကောင်းနှင့် တိုင်ပင်ကြည့်သောအခါ ထိုသို့ပြောပြလေသည်။

"ဒီကိစ္စဟာ သွေးရိုးသားရိုးလည်း ဖြစ်နိုင်တယ် မောင်ထင်ကျော်၊ ဒါမှမဟုတ် ထောင်ချောက်ဆင်တာမျိုးလည်း ဖြစ်နိုင်တယ်၊ ဒါကြောင့် သတိတော့ ထားရလိမ့်မယ်"

"ကျွန်တော်တို့က ဒီတောလမ်းကနေ မဖြစ်မနေ ပြန်ကြရမှာဆိုတော့ ဒီကိစ္စက ရင်မဆိုင်လို့မရဘူး အဘ"

"ဒီတော့ မောင်ထင်ကျော်က ဘယ်လိုလုပ်ချင်လို့လဲ"

ဒေါက်တာမင်းထင်ကျော်က ၎င်း၏အစီအစဉ်များကို ဦးဗန်ကောင်းအား ပြောပြလိုက်လေသည်။

နောက်တစ်နေ့နံနက်ပိုင်းမှာပင် ခေါင်လန့်ဖုန်တစ်ယောက်တည်း ရောက်လာလေသည်။

သူသည် ရွာသူရွာသားများ ရိပ်မိမည်စိုးသောကြောင့် အဝတ်နက်ကြီးတစ်ထည်ကို ဦးခေါင်းမှ ခြုံလာသည်။

ထုံးစံအတိုင်း ဒေါက်တာမင်းထင်ကျော်က အမဲပစ်သေနတ်နှင့် အခြားပစ္စည်းအချို့ကို ယူပြီးနောက် ခေါင်လန့်ဖုန်နှင့်အတူ မိုးမခတောတွင်းသို့ လျှို့ဝှက်စွာ ဝင်သွားကြလေသည်။

တောတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။

ကောင်းကင်မှာတော့ မိုးရိပ်မိုးသားများ ရှိနေပြီး မကြာမီ မိုးရွာတော့မည့်လက္ခဏာမျိုး ရှိနေလေသည်။

ခေါင်လန့်ဖုန်မှာ တောတွင်းသို့ ရောက်သောအခါ စမ်း



တဝါးဝါး သွားနေခြင်းမျိုး မဟုတ်ဘဲ မိစ္ဆာကောင်ကြီး ခိုအောင်းနေသောနေရာကို သိနေသကဲ့သို့ သွက်လက်စွာ သွားလေရာ ဒေါက်တာမင်းထင်ကျော်က နောက်မှ သတိဖြင့် လိုက်သွားလေသည်။

ယခင်တစ်ခေါက် ရောက်စဉ်က ကျောက်တောင်နှင့် ဂူပေါက်များ ရှိသောနေရာသို့ ရောက်သောအခါ ခေါင်လန့်ဖုန်က အပေါ်သို့ တက်သွားလေသည်။

ပထမတစ်ခေါက် ရောက်စဉ်က အပေါ်မတက်ရန် ကျွတ်သူတော်က တားခဲ့သည့်နေရာဖြစ်သည်။

ထိုနေရာ ရောက်သောအခါ သတိကြီးစွာ ထားရသည်။

ပါလာသောသေနတ်ကိုလည်း အရေးကြုံလာပါက အဆင်သင့် အသုံးပြုနိုင်ရန် ပြင်ထားရသည်။

ဒေါက်တာမင်းထင်ကျော်က နောက်မှ လိုက်သွားရင်း ပတ်ဝန်းကျင်ကို မျက်ခြည်မပြတ် ကြည့်ရှုနေရသည်။

တောတစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည့်အပြင် တောတိရစ္ဆာန်များဆို၍ တစ်ကောင်တစ်လေမှပင် မတွေ့ရပေ။

တောင်ကုန်းမှာ သိပ်မမြင့်လှပေ။

ခပ်ပြေပြေ တက်သွားရသော အနေအထားမျိုးဖြစ်သည်။ ထိုနေရာတဝိုက်မှာလည်း သစ်ပင်ကြီးများနှင့် ချုံနွယ်များ ထူထပ်သောကြောင့် အကယ်၍ မိစ္ဆာကောင်ကြီး ခိုအောင်းမည်

ဆိုပါက အကောင်းဆုံးနေရာမျိုးပင်ဖြစ်၏။ အပေါ်ရောက်တော့ ကျောက်တောင်နံရံ၌ ဂူပေါက်နှစ်ပေါက်သုံးပေါက် တွေ့ရသည်။

ဂူပေါက်များမှာ (၆)ပေ (၇)ပေခန့် မြင့်ပြီး အတော်အတန် ကျယ်ဝန်းလေသည်။

"အဲဒီဂူပေါက်တွေထဲမှာ မိစ္ဆာကောင်ကြီးရှိတယ်"

ဟု ခေါင်လန်ဖုန်က ပြောသည်။

"ဘယ်ဂူပေါက်ထဲမှာ ရှိတာလဲ"

"အဲဒါတော့ အတပ်မပြောနိုင်ဘူး၊ အဲဒီအထဲက ထွက်လာတာတော့ ကျွန်တော်သိတယ်"

ဒေါက်တာမင်းထင်ကျော်က လက်နှိပ်ဓါတ်မီးကို ဖြုတ်ယူပြီး အစွန်ဘက်ရှိ ဂူပေါက်အတွင်းသို့ လှမ်းထိုးကြည့်လိုက်သည်။

ဂူမှာ အတွင်းသို့ သိပ်မရှည်လှသဖြင့် ကောင်းစွာမြင်ရသည်။

အတွင်း၌ ဘာမှမရှိပေ။

သို့ကြောင့် အလယ်ဂူပေါက်ဝသို့ လျှောက်လာသည်။

ထိုဂူပေါက်ဝက အခြားဂူပေါက်ဝထက် ပိုကျယ်သည်။ မီးရောင်ဖြင့် လှမ်းထိုးကြည့်တော့ အတွင်းပိုင်းကို မမြင်ရပေ။

ဂူက အလျားရှည်ဟန်ရှိသည်။

အကယ်၍ မိစ္ဆာကောင်ကြီး ခိုအောင်းနေမည်ဆိုပါက အလယ်ဂူပေါက်အတွင်း၌သာ ရှိနိုင်သည်ဟု တွေးလိုက်မိသည်။

☺ ဆောင်ပြင်တာမေ ☺



"အတွင်းဝင်ကြည့်ရအောင်"

"ကျွန်တော်မလိုက်ဝံ့ဘူး၊ အပြင်ဘက်ကပဲ စောင့်နေမယ်"

ဟု ပြောကာ ခေါင်လန်ဖုန်က နောက်သို့ ဆုတ်သွားလေသည်။

ဒေါက်တာမင်းထင်ကျော်က သူ့ကို လှည့်မကြည့်တော့ဘဲ သေနတ်မောင်းကို ဆွဲတင်လိုက်ပြီး ဂူအတွင်းသို့ မီးရောင်ဖြင့် ထိုးကြည့်လိုက်သည်။

အတွင်းဘက်၌ ထူးခြားမှု ဘာမှမတွေ့ရသဖြင့် အတွင်းသို့ ဝင်သွားလေသည်။

အတွင်းဘက် ဂူကြမ်းပြင်ပေါ်မှာ တိရစ္ဆာန်အရိုး၊ လူအရိုးအချို့ကို တွေ့ရပြီး သွေးညှီနံ့နှင့် အပုတ်နံ့များ လှိုင်နေလေသည်။

ဂူထဲမှာတော့ သတ္တဝါတစ်ကောင်ကောင် နေသည့် လက္ခဏာများ တွေ့ရသည်။

အချို့နေရာ၌ အမဲရိုးများ တွေ့ရသည်။

မူလာရှီးဒီရွာသားများ ခေါ်စာပစ်သောအမဲသားများကို ထိုဂူအတွင်းသို့ ယူဆောင်လာပြီး စားသောက်ဟန်ရှိလေသည်။

ဂူထဲ ရောက်ပြီး အတန်ကြာသည်အထိ မိစ္ဆာကောင်ကြီးရှိနေသည့်လက္ခဏာမျိုး မတွေ့ရသေးပေ။

အတွင်းတစ်နေရာရောက်တော့ မူလဂူက ဆုံးသွားချေ

☺ ဆောင်ပြင်တာမေ ☺

ပြီ။

သို့သော် မြောက်ဘက်သို့ သွားနိုင်သော ဂူပေါက်း တစ်ခုကို လှမ်းမြင်ရသည်။

ထိုဂူပေါက်အတွင်းမှ မီးခိုးငွေ့ကလေးများ ထွက်နေ သည်။

ဒေါက်တာမင်းထင်ကျော်က လက်နှိပ်မီးရောင်ဖြင့် လှမ်းထိုးကြည့်သောအခါ မီးခိုးငွေ့ကလေးများ ထွက်နေသည် အပ အခြားဘာမှမတွေ့ရပေ။

ဒေါက်တာမင်းထင်ကျော်က သတိကြီးစွာထားပြီး ရှေ့ သို့ တစ်လှမ်းချင်း တိုးဝင်သွားသည်။

သူ့စိတ်ထဲမှာ မီးခိုးထွက်နေသည့်ဂူပေါက်ဝသို့ စိတ် အာရုံရောက်နေသဖြင့် ပတ်ဝန်းကျင်အခြေအနေကို အနည်း ငယ် သတိလစ်သွားသည်။

မီးခိုးငွေ့များက ဂူအတွင်းမှာ ပျံ့နှံ့နေလေသည်။

ထိုမီးခိုးငွေ့များကို စတင်ရှူမိစဉ်က သတိမထားမိလိုက် သော်လည်း အနည်းငယ်ကြာသောအခါ စိတ်ထဲမှာ တစ်စုံတစ်ခု ကို သတိရသွားတော့သည်။

မီးခိုးနံ့က သာမန်မီးခိုးနံ့မျိုး မဟုတ်ပေ၊ စိမ်းရွှင်ရွှင် ပုပ် အက်အက်အနံ့မျိုးဖြစ်သည်။ သူသတိရလိုက်သောအချိန်မှာ ခေါင်းထဲမှာ မူးဝေစပြုလာချေပြီ။

အခြားမဟုတ်ပေ. . . ။





ကဝေသည်းခြေ ဂမုန်းအနံ့မျိုးဖြစ်ကြောင်း သတိရ က်သောအချိန်မှာ နောက်ကျသွားချေပြီ။

ကဝေသည်းခြေဂမုန်းကို အမှုန့်ပြုထားပြီး မီးဖိုအတွင်း ထည့်လိုက်သည့်အခါ ထူးဆန်းသောမီးခိုးငွေ့များ ထွက်လာ ည်။

ထိုမီးခိုးငွေ့ကို ရှူမိသူသည် မျက်စိထဲတွင် ကြောက် ဖွယ်ကောင်းသော သရဲသဘက်တို့၏ရုပ်များကို မြင်လာပြီး ာက် နည်းနည်းရှူမိပါက မူးဝေမေ့မျောသွားကာ များများရှူမိ ာ နှလုံးသွေးရပ်ကာ သေဆုံးနိုင်ပေသည်။

သိလျှင်သိချင်း ဒေါက်တာမင်းထင်ကျော်က အသက် အောင့်ကာ ဂူပေါက်ဝသို့ ပြန်ထွက်ရန် ကြိုးစားလေသည်။ အခိုက်မှာပင် ဂူပေါက်ဝမှာ အရိပ်မည်းကြီးတစ်ခု ထိုးဝင်လာ မရှေးမနှောင်းမှာပင် ကြောက်မက်ဖွယ်ကောင်းသော ဘ္ဘဝါကြီးက ဝင်လာချေပြီ၊

လှမ်းကြည့်သော်လည်း မျက်လုံးများက ဝါးနေလေ ည်။

ထိုအချိန်မှာ မိစ္ဆာကောင်ကြီးက အတွင်းဝင်လာပြီဖြစ် ာကြောင့် သေနတ်နှင့် ပစ်ရန် ကြိုးစားသည်။

သို့စေကာမူ သေနတ်ကို အပေါ်မြှောက်ရန် အားမရှိ ာ့ပေ။

ထိုအခိုက်မှာပင် မိစ္ဆာကောင်ကြီးက အနားရောက်လာ

ပြီးနောက် အဆိပ်လက်သည်းများဖြင့် ကုတ်ခြစ်တိုက်ခိုက်ရာ မြေပေါ်သို့ လဲကျသွားလေတော့သည်။

"ဒိုင်း. . . ဒိုင်း. . . ဒိုင်း"

သူ လဲကျသွားခိုက်မှာ ဆူဆူညံညံ သေနတ်သံများ ကြား လိုက်ရပြီးနောက်မှာတော့ ဒေါက်တာမင်းထင်ကျော် တစ် ယောက် သတိမေ့သွားလေတော့သည်။





အခန်း(၁၃)

# မိုးမခတောမှ လျှို့ဝှက်ချက်များ

အချိန်မည်မျှကြာအောင် သတိမေ့နေခဲ့သည် မသိပေ၊ သူ သတိပြန်ရလာသောအခါ စိုးရိမ်ပူပန်စွာ စောင့်နေကြသော ဦးဇန်ကောင်းတို့ကို တွေ့ရလေသည်။

"မောင်ထင်ကျော် သတိရပြီလား"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြသည်။

"အခြေအနေ ဘယ်လိုလဲ အဘ"

"ဟိုတစ်နေ့က ကျုပ်တို့ရောက်လာတဲ့အချိန်က တကယ်

ကို လက်မတင်လေးပဲ၊ မိစ္ဆာကောင်ကြီးက မောင်ထင်ကျော်ကို သတ်မလို့ လုပ်နေတုန်း ရောက်ခဲ့ကြတာပဲ"

"မိစ္ဆာကောင်ကြီးကို မိလိုက်သလား"

"မမိလိုက်ဘူး. . . ဂူထဲကို ထွက်ပြေးသွားတယ်၊ ကျည်ဆန်တော့ ထိသွားတယ်၊ လိုက်ရှာကြည့်တော့ ဂူပေါက်တွေက အများကြီးပဲ"

"ကျွန်တော်သတိလစ်သွားတာနဲ့ ထောင်ချောက်ထဲ ဝင်မိသွားတယ်"

"ဟုတ်တယ်. . . ဂူထဲမှာ ကဝေသည်းခြေ ဂမုန်းမှုန့် သုံးထားတဲ့မီးခိုးငွေ့တွေ လွှတ်ထားတာ၊ မောင်ထင်ကျော် လာမယ်မှန်း သိလို့ တမင်ထောင်ချောက်ဆင်ထားတာပဲ၊

တကယ်လို့သာ ကျုပ်တို့ အရောက်နောက်ကျခဲ့ရင် မိစ္ဆာကောင်ကြီးလက်ချက်နဲ့ အသက်မသေရင်တောင် မီးခိုးငွေ့တွေကြောင့် သေမှာပဲ"

ဒေါက်တာမင်းထင်ကျော်က နေရာမှ ထရန် ကြိုးစားသော်လည်း မထနိုင်ပေ။

ခေါင်းတစ်ခုလုံး မူးဝေနောက်ကျိနေရုံမက မိစ္ဆာကောင်ကြီး၏အဆိပ်လက်သည်းဒဏ်ချက်များကလည်း ပခုံးနှင့် လက်မောင်းတဝိုက်မှာ ရထားသောအဆိပ်ဒဏ်ကြောင့် တဆစ်ဆစ်နာကျင်ကိုက်ခဲနေသည်။

ယခုဆိုလျှင် အဆိပ်ဒဏ်ရာရသူက နှစ်ယောက်ဖြစ်





းခဲ့ပေပြီ။ ဒေါက်တာမင်းထင်ကျော်က သူ့အခြေအနေကို ဘာပေါက်မိလိုက်သည်။

ဦးဗန်ကောင်းက ပါလာသောဆေးများဖြင့် တတ်နိုင်ကုသပေးထားသော်လည်း ခေတ်မီအဆိပ်ပြေဆေးများ ထဲ ရောက်အောင်ထည့်ပြီး ဒဏ်ရာများကို ပျောက်ကင်းအောင် ကုပေးမှ အသက်ချမ်းသာရာ ရတော့မည်၊

ဒေါက်တာမင်းထင်ကျော်က ကျန်လူများ စိတ်ဓါတ်ကျစိုးသောကြောင့် အားပေးစကား ပြောနေရသော်လည်း သူ တိုင် မတတ်နိုင်တော့သည့် အခြေအနေ ရောက်သွားပြီဖြစ်သာကြောင့် တကယ့်ကို အကျဉ်းအကျပ် အခြေအနေမျိုး က်သွားလေသည်။

ထိုအချိန်မှာ ဦးထန်ဖုန်းရှိန်နှင့် နန်းသူဇာတို့ ရောက်လာသည်။

ဦးထန်ဖုန်းရှိန်ကတော့ ခေါင်လန်ဖုန်လက်ချက်ကြောင့် သို့ဖြစ်ရသည်ကို ရိပ်မိသောကြောင့် စိတ်မကောင်းဖြစ်နေ ဘာ့သည်။

နန်းသူဇာကတော့ ဒေါက်တာမင်းထင်ကျော် လက်တစ်ဘက်ကို ဆုပ်ကိုင်ထားပြီး မျက်ရည်များ ကျနေလေသည်။

"ဆရာ. . . ဘာမှစိတ်မပူနဲ့၊ ဆရာ့အသက်ကို ရအောင် ျန်မကယ်ပေးပါ့မယ်"

ဟု ခပ်တိုးတိုးပြောသည်။

ထိုနေရာမှ ပြန်ထွက်လာပြီး သစ်လုံးတဲအပြင်သို့ ရောက်သောအခါ နန်းသူဇာက ပြောသည်။

"အဖေ. . . ကျွန်မ သူ့ရဲ့အသက်ကို ရအောင်ကယ်မယ်"

"သမီးက မျက်စိမှ မမြင်ရတာ၊ ဘယ်လိုကယ်မလဲကွယ်၊ သူတို့အသက်ကို ကယ်နိုင်မယ့်ဆေးတွေက ပူတာအိုအထိ သွားမှ ရမှာကွယ့်"

"ကျွန်မသွားပါ့မယ်"

"ဟင်. . ."

ထိုစကားကြောင့် ဦးထန်ဖုန်းရှိန်ပင် မျက်လုံးပြူးသွားလေသည်။

"သမီးက မျက်စိမမြင်ဘဲနဲ့ ပူတာအိုအထိ သွားမယ်ဟုတ်လား"

"ဟုတ်ပါတယ်. . . ကျွန်မသွားမှာပါ"

နန်းသူဇာ၏မျက်နှာမှာ တစ်စုံတစ်ခုကို ယတိပြတ်ဆုံးဖြတ်ထားဟန်ဖြင့် တင်းမာလျက်ရှိနေသည်။

"တကယ်သွားမှာလားဟင်. . . ဘာကြောင့် ဒီလိုဆုံးဖြတ်ရတာလဲ"

"ဆရာက ကျွန်မရင်ထဲက ဖူးစာရှင်တစ်ယောက်ပဲ၊ ကျွန်မ မျက်စိမမြင်ရပေမယ့် ဘဝအလင်းရောင် ပေးနိုင်တဲ့လူတစ်ယောက်ပဲ၊ သူ့ကို အသေခံလို့ မဖြစ်ဘူး၊ သူ့အသက်ရှင်မှ





ကျွန်မဘဝ အလင်းရောင် ရမယ်"

ဟု ပြောလေရာ ဦးထန်ဖုန်းရှိန်မှာ များစွာစိတ်မကောင်း ဖြစ်သွားလေသည်။

နန်းသူဇာကို ဘယ်နည်းနှင့်မှ တားလို့မရမှန်းလည်း သူသိနေသည်။

"သမီးတကယ်ဆုံးဖြတ်ပြီးပြီလား"

နန်းသူဇာက အံကို တင်းတင်းကြိတ်ကာ ခေါင်းညိတ်ပြလေသည်။

"ဒီလိုဆိုရင် သမီး အဖေ့နောက်ကို လိုက်ခဲ့ပါ"

ဟု ပြောပြီး နန်းသူဇာလက်ကို ဆွဲခေါ်သွားရာ နန်းသူဇာလည်း တအံ့တဩနှင့် လိုက်သွားရလေသည်။

ဦးထန်ဖုန်းရှိန် ခေါ်သွားသောနေရာမှာ အခြားမဟုတ်ပေ။ တောစပ်တွင် လျှို့ဝှက်စွာ ဆောက်ထားသော သစ်လုံးတဲရှိရာသို့ပင် ဖြစ်ပေသည်။

ထိုနေရာရောက်သောအခါ ပိတ်ထားသော သစ်လုံးတံခါးကို ဖွင့်ပြီး အတွင်းသို့ ခေါ်သွားလေသည်။

ပြီးမှ တံခါးကို ပြန်ပိတ်ပြီး အတွင်းဘက်မှ ဂျက်ချထားလိုက်လေသည်။

"သမီးကို ဘယ်နေရာခေါ်လာတာလဲ၊ ဒီနေရာက အဖေတို့ ရွာလူကြီးတွေ အစည်းအဝေးလုပ်တဲ့ လျှို့ဝှက်နေရာမဟုတ်လား"

ဦးထန်ဖုန်းရှိန်က ဘာမှပြန်မပြောဘဲ အခန်းတစ်နေရာရှိ အံဝှက်သဖွယ် ပြုလုပ်ထားသည့် အဖုံးတစ်ချပ်ကို ဆွဲဖွင့်လိုက်ရာ အောက်သို့ ဆင်းသောလှေခါးထစ်များ ပေါ်လာသည်။

ဦးထန်ဖုန်းရှိန်က နန်းသူဇာလက်ကို ကိုင်ပြီး မြေအောက်ခန်းထဲသို့ ခေါ်သွားသည်။

"ဒါ. . ဒါ. . မြေအောက်ခန်းတစ်ခု မဟုတ်လား"

"ဟုတ်တယ်. . . သမီးကို ပြစရာရှိလို့၊ သမီးမျက်နှာမူတဲ့ ရှေ့တည့်တည့်ကို လျှောက်သွားလိုက်စမ်း"

ဟု ပြောသဖြင့် နန်းသူဇာက ဇဝေဇဝါဖြင့် ရှေ့သို့ လက်ကို ဆန့်တန်းပြီး လျှောက်သွားသည်။

သူမသည် မျက်စိမမြင်ရသော်လည်း အန္တရာယ် စက်ကွင်းတစ်ခုထဲသို့ ရောက်နေပြီဖြစ်ကြောင်းနှင့် သူမရှေ့၌ အန္တရာယ်တစ်ခု ရှိနေကြောင်း စိတ်ထဲမှာ သိနေလေသည်။

သို့စေကာမူ စေခိုင်းနေသည့်လူက သူမဖခင် ဖြစ်နေသောကြောင့် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ရှေ့သို့ ဆက်လျှောက်သွားသည်။

အန္တရာယ်နှင့် နီးလာမှန်း စိတ်ထဲမှ သိလိုက်သောအခါ ရပ်လိုက်လေသည်။

"ရှေ့ကို ဆက်လျှောက်သွားလိုက်ပါ"

တိတ်ဆိတ်နေသောအခန်းထဲမှာ ဦးထန်ဖုန်းရှိန်အသံက ဟိန်းထွက်သွားလေသည်။





နန်းသူဇာက ထွေထွေထူးထူး မစဉ်းစားတော့ဘဲ လက်နှစ်ဖက်ကို ရှေ့သို့ ဆန့်တန်းပြီး ရှေ့သို့ တိုးလိုက်ရာ လက်ဖြင့် ဉီးစွာ စမ်းမိသောအရာမှာ ရှေ့သို့ ငေါထွက်နေသည့် အစွယ်နှစ်ချောင်းပင် ဖြစ်သည်။

"အမယ်လေး. . ."

နန်းသူဇာက အလန့်တကြား အော်ကာ နောက်သို့ ဆုတ်လိုက်လေသည်။ ကြောက်စိတ်ကြောင့်. . . ရင်တစ်ခုလုံး တဒိန်းဒိန်း ခုန်လာလေသည်။

"ဒါ. . ဒါ. . လူတွေကို ဒုက္ခပေးနေတဲ့ မိစ္ဆာကောင်ကြီး မဟုတ်လား"

"ဟုတ်ပါတယ်. . . အခုအချိန်မှာ သူက သမီးကို ဘယ်လိုမှ အန္တရာယ်မပေးနိုင်ပါဘူး၊ ထပ်ပြီးစမ်းကြည့်ပါဦး"

နန်းသူဇာ ကြောက်ကြောက်ရွံ့ရွံ့နှင့်ပင် ရှေ့သို့ တိုးသွားပြီးနောက် လက်ဖြင့် စမ်းကြည့်လိုက်သည်။

အမှန်တကယ်ပင် သူမရှေ့၌ ရှိနေသောသတ္တဝါကြီးမှာ မိစ္ဆာကောင်ကြီး ဖြစ်လေသည်။

"သူသေနေပြီလား"

"ဟုတ်တယ်"

"ဘာကြောင့် ဒီအထဲ ရောက်နေတာလဲ"

"ဒီမြေအောက်လမ်းက သွားရင် မိုးမခတောထဲမှာ ရှိတဲ့ ကျောက်ဂူပေါက်တွေ ရှိတဲ့နေရာရောက်တယ်၊ ဒီသတ္တဝါကြီးက

အဖေတို့ ဖန်တီးထားတဲ့သတ္တဝါကြီးပါ"

"ရှင်. . ."

ထိုစကားကြားသောအခါ နန်းသူဇာမှာ များစွာအံ့ဩသွားလေသည်။

"ဒီရွာစတည်ကတည်းက ဒီမှာရှိတဲ့လူတွေ တခြားမသွားဝံ့အောင် တခြားလူတွေ ဒီနေရာကို မလာဝံ့အောင်လို့ ဒီသတ္တဝါကြီးကို ဖန်တီးထားတာပါ"

"ဒါဖြင့် လူတွေကို ဘယ်လိုသတ်နေတာလဲ"

"ဒီကိစ္စကို ကျတ်သူတော်က တာဝန်ယူပြီး လုပ်နေတာပါ၊ ဒီအကြောင်းကို သိတဲ့ တခြားလူတွေလည်း တစ်ခါတစ်လေ ဝင်လုပ်ပေးကြတယ်၊

ဒီအကြောင်းတွေကို သိတာ အဖေတို့ လူကြီးပိုင်းတွေလောက်ပဲ သိကြတာပါ၊ တခြားရွာသူရွာသားတွေကို လုံးဝအသိမပေးပါဘူး"

"မိစ္ဆာကောင်တွေ တကယ်မရှိဘဲနဲ့ လစဉ်ခေါ်စာကျွေးပွဲတွေ လုပ်နေတာရော ဘယ်လိုသဘောလဲ"

"ဒါကတော့ အားလုံးယုံကြည်အောင် ယုတ္တိရှိအောင်လို့ လုပ်ပေးနေရတာပါ"

"အဖေတို့တွေ လုပ်ကြတဲ့ကိစ္စကြောင့် အပြစ်မရှိတဲ့ လူတွေ ဒုက္ခရောက်ကြတယ်၊ တကယ်လို့ မိုးမခတောထဲမှာ မိစ္ဆာကောင်ကြီး တကယ်ရှိနေရင်လည်း ကျွန်မသွားမှာပါပဲ"





"အခုတော့ ကျတ်သူတော်လည်း ဆုံးသွားပါပြီ"

"ဟင်. . . ဘာဖြစ်လို့လဲ"

"တစ်နေ့က တောထဲမှာ ဟိုလူတွေ ပစ်လိုက်တဲ့ ကျည်ဆန် ထိသွားတယ်၊ ဒီနေရာကို ရောက်အောင်ပြန်လာနိုင်ပေမယ့် ဒီရောက်တာနဲ့ သေသွားရှာတယ်"

ဦးထန်ဖုန်းရှိန်စကားကြားသောအခါ နန်းသူဇာမျက်နှာပေါ်မှာ စိတ်မကောင်းသောအမူအယာများ ပေါ်လာလေသည်။

ကျတ်သူတော်ဆိုသောလူကြီးမှာ သူတို့ငယ်စဉ်ကတည်းက အတူတူ နေလာခဲ့သဖြင့် သံယောဇဉ်ဖြစ်နေသောကြောင့်ဖြစ်သည်။

"ဦးသူတော်ကြီးအတွက် ကျွန်မစိတ်မကောင်းပါဘူး၊ ကိုယ်ပြုတဲ့အကုသိုလ်ကံ ကိုယ်ပြန်ခံရတယ်လို့ပဲ မှတ်ယူရမှာပဲ၊ ဒါ့အပြင်သက် သူမရှိတော့ မိစ္ဆာကောင်ကြီးလည်း လှုပ်ရှားလို့ မရတော့ဘူးပေါ့နော်"

"အင်း. . . သူမရှိတော့ပေမယ့် တခြားဒီအကြောင်းကို သိတဲ့လူအချို့ ရှိသေးတယ်၊ ဒါပေမယ့် အဖေလည်း ကျတ်သူတော် သေသွားပြီးတဲ့နောက်မှာ ဒီအကြောင်းတွေကို စိတ်ကုန်သွားပါပြီ"

"ဒါဖြင့် သမီး ပူတာအို သွားမယ်၊ အဖေ လမ်းပြောပြပေးပါ"

"မိုးမခတောထဲမှာ လျှို့ဝှက်လမ်းတွေ ရှိတယ်၊ ကျောက်

ဂူတန်းတွေ ရှိတဲ့နေရာရောက်လို့ အရှေ့ဘက်ကို ဆင်းသွားရင် နွယ်ပင်တွေ ရှိတဲ့စမ်းချောင်းတစ်ခုကို တွေ့ရလိမ့်မယ်၊ အဲဒီစမ်း ချောင်းကို ကျော်ပြီး တောင်ဘက်က တောင်ကုန်းတစ်ခုကို ကျော်လိုက်ရင် အင်္ဂလိပ်တွေ လျှို့ဝှက်ပြီး ဖောက်ထားတဲ့ လမ်း ဟောင်းတစ်ခုကို တွေ့ရလိမ့်မယ်"

နန်းသူဇာက ဦးထန်ဖုန်းရှိန် ပြောသမျှကို အသေအချာ မှတ်သားနေလေသည်။

"အဲဒီလမ်းက ကျောက်ခင်းလမ်းတစ်ခုပဲ၊ အဲဒီကျောက် ခင်းလမ်းအတိုင်း တောင်ဘက်စူးစူးကို သွားရင် မိုးမခ သစ်တော ကြိုးဝိုင်းထဲက ထွက်သွားပြီး ပူတာအိုကို သွားတဲ့ မော်တော်ကား လမ်းရှိရာကို ရောက်သွားလိမ့်မယ်၊

အဲဒီလမ်းတပိုက်မှာ သစ်တောဝန်ထမ်းတွေ နေရာ ရုံးခန်းတွေလည်း ရှိတယ်၊ သူတို့က သမီးကို မြင်ရင် အကူအညီ ပေးကြပါလိမ့်မယ်"

နန်းသူဇာက ခေါင်းညိတ်ပြသည်။

"ဒါပေမယ့် သမီးတစ်ယောက်တည်းတော့ မသွားနဲ့ အကြောင်းကိစ္စရှိရင် အကူအညီရအောင် သမီးအစ်မ နန်းမွေ ရည်နဲ့ အခြားတစ်ယောက်ကို အဖော်ထည့်ပေးလိုက်မယ်၊ ဒါပေ မယ့် သမီးတို့ သွားမယ့်ကိစ္စကို ရွာကလူတွေ ဘယ်သူမှ မသိ စေနဲ့ . . . ကြားလား"

"စိတ်ချပါ အဖေ"





"နောက်ပြီး သမီး အဖေ့ကို ကတိတစ်ခု ပေးခဲ့ရမယ်"

"ဘယ်လိုကတိလဲ အဖေ"

"ပူတာအို ရောက်တဲ့အခါ ဘယ်သူနဲ့တွေ့တွေ့ အဖေ ...့ ရွာအကြောင်းတွေကို မပြောပါဘူးဆိုတဲ့ကတိပဲ"

"ဒီက အကြောင်းတွေကို ဘယ်သူ့ကိုမှ မပြောပါဘူးလို့ ..မီး ကတိပေးပါတယ်"

"ဒီလိုဆိုရင် လူနာအတွက် လိုအပ်တဲ့ဆေးစာရင်းတွေ ...့ အဖေရေးပေးလိုက်ပါ့မယ်၊ တကယ်လို့ သမီးတို့ အန္တရာယ် ..င်းစွာနဲ့ ချောချောမောမော ပြန်ရောက်လာမယ်ဆိုရင်တော့ ..တို့ရဲ့အသက်ကို ကယ်နိုင်မှာပါ၊ သမီးတို့ သွားရင် ဘယ်သူမှ ..သိအောင် ညအချိန် သွားကြပေတော့"

နန်းသူဇာက စိတ်အားထက်သန်စွာဖြင့် ခေါင်းညိတ်ပြ ..က်လေသည်။

ထိုအချိန်မှာ သစ်လုံးတဲနောက်မှ လူတစ်ယောက် လျှို့ ..ှစွာ ထွက်သွားသည်ကိုတော့ ဦးထန်ဖုန်းရှိန်တို့ မသိလိုက်ကြ ..ာ့ပေ။





အခန်း(၁၄)

# လျှို့ဝှက်ချက်များနှင့် ကြောက်မက်ဖွယ်ရာအန္တရာယ်

အချိန်အခါမဟုတ် မိုးက တဖွဲဖွဲ ရွာသွန်းလျက်ရှိနေသည်။

အချိန်မှာ ညဦးပိုင်းဖြစ်ပေသည်။

မိုးရွာနေသောကြောင့် အမှောင်ထုက ပိုမိုသိပ်သည်းစွာနှင့် ပတ်ဝန်းကျင်ကို ဖုံးအုပ်ထားလေသည်။

ထိုကဲ့သို့ ရာသီဥတု ဆိုးဝါးသောအချိန်မျိုးတွင် ရွာသူရွာ

သားများမှာ အကြောင်းမရှိဘဲ မည်သူမှ အပြင်မထွက်ကြပေ။ မှလာရှိုးဒီတစ်ရွာလုံးမှာ အမှောင်ထုအောက်တွင် တိတ်ဆိတ်ငြိမ်သက်လျက်ရှိလေသည်။

ညဦးပိုင်းအချိန်တွင် အဖြူရောင်အလံတိုင် စိုက်ထူထားသောနေရာသို့ လူသုံးယောက် ရောက်လာကြသည်။ သုံးယောက်စလုံး မိုးကာအင်္ကျီများကို ဝတ်ဆင်ထားကြသည်။

မိုးကာအင်္ကျီများမှာ အနက်ရောင်ဖြစ်သောကြောင့် အမှောင်ရိပ်ဖြင့် ရောနှောလျက်ရှိနေသည်။

ထိုသုံးယောက်မှာ အခြားမဟုတ်ပေ။

နန်းသူဇာနှင့် အစ်မဖြစ်သူ နန်းရွှေရည်တို့အပြင် အခြားအမျိုးသားတစ်ယောက်တို့ဖြစ်သည်။

ယောကျ်ား၏အမည်မှာ မာလုဖြစ်သည်။

နန်းရွှေရည်နှင့်မာလုတို့နှစ်ယောက်မှာ ဦးထန်ဖုန်းရှိန်က နန်းသူဇာအတွက် အဖော်အဖြစ် ထည့်ပေးလိုက်သောကြောင့်သာ လိုက်ခဲ့ကြရသော်လည်း များစွာကြောက်ရွံ့တုန်လှုပ်လျက်ရှိနေကြသည်။

၎င်းတို့နှစ်ယောက်သည် မိုးမခတောတွင်းသို့ ဝင်ရမည့်ကိစ္စကို သေမင်းကျော့ကွင်းသို့ ဝင်ရောက်ရမည့်ပမာ များစွာကြောက်ရွံ့တုန်လှုပ်လျက်ရှိနေကြသည်။

ထိုတောလမ်းခရီးကို သွားရမည့်အတွက် မကြောက်ရွံ့ဘဲ စိတ်အားတက်ကြွနေသူမှာ နန်းသူဇာတစ်ဦးတည်းသာ ရှိ





သည်။

"သူဇာရယ်. . . နင် ဘယ်လိုစိတ်ကူးနဲ့များ ဒီလောက်အန္တရာယ်များတဲ့တောထဲကို အချိန်မတော်ကြီး သွားဖို့ ကြံစည်ရတာလဲ၊ ကိုယ့်သေတွင်း ကိုယ်တူးသလိုမျိုး ဖြစ်နေတော့မှာပဲ"

"ဟုတ်ပါရဲ့. . . ငါလည်း အဘက လိုက်သွားဆိုလို့ ကြောက်တာနဲ့ လိုက်လာရတာ၊ ဒီတောထဲ သွားရမယ့်အတူကျားဖင်သာ ပြေးနိုက်တာကမှ သက်သာဦးမယ်"

ဟု နန်းရွှေရည်နှင့်မာလုတို့နှစ်ယောက်က စိတ်ပျက်လက်ပျက်ဖြင့် ပြောနေကြသည်။

"ဘာမှမဖြစ်ပါဘူးဟာ. . . နင်တို့ ဘာမှမဖြစ်စေရပါဘူး"

နန်းသူဇာက ဒါပဲ ပြောသည်။

"ဒီတောက ဘယ်လိုတောမျိုးဆိုတာ နင်လည်း အသိသားနဲ့၊ နေ့ဘက် ဝင်ရင်တောင် သေကြသေးတာ၊ အခုလိုညဘက်ဝင်မှတော့ လွတ်နိုင်ပါ့မလား"

မာလုက ပြောသည်။

"ဟုတ်ပါတယ် ညီမလေးရယ်၊ နင်လည်း မသွားနဲ့ဟာ"

ဟု နန်းရွှေရည်က ဖျောင်းဖျပြောဆိုလေသည်။

"ဘယ်လိုအန္တရာယ်ပဲရှိရှိ ကျွန်မကတော့ သွားမှာပါပဲ၊ ဘယ်လိုအန္တရာယ်မှလည်း မကြောက်ပါဘူး"

"နင်က မျက်စိမှ မမြင်ရတော့ ဘယ်ကြောက်မှာလဲ၊

ငါတို့က မကောင်းဆိုးဝါးတွေ လာရင်လည်း မြင်နေရတာ ဆိုတော့ ကြောက်တာပေါ့"

"ဘာမှမကြောက်ပါနဲ့ . . . အစ်မတို့ ဘာမှမဖြစ်စေရပါဘူး"

ဟု ပြောကာ နန်းသူဇာက အဖြူရောင်အလံတိုင် စိုက်ထားသော တောထဲ ဝင်နိုင်သောနေရာမှ ဝင်ရန် ရှေ့မှ သွားလေသည်။

သူမလက်ထဲမှာ လမ်းလျှောက်ရာမှာ အသုံးပြုသည့် တုတ်ရှည်တစ်ချောင်းသာ ပါလေသည်။

သူမသည် ထိုတုတ်ရှည်နှင့်ပင် စမ်းကာသွားလေသည်။

တောစပ်သို့ ရောက်သောအခါ ပထမဆုံး တွေ့ရသော အဝါရောင်အလံကလေးများ ချိတ်ဆွဲထားသည့် စည်းကြိုးနေရာသို့ ရောက်သောအခါ ရပ်လိုက်ပြီး တုတ်ဖြင့် ကြိုးကို စမ်းကြည့်သည်။

ပြီးမှ ထိုစည်းကြိုးကို ကျော်ကာ အတွင်းသို့ ဝင်သွားလေရာ နောက်မှ နှစ်ယောက်က ကြောက်ကြောက်လန့်လန့်နှင့် လိုက်ကြလေသည်။

အနီရောင်အလံကလေးများ တန်းထားသောနေရာ ရောက်သောအခါ ရပ်၍ တုတ်ဖြင့် စမ်းကြည့်ပြီး အတွင်းသို့ ဝင်သွားပြန်သည်။

နောက်ဆုံး အနက်ရောင်အလံကလေးများ ချိတ်ဆွဲ





ထားသောနေရာရောက်တော့ ခဏရပ်ပြီး အခြေအနေကို နားစွင့်ကြည့်သည်။

တောနက်အတွင်း သတ္တဝါတစ်ကောင်အော်သံမျိုး ကြားရသည်။

နောက်မှ လိုက်လာသောနှစ်ယောက်က နန်းသူဇာကို အတွင်းသို့ ဆက်မဝင်ရန် အတန်တန် တားကြသော်လည်း မရတော့ဘဲ စည်းကြိုးကို ကျော်၍ အတွင်းသို့ ဝင်သွားရာ ကြောက်ကြောက်လန့်လန့်ဖြင့် လိုက်သွားကြရလေသည်။

တောထဲ ရောက်တော့ အမှောင်ရိပ်များက ပိုမိုပိတ်ဆီးနေပြီး အလင်းရောင် အနည်းငယ်သာ ရှိနေသည်။

မျက်စိမမြင်ရသော နန်းသူဇာအတွက် ထိုအမှောင်ထုများက မည်သို့မှ ပြဿနာမရှိသော်လည်း နောက်မှ လိုက်ကြသူနှစ်ဦးအတွက်ကတော့ စမ်းတဝါးဝါးဖြင့် သွားနေရသောကြောင့် မကြာခဏ ခလုတ်တိုက်ကာ လဲကြလေသည်။

ထိုအချိန်မှာပင် မိုးက တဖွဲဖွဲ ရွာနေရာမှ ပိုများလာသောကြောင့် သစ်ပင်ကြီးတစ်ပင်အောက်သို့ မိုးဝင်ခိုနေကြရသည်။

မိုးနှင့်အတူ လေပြင်းများကပါ တိုက်ခတ်နေသောကြောင့် သစ်ပင်ကြီးငယ်တို့မှာ ယိမ်းထိုးလှုပ်ရှားနေလျက်ရှိနေကြရာ အမှောင်ရိပ်များကြောင့် မကောင်းဆိုးဝါးကြီးများ လှုပ်ရှားနေသကဲ့သို့ ရှိနေကြသည်။

ထိုအချိန်မှာပင် အဝေးဆီမှ ကြားနေရသော သတ္တဝါ

တစ်ကောင်၏အော်သံမှာ တဖြည်းဖြည်းနှင့် နီးလာရာ မာလုနှင့် နန်းရွှေရည်တို့နှစ်ယောက်မှာ မိုးလေကြောင့် ချမ်းအေးသည့် ဒဏ်နှင့် ကြောက်စိတ်များ ပေါင်းကာ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေကြလေသည်။

"သူဇာ. . . ငါကတော့ ဆက်မလိုက်ဝံ့တော့ဘူး"

"ဟုတ်တယ်. . . ရွာရောက်လို့ အဖေစိတ်ဆိုးပြီး သတ်ရင်လည်း သေပါစေတော့၊ တောထဲမှာ နှလုံးသွေးပျက်ပြီးမှ သေရတာနဲ့စာရင် ရွာမှာပဲ အသေခံတော့မယ်"

ဟု ပြောကြသော်လည်း နန်းသူဇာကတော့ စိုးရိမ်တုန်လှုပ်ခြင်း မရှိပေ။

"နင်တို့ မလိုက်ဝံ့လို့ ပြန်မယ်ဆိုရင်လည်း ပြန်ကြပါ၊ ငါကတော့ ရှေ့ဆက်သွားမှာပါပဲ၊ မျက်စိမမြင်တဲ့ ငါ့အတွက်ကတော့ အဖော်မပါလည်း ကိစ္စမရှိပါဘူး"

"ငါ စိတ်မကောင်းပါဘူး ညီမလေးရယ်၊ နင်က မျက်စိမမြင်တဲ့ ဒုက္ခိတတစ်ယောက်ဖြစ်နေတော့ တောထဲမှာ မိစ္ဆာကောင်ကြီးနဲ့ တွေ့ရင်လည်း သူက နင့်ကို ချမ်းသာပေးမှာပါ"

"နင်တံကောင်းပါစေလို့ ငါတို့နှစ်ယောက် ဆုတောင်းပေးလိုက်ပါတယ်ဟာ"

ဟု ပြောဆိုကာ နန်းရွှေရည်နှင့်မာလုတို့နှစ်ယောက်မှာ နောက်ကြောင်းသို့ ပြန်ပြေးသွားကြလေတော့သည်။

သူတို့ ထွက်သွားပြီးသည်အထိ နန်းသူဇာက ထိုနေရာမှာ အတန်ကြာအောင် ရပ်နေသေးသည်။



ထိုအချိန်မှာ တောတွင်းမှ ဆူဆူဝါးဝါးအော်သံများနှင့် အတူ တောတိုးလာသံများကို ကြားလာရသည်။

"အဖေပြောတာကတော့ ဒီတောထဲမှာ သတ္တဝါကြီး တကယ်မရှိဘူးလို့ ပြောတယ်၊ အခုကြားနေရတဲ့အသံတွေက သတ္တဝါတွေရဲ့အော်သံတွေပဲ၊

တောထဲမှာဆိုတော့ အခြားသတ္တဝါတွေလည်း ရှိနေမှာပဲ၊ ငါဒီနေရာမှာ ကြာကြာဆက်နေလို့ မဖြစ်တော့ဘူး၊ ကျောက်ဂူတွေ ရှိတဲ့ဘက်ကို ပြေးမှပဲ"

ဟု စဉ်းစားကာ တုတ်ဖြင့် စမ်းကာ ကျောက်ဂူနား ရှိရာဘက်သို့ ခပ်သွက်သွက် သွားလေသည်။

ထိုသို့သွားတော့မှ နောက်မှ ပြေးလိုက်လာသောခြေသံကို ကြားရလေသည်။

ပထမတော့ သစ်ရွက်များအပေါ်သို့ မိုးရေစက်ကျသံဟု ထင်လိုက်မိသော်လည်း အသေအချာ နားစွင့်ကြည့်တော့မှ မိုးရေစက်ကျသံ မဟုတ်ဘဲ တောတိုးလာသောခြေသံဖြစ်မှန်း သိရလေသည်။

သေချာတာကတော့ သူမနောက်မှ သတ္တဝါတစ်ကောင်ကောင်က ခြေရာကောက်ကာ လိုက်လာခဲ့လေပြီ။

သို့ကြောင့် ခြေလှမ်းကို မြန်နိုင်သမျှမြန်အောင် ကြိုးစားပြေးလေသည်။

အမှောင်ရိပ်များ ဖုံးနေသောတောနက်ထဲမှာ သာမန် မျက်စိမြင်ရသောလူတစ်ယောက်ပင် သွားလာရန် မလွယ်ကူသော အခြေအနေတွင် မျက်စိမမြင်ရသော လူတစ်ယောက် အတွက်ကတော့ ပြောဖွယ်မရှိတော့ပေ။

သစ်ပင်များနှင့် ဝင်တိုက်မိခြင်း၊

နွယ်ကြိုးများဖြင့် ပတ်မိခြင်း၊

သစ်ကိုင်းများဖြင့် ခိုတ်မိခြင်းများကြောင့် ခနီးမတွင်လှပဲ မကြာခဏ မြေပေါ်သို့ လဲကျနေလေသည်။

သူမတစ်ကိုယ်လုံးမှာလည်း ရွံ့နွံများ ပေကျံလျက် ဒဏ်ရာဒဏ်ချက်များစွာ ရနေချေပြီ။

သို့သော်လည်း ရပ်နားမနေဝံ့ဘဲ ကျောက်ဂူတန်းများ ရှိရာဘက်သို့ ဦးတည်ကာ ပြေးလွှားခဲ့သည်။

ကျောက်ဂူများ ရှိသောနေရာမှာ ရွာရှိသောဘက်မှ တောင်ဘက်စူးစူးနေရာ၌ဖြစ်သည်။

နန်းသူဇာမှာ မရပ်မနား ပြေးလွှားခဲ့ရာ နောက်ဆုံး ကျောက်ဂူတန်းများ ရှိသည့်နေရာသို့ ရောက်လာခဲ့သည်။

ထိုနေရာရောက်တော့ ရပ်ပြီးနားစွင့်ကြည့်သည်။ နောက်မှ လိုက်လာသည့်ခြေသံ မကြားရပြန်ပေ။

"ကျောက်ဂူတန်းတွေ ရှိတဲ့နေရာ ရောက်ရင် အရှေ့ဘက်ကို သွားရမယ်"

ဟု ဦးထန်ဖုန်းရှိန် ပြောလိုက်သည့်စကားအတိုင်း





အရှေ့ဘက်သို့ ဦးတည်လာလေသည်။

သူမ ကျောက်ဂူတန်းများ ရှိရာမှ စမ်းချောင်းရှိရာသို့ ဦးတည်သွားသောအခါ နောက်ဘက်မှ သတ္တဝါတစ်ကောင် အော်သံမျိုး ကြားရပြီး ပြေးလိုက်လာသောခြေသံကိုလည်း သဲသဲကွဲကွဲ ကြားလာရသဖြင့် ရှေ့ဆက်ပြေးပြန်သည်။ ထိုနေရာ တဝိုက်မှာ တောခြေရှင်းနေသောကြောင့် အခက်အခဲ မရှိသော်လည်း စမ်းချောင်းရှိရာနှင့် နီးလာပြီး အနိမ့်ပိုင်းနေရာ ရောက်သောအခါ သူမအတွက် အခက်အခဲ ရှိလာလေသည်။

ထိုနေရာတွင် ရွံ့ဗွက်များနှင့် နွံအိုင်များ ရှိနေသောကြောင့် ပြေးရသည်မှာ ခနီးမတွင်လှပေ။

မိုးရေဖြင့် စွတ်စိုနေသောနွံဗွက်များထဲမှာ တဝိုင်းဝိုင်းနှင့် မကြာခဏ လဲကျနေလေသည်။

ထိုရွံ့နွံဗွက်တောများ ရှိသည့်နေရာသို့ ရောက်သောအခါတွင် နောက်မှ လိုက်လာသည့်ခြေသံကို မကြားရပြန်ချေ။

တစ်ကြိမ်မှာတော့ ကုန်းမြင့်တစ်နေရာမှ ခလုတ်တိုက်၍ လိမ့်ကျသွားရာ လူတစ်ရပ် နစ်လောက်သည့် နွံအိုင်အတွင်းသို့ ကျသွားတော့သည်။

"ဗွမ်း. . ."

တုတ်တခြား လူတခြားဖြစ်သွားပြီးနောက် လက်လှမ်းမိရာကို ဖမ်းဆွဲလိုက်ရာ ကံအားလျော်စွာ ကမ်းစပ်မှ ထွက်နေသော သစ်မြစ်ကိုင်းတစ်ခုကို ဖမ်းဆုပ်မိသွားသည်။

သူမသည် ထိုသစ်မြစ်ကို ကိုင်၍နားရင်း နားစွင့်ကြည့်လိုက်သည်။

ထူးထူးခြားခြားအသံတော့ မကြားရပေ။

သို့ကြောင့် ခေတ္တနားပြီး အပေါ်ရောက်အောင် ပြန်တက်သည်။ မိုးရေဖြင့် စိုစွတ်နေသည့်ရွှံ့နွံများကြောင့် ချောနေလေရာ အတော်ကြိုးစားတက်မှ အပေါ်သို့ ရောက်သွားသည်။

တကိုယ်လုံး ရွှံ့နွံများ ပေနေသောကြောင့် အပေါ်မှ ဝတ်ထားသော မိုးကာအင်္ကျီအနက်ကြီးကို ချွတ်ပစ်လိုက်သည်။

ထိုသို့ချွတ်ပစ်လိုက်ခြင်းကပင် သူမ၏အမှားပင်ဖြစ်သည်။ အနက်ရောင်မိုးကာအင်္ကျီ ဝတ်ဆင်ထားစဉ်က အမှောင်ထဲမှာ ရုတ်တရက် မမြင်နိုင်သော်လည်း ယခုကဲ့သို့ အပေါ်မှ မိုးကာအင်္ကျီကို ချွတ်လိုက်သောအခါ သူမဝတ်ဆင်ထားသော အဖြူရောင်အင်္ကျီရှည်ကြောင့် အမှောင်ထဲမှာ ရုတ်တရက် လှမ်းမြင်နိုင်လေသည်။

ထိုအခိုက်မှာပင် နွံများပေါ်မှာ နင်းလျှောက်လာသည့် ခြေသံကြီးကို ကြားလာရသည်။

"ဗွမ်း . . . ဗွမ်း . . . ဗွမ်း"

ထိုအသံကြားသောအခါ နန်းသူဇာသည် ရွှံ့နွံများဖြင့် ချောနေသောနေရာမှ ကုန်းမြင့်ပေါ်သို့ ရောက်အောင် ကြိုးစား၍ ပြန်တက်လေသည်။

ဦးထန်ဖုန်းရှိန်က စမ်းချောင်းတဖက်တွင် တောင်ကုန်း



တစ်ခုရှိသည်ဟု မှာလိုက်သည်နှင့် အပေါ်ရောက်သည်နှင့် စမ်းချောင်းရှိရာသို့ သွားသည်။

လမ်းမှာပင် သူမလွှတ်ကျခဲ့သောတုတ်ကို ပြန်တွေ့သဖြင့် ကောက်ယူပြီး စမ်းချောင်းရှိရာသို့ ဆင်းလေသည်။

တိတ်ဆိတ်နေသောအချိန်မှာ စမ်းချောင်းရှိရာသို့ သွားရသည်မှာ မခက်ခဲလှပေ။

တိတ်ဆိတ်နေသောအချိန်၌ ရေစီးသံကို ကြားနေရသောကြောင့်ဖြစ်သည်။

စမ်းချောင်းအနီးရောက်တော့ တုတ်ဖြင့် ထောက်၍ဆင်းသည်။

ချောင်းက သိပ်မနက်လှဘဲ လူခါးလယ်လောက်သာပြီး ရေစီးကလည်း သိပ်မသန်လှပေ။

ချောင်းအတွင်းမှ တဖြည်းဖြည်း စမ်းကူးသွားကာ တစ်ဖက်ကမ်း ရောက်ခါနီးသောအခါ ကိုယ်ပေါ်မှာ ပေနေသောရွှံ့နွံများကို ရေဖြင့် ဆေးလိုက်ပြီးမှ ကမ်းပေါ်သို့ တက်သွားလေသည်။

ချောင်းစပ်နှင့် နီးသောနေရာမှာ ရွှံ့နွံများ ရှိနေသော်လည်း ဆိုးဆိုးဝါးဝါးတော့ မရှိတော့ပေ။

ချောင်းကမ်းစပ်မှ အပေါ်ရောက်တော့မှ သူမရှေ့တည့်တည့် မဝေးလှသောနေရာမှာ မိစ္ဆာကောင်ကြီးက ဆောင့်ကြောင့်ထိုင်နေလေသည်။

နန်းသူဇာက စမ်းချောင်းအတွင်းမှ တဖြည်းဖြည်း တက်သွားပြီး အပေါ်ရောက်တော့မှ သူမကို စောင့်နေသော အန္တရာယ်ရှိမှန်း သိလိုက်သောအခါ ရပ်လိုက်လေသည်။

ထိုအချိန်မှာပင် မိစ္ဆာကောင်ကြီးက နေရာမှ တဖြည်းဖြည်း ထလာသည်။

နန်းသူဇာမှာ ဘာလုပ်ရမှန်းမသိဘဲ ရပ်နေစဉ် မိစ္ဆာကောင်ကြီးက ပြေးလာပြီး သူမကို လက်နှစ်ဖက်နှင့် ဖက်လိုက်သည်။

အနီးရောက်တော့မှ နံဘေးသို့ ရှောင်ပေးလိုက်ရာ အရှိန်လွန်၍ မလှမ်းမကမ်းသို့ ရောက်သွားသည်။

"ရှုး‥ ရှုး‥ ရှုး‥"

ဟူသော သတ္တဝါကြီးထံမှ အသက်ရှုသံကြီးကို အတိုင်းသား ကြားနေရသဖြင့် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ခြေဦးတည့်ရာ ပြေးလေတော့သည်။

အတန်ကြာအောင် ပြေးမိသောအခါ အတော်ကြီးမား သော ကျွန်းပင်ကြီးတစ်ပင်အောက်သို့ ရောက်သောအခါ ရပ်တန့်၍ ကပ်နေလိုက်သည်။

သူမမှာလည်း မောပန်းလွန်းသောကြောင့် အသက်ရှူပင် မမှန်တော့ပေ။

"အဖေပြောပြတုန်းက သတ္တဝါကြီးက တကယ်မရှိဘူး သူတို့ ဖန်တီးထားတာလို့ ပြောတယ်၊





အခု မိစ္ဆာကောင်ကြီးက တကယ်ရှိနေပါလား၊ ဘယ်က ရောက်လာတာလဲ၊

အဖေပြောတာတွေဟာ တကယ်မဟုတ်ဘဲ ငါကြောက်မှာစိုးလို့ လိမ်ညာပြောလိုက်တာလား"

ဟု တွေးနေစဉ်မှာ မိစ္ဆာကောင်ကြီး သူမပုန်းနေသော ကျွန်းပင်ကြီးတစ်ဖက်သို့ ရောက်လာသည်။

မျက်စိမမြင်သောကြောင့် အကောင်အထည် မမြင်ရသော်လည်း အသက်ရှူသံလိုလို နှာမှုတ်သံလိုလို အသံကြီးကို တော့ အတိုင်းသား ကြားနေရသည်။

"ရှုး‥ ရှုး‥ ရှုး‥"

"ရှုး‥ ရှုး‥ ရှုး‥"

မိစ္ဆာကောင်ကြီးမျက်နှာမှာ ဝံပုလွေလိုလို လူအရိုးခေါင်းလိုလိုဖြင့် မျက်လုံးနှစ်လုံးက ပြူးကျယ်ကာ နီရဲလျက်ရှိသည်၊

ပါးစပ်မှာ ဝံပုလွေတစ်ကောင်၏ပါးစပ်ကဲ့သို့ ကျယ်ဝန်းကာ ငေါထွက်နေသော အစွယ်နှစ်ချောင်းနှင့် ချွန်ထက်သည့် သွားများက ပေါ်နေသည်။

ပါးစပ်မှ တဂူးဂူး တဂဲဂဲ အသံထွက်နေလေသည်။ မိစ္ဆာကောင်ကြီးက ကျွန်းပင်ကြီး ဟိုဘက်ခြမ်း၌ နန်းသူဇာ ကပ်နေသည် သိသောကြောင့် ဒီဘက်မှ လက်နှစ်ဖက်ဖြင့် သိုင်းဖက်လိုက်သည်။

"အမယ်လေး"

သူမက အလန့်တကြား အော်လိုက်သည်။

သို့သော် သစ်ပင်ကြီးက ကြီးသောကြောင့် မိစ္ဆာကောင်ကြီး၏လက်နှစ်ဖက်က သူမဆီ မရောက်ခင်မှာ တန့်သွားသည်။

လက်သည်းချွန်များက သစ်ပင်၌ စိုက်ဝင်သွားလေသည်။

နန်းသူဇာမှာ ထွေထွေထူးထူး စဉ်းစားမနေဝံ့တော့ဘဲ ခြေဦးတည့်ရာ ပြေးရပြန်လေသည်။

သူမသည် မမြင်ရဘဲ ပြေးသွားရာ တစ်နေရာ ရောက်သောအခါ လဲကျနေသော သစ်ပင်ကြီးတစ်ပင်မှ ငေါထွက်နေသည့် သစ်မြစ်ချွန်ကြီးက ရင်ဝတည့်တည့်သို့ တန်းနေသည်။

မဆွေးမမြေ့ဘဲ နှစ်ပေါင်းများစွာ ရှိနေသည့် သစ်မြစ်ချွန်ကြီးမှာ လှံသွားတမျှ ချွန်ထက်နေလေသည်။

သူမ အနားရောက်သောအခါ တစ်စုံတစ်ယောက်က တွန်းထားလိုက်သကဲ့သို့ တုံ့ကနဲ ရပ်သွားလေသည်။

ရှေ့သို့ ဆက်တိုးသွားပါက ရင်ဝသို့ ထုတ်ချင်းပေါက် စူးဝင်သွားဖို့သာ ရှိတော့သည်။

ကြောက်ကြောက်လန့်လန့်နှင့် လက်ဖြင့် စမ်းကြည့်လိုက်သောအခါ ချွန်မြနေသော သစ်မြစ်ချွန်ကြီးကို စမ်းမိလေသည်။

ထိုအခိုက်မှာပင် နောက်မှ ပြေးလာသောခြေသံကို ကြားရသဖြင့် ဒီအတိုင်း ငြိမ်နေလိုက်သည်။



မိစ္ဆာကောင်ကြီးက အနားရောက်သောအခါ အရှိန်ဖြင့် ပြေးဖက်လိုက်သည်နှင့် ဒူးညွှတ်ကာ ထိုင်ချလိုက်ရာ သစ်မြစ်ချွန်ကြီးက မိစ္ဆာကောင်ကြီး၏ရင်ဝသို့ စူးဝင်သွားလေတော့သည်။

"အူး . . ဝူး . . . ဝူး . ."

ကျယ်လောင်သောအော်သံကြီးက တောထဲ၌ ပဲ့တင်သပ်သွားတော့သည်။

နန်းသူဇာလည်း ထိုနေရာမှ ပြေးထွက်ခဲ့လေသည်။

စမ်းချောင်းအထက်နားမှာ ရှိသော တောင်ကုန်းတစ်ခုကို ကျော်ဆင်းလိုက်သောအခါ ဦးထန်ဖုန်းရှိန် ပြောလိုက်သကဲ့သို့ ကျောက်ခင်းလမ်းတစ်ခုသို့ ရောက်သွားသည်။

"အဖေပြောလိုက်တဲ့ လှိုဏ်ဂူလမ်းတော့ တွေ့ပြီ"

ဟု တွေးကာ တုတ်ဖြင့် စမ်းကာ ခပ်သွက်သွက် သွားလေရာ နံနက်လင်းသောအချိန်တွင် မိုးမခ သစ်တောကြိုးဝိုင်း နယ်နိမိတ်အစပ်သို့ ရောက်သွားလေသည်။

ထိုနယ်နိမိတ်အစပ်တွင် ပူတာအိုအထိ ရောက်နိုင်သော ကျောက်ခင်းလမ်းတစ်ခုရှိသည်။

ထိုကျောက်ခင်းလမ်းတလျှောက်မှာလည်း မိုးမခ သစ်တောကြိုးဝိုင်းကို စောင့်ရှောက်နေကြသော သစ်တောဝန်ထမ်းများလည်း ဥဒဟို သွားလာနေကြသည်။

ကားလမ်းပေါ်မှာ သစ်တောဌာနမှ တံဆိပ်တပ်ထားသည့် ဂျစ်ကားတစ်စီး မောင်းလာစဉ် တစ်နေရာ ရောက်သော

အခါ သစ်တောအတွင်းမှ တိုးထွက်လာသည့် မိန်းကလေးတစ်ယောက်ကို တွေ့ရသဖြင့် အံ့သြသွားသောကြောင့် ဂျစ်ကားကို အတော်ဝေးဝေး ရောက်သွားပြီးမှ ပြန်ဆုတ်လာသည်။

ဂျစ်ကားမောင်းလာသော သစ်တောဝန်ထမ်းလူရွယ်မှာ ထိုနေရာမျိုးမှာ ဘယ်လိုမှ မတွေ့နိုင်သော အမျိုးသမီးတစ်ယောက်ကို တွေ့ရသဖြင့် အံ့သြသွားသည်။

ပထမ တွေ့စက လူအစစ် မဟုတ်ဘဲ နာနာဘာဝများ ထွက်လာပြီး ခြောက်လှန့်နေသလားဟု ထင်လိုက်မိသည်။

"ဒီတောက ပိတ်ပင်ထားတဲ့တောပဲ၊ ဒီနေရာမှာ မိန်းကလေးတစ်ယောက် တွေ့ရတာကတော့ အဆန်းပဲ၊ လူအစစ်မှ ဟုတ်ပါ့မလား၊ နာနာဘာဝတွေ ထမန်းကျားတွေများ ဖြစ်နေမလား"

သူက ကားရပ်ပြီး တွေးတောနေစဉ်မှာ တောစပ်မှာ ရပ်နေသောမိန်းကလေးက ငြိမ်သက်စွာ ရပ်၍ သူ့ကားရှိရာဘက်သို့ မျှော်ကြည့်နေသည်။

ကားပေါ်မှ လူရွယ်က ဆင်းသွားပြီး မိန်းကလေးနှင့် မနီးမဝေးနေရာရောက်အောင် လျှောက်သွားလေသည်။

သို့တိုင်အောင် မိန်းကလေးက မလှုပ်မယှက်နှင့် ငြိမ်သက်စွာ ရပ်နေသည်။

သူမမှာ ရုပ်ရည်ချောမောသော်လည်း ကိုယ်ပေါ်မှာ ဝတ်ဆင်ထားသည့် အဖြူရောင်ဝတ်စုံမှာ ညစ်ပေ၍ ရေများ





စိုရွှဲနေသည်။

သူမတစ်ကိုယ်လုံးမှာလည်း ဖြူဖတ်ဖြူလျော်ဖြစ်နေသကဲ့သို့ ရှိလေသည်။

"မင်း. . မင်း ဒီတောထဲက ထွက်လာတာလား"

မိန်းကလေးက ခေါင်းညိတ်ပြသည်။

"ဘယ်မှာ နေတာလဲ"

"ဒီမိုးမခတောထဲမှာပါပဲ"

"ဒီတောထဲမှာ နေတယ်ဟုတ်လား၊ ငါက ဒီသစ်တောမှာ တာဝန်ကျနေတဲ့ သစ်တောဝန်ထမ်းတစ်ယောက်ပဲ၊ ဒီတောထဲမှာ လူရှိတယ်လို့ တစ်ခါမှ မကြားမိပါဘူး"

မိန်းကလေးက ဘာမှပြန်မပြောဘဲ သူရှိရာဘက်သို့ လှမ်းကြည့်နေသည်။

ထိုအခါမှ မျက်စိမမြင်မှန်း သိရလေသည်။

"မင်းမျက်စိမမြင်ရဘူးလား"

မိန်းကလေးက ခေါင်းညိတ်ပြသည်။

"ဒီနေရာမှာ ဘာလုပ်နေတာလဲ"

လူရွယ်က အနီးသို့ တိုးသွားပြီး မေးလိုက်သည်။

"ကျွန်မ အကူအညီလိုချင်လို့ပါ အစ်ကိုရယ်၊ တစ်ခုလောက် အကူအညီပေးပါ"

"ဘာအကူအညီပေးရမလဲ"

ထိုအခါ မိန်းကလေးက ခါးကြားမှာ လိပ်ထည့်ထား

သော သားရေပြားဖြင့် ပြုလုပ်ထားသော အိတ်ငယ်တစ်ခုကို ထုတ်ကာ ထိုအထဲမှ စာရွက်ခေါက်တစ်ခုကို ထုတ်ပြီး လှမ်းပေးသောကြောင့် သွားယူပြီး ပြန်ကြည့်လိုက်သည်။

အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော ဆေးစာပင်ဖြစ်၏။ ထိုဆေးစာကို မြင်တော့ လူရွယ်မှာ အံ့ဩသွားသည်။

"အဆိပ်သင့်ပြီး ဒဏ်ရာရနေတဲ့လူနာ ရှိနေလို့လား"

"ဟုတ်ပါတယ်. . . ကျွန်မကို အကူအညီပေးပါ အစ်ကိုရယ်"

"ဆေးရှာပေးတာကတော့ ငါအကူအညီပေးနိုင်ပါတယ်၊ ဒါပေမယ့် ဘယ်လိုဖြစ်တယ်ဆိုတာတော့ ပြောပြပါဦး"

"ကျွန်မတို့က ပူတာအိုချိုင့်ဝှမ်းဘက်မှာ နေပါတယ်၊ ရွာကို ရောက်လာတဲ့ သစ်ခွရှာဖွေတဲ့အဖွဲ့က လူနှစ်ယောက် မမျှော်လင့်ဘဲ ဒဏ်ရာရပြီး အဆိပ်သင့်သွားတာကြောင့် ဆေးလာရှာတာပါ"

ထိုစကားကြားသောအခါမှ လွန်ခဲ့သောလပိုင်းက ပူတာအိုမှ မြောက်ဖျားဘက်သို့ တက်သွားသည့် သစ်ခွရှာဖွေရေးအဖွဲ့တစ်ဖွဲ့အကြောင်းကို သတိရမိလေသည်။

"ဒဏ်ရာရတာကတော့ ဟုတ်ပါပြီ၊ မင်းနေတဲ့နေရာမှာ တခြားမျက်စိမြင်တဲ့လူကောင်းတွေ မရှိလို့ မျက်စိမမြင်တဲ့မင်းက လာတာလား၊ မင်းမှာ တခြားအဖော်တွေ မပါဘူးလား"

"မပါပါဘူး. . . တခြားလူတွေက လမ်းမသိလို့ ကျွန်မပဲ



လာရတာပါ၊ ကျွန်မကို အကူအညီပေးပါ အစ်ကိုရယ်"

ဟု မိန်းကလေးက အထပ်ထပ် ပြောနေသည်။

"အေးလေ. . . မင်းရဲ့ခွဲသတ္တိကိုတော့ ချီးကျူးပါတယ်၊ ဒါကြောင့် မင်းလိုချင်တဲ့ဆေးတွေကို ငါ အကူအညီပေးလိုက်ပါ့မယ်၊ ငါ သစ်တောစခန်း ပြန်ပြီး ဆေးတွေ ယူလိုက်ဦးမယ်၊ မင်း ဒီနေရာကပဲ ခဏစောင့်နေပါ"

ဟု ပြောကာ ဂျစ်ကားပေါ် ပြန်တက်ကာ မောင်းထွက်သွားလေတော့သည်။

တစ်နာရီခန့် ကြာသောအခါ လူရွယ်ပြန်ရောက်လာပြီး အိတ်တစ်လုံးဖြင့် ထည့်ထားသော ဆေးပစ္စည်းများ ပေးလေသည်။

"အခုလို အကူအညီပေးတာ ကျေးဇူးတင်ပါတယ် အစ်ကိုရယ်"

ဟု ပြောကာ မိန်းကလေးက ဆေးအိတ်ကလေးကို သွယ်၍ တုတ်တစ်ချောင်းဖြင့် စမ်းကာ မိုးမခတောတွင်းသို့ ပြန်ဝင်သွားလေတော့သည်။

သစ်တောဝန်ထမ်းလူရွယ်က မျက်စိတဆုံး လှမ်းကြည့်နေပြီး စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်နေမိသည်။

"အခု ငါမြင်လိုက်ရတာ တကယ်ပဲလား၊ အိပ်မက်များ မက်နေတာလား၊ ဒါမှမဟုတ် တောခြောက်တာများ ဖြစ်နေလေသလား"

ဟု တွေးတောရင်း ဂျစ်ကားနံဘေးမှာ မှီရပ်နေရင်း မိန်းကလေး ဝင်သွားသော တောဘက်သို့ မျက်စိတဆုံး လှမ်းကြည့်နေလေသည်။





အခန်း(၁၅)

# ချစ်သူအတွက် ပန်းခင်းလမ်း

တစ်ဆင့်စကားတစ်ဆင့်ကြားဆိုသကဲ့သို့ နန်းသူဇာတစ်ယောက် ပြန်ရောက်လာပြီဆိုသောသတင်းကို ကြားရသောအခါ မူလာရှိုးဒီတစ်ရွာလုံး အုံးအုံးကြွက်ကြွက် ဖြစ်သွားကြလေသည်။

နန်းသူဇာ ရွာက ထွက်သွားသည်ကို မည်သူမှ မသိလိုက်ကြပေ၊ ဘယ်အချိန်သွားသည်၊ ဘာအကြောင်းကြောင့်သွားသည်ကိုလည်း မသိကြပေ။

ယခု ပူတာအိုက ပြန်လာသည်ဆိုတော့မှ များစွာအံ့ဩနေကြခြင်းဖြစ်သည်။

"ဟဲ့. . . နန်းသူဇာတစ်ယောက် ပူတာအိုကို သွားတယ်လို့ ပြောနေကြပါလား"

"ပြောနေတာ မဟုတ်ဘူး. . . အခု အဲဒီက ပြန်တောင်ပြန်လာပြီ"

"မိုးမခတောထဲက အဲသည်လို သွားလို့ရရဲ့လား၊ သွားတဲ့လူတိုင်း သေနေတာ မဟုတ်လား၊

နောက်ပြီး မျက်စိမမြင်တဲ့မိန်းကလေးတစ်ယောက်က ဒီလောက်ကြောက်စရာကောင်းတဲ့ တောထဲမှာ တစ်ယောက်တည်း သွားတာ ဘာမှမဖြစ်ဘူးတဲ့လား"

"အိုး. . . ကျားကိုက်ပါတယ်ဆိုမှ အပေါက်နဲ့လားလို့ မေးနေသေးတယ်၊ သွားလို့ရလို့ပဲ အခု ပြန်တောင်ရောက်လာပြီ"

"ဟဲ့. . . ဒါထက် ဟိုတောထဲမှာ ရှိတဲ့ ကြောက်စရာကောင်းတဲ့သတ္တဝါကြီးနဲ့ မတွေ့ဘူးလား၊ သူသွားတာ ဘာမှမလုပ်ဘူးလား"

"အို. . . ဒါကတော့ ဘယ်သိပ့်မလဲ၊ သေသေချာချာသိချင်ရင် သူနဲ့ တွေ့မှ မေးကြည့်ပေါ့"

"အင်း. . . နန်းသူဇာက ဒုက္ခိတတစ်ယောက်ဖြစ်နေလို့ တောစောင့်နတ် တောင်စောင့်နတ်တွေက သနားလို့ အကူအညီပေးလိုက်တာလည်း ဖြစ်မှာပေါ့"

"အို. . . ဘာပဲဖြစ်ဖြစ် မျက်စိမမြင်တဲ့လူတောင် သွားလို့ရမှတော့ ကျန်တဲ့လူတွေလည်း သွားလို့ရချင်ရမှာပဲ၊ ဒီလိုသွား





လို့ရရင်တော့ ဟန်ကျပြီ၊ ငါတို့ရွာကလူတွေ မိုးမခတောထဲကဖြတ်ပြီး ပူတာအိုအထိ သွားလို့ရရင်တော့ အများကြီး အဆင်ပြေမှာပဲ"

ဟု အမျိုးမျိုး ပြောဆိုနေကြလေသည်။

တကယ်တော့ ရွာသားများမှာ နန်းသူဇာ ထွက်သွားစဉ်က မသိလိုက်ကြပေ။

သူမနှင့် အဖော်လိုက်သွားပြီးမှ လမ်းခုလတ်က ပြန်လှည့်ပြေးခဲ့ကြသော မာလုနှင့်နန်းရွှေရည်တို့က ပြန်ပြောပြသဖြင့် သိကြရခြင်းဖြစ်ပေသည်။

ယခုတော့ နန်းသူဇာတစ်ယောက် ဘေးမသီရန်မခဘဲ ပြန်ရောက်လာခဲ့ချေပြီ။

သူမပြန်ရောက်လာသောကြောင့် ဦးထန်ဖုန်းရှိန်ကလည်း ဝမ်းသာနေလေသည်။

"သမီးအဆင်ပြေခဲ့ရဲ့လား"

"ပြေပါတယ် အဖေ၊ အဖေပြောလိုက်တဲ့လမ်းအတိုင်း သွားတာ ပူတာအို သွားတဲ့လမ်းကို ရောက်ပါတယ်၊ သစ်တောဝန်ထမ်းတစ်ယောက်နဲ့ တွေ့လို့ လိုချင်တဲ့ဆေးတွေကိုလည်း သူက ပေးလိုက်ပါတယ်"

"ကောင်းတာပေါ့ကွယ်. . . ဆေးဝါးတွေ အချိန်မီရောက်လာတော့ ဒဏ်ရာရတဲ့လူတွေ ကုပေးနိုင်တာပေါ့၊ ဒါထက် တောထဲမှာ အန္တရာယ်တွေနဲ့ မတွေ့ခဲ့ရဘူး မဟုတ်လား"

"တွေ့ခဲ့ရသေးတယ် . . . မိစ္ဆာကောင်ကြီးက သမီး နောက်က လိုက်လာပြီး ရန်မူလို့ ကျွန်မ သူ့ကို သတ်ပစ်ခဲ့တယ်"

"ဟင် . . . ဘယ်လိုသတ်ပစ်ခဲ့တာလဲဟင်"

နန်းသူဇာက တောထဲမှာ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို အကြောင်းစုံ ပြန်ပြောပြလိုက်လေရာ ဦးထန်ဖုန်း ရှိန်မှာ များစွာအံ့ဩသွားလေသည်။

"ကဲ . . . သမီးပါလာတဲ့ဆေးဝါးတွေကို ဧည့်သည်တွေကို သွားပေးလိုက်ပါကွယ်၊ အဖေကိစ္စရှိလို့ သွားလိုက်ဦးမယ်"

ဟု ပြောကာ သစ်လုံးတဲရှိရာသို့ သွားလေသည်။

ထိုနေရာရောက်တော့ ပိတ်ထားသောတံခါးမှာ ကျိုးပျက်လျက် ရှိနေသည်။

အတွင်းမှာလည်း အံ့ဖုံးတံခါး ပွင့်နေသောကြောင့် အတွင်းသို့ ဆင်းကြည့်ရာ မိစ္ဆာကောင်ဝတ်ရုံကြီး မရှိတော့ပေ။

"ဘယ်သူဝင်ယူသွားတာလဲ"

ထို့နောက် . . .

ရွာလူကြီးများကို ခေါ်၍ အကျိုးအကြောင်း ပြောပြပြီး နောက် တောတွင်းသို့ လိုက်လံရှာကြသောအခါ စမ်းချောင်းနှင့် မနီးမဝေးနေရာတွင် သစ်မြစ်ချွန်ကြီးက ရင်ဝကို ထုတ်ချင်း ပေါက် စိုက်လျက် အသက်ပျောက်နေသည့် မိစ္ဆာကောင်ကြီးကို တွေ့ရသည်။

အနားသွား၍ ဝတ်ရုံကြီးကို ဖယ်ကြည့်သောအခါ





အခြားမဟုတ်ဘဲ ခေါင်လန်ဖုန် ဖြစ်နေ [illegible] တွေ့ကြရသည်။ ထို့နောက် . . .

ခေါင်လန်ဖုန်ကို မြေမြှုပ်သင်္ဂြိုဟ် [illegible]

ခေါင်လန်ဖုန်မှာ နန်းသူဇာ [illegible] စေရန် လိုက်လံဟန့်တားရင်းမှ ကံကြမ္မာဆိုးနှင့် [illegible] ဖြစ်ပေသည်။

ခေါင်လန်ဖုန်ကို မြေမြှုပ်ပြီးသည်နှင့် [illegible] ကြီးကိုပါ မီးရှို့ဖျက်ဆီးလိုက်ကြသည်၊ [illegible] ဖန်တီးထားသော မိစ္ဆာဝတ်ရုံကြီးကို အပြီးတိုင် [illegible] မှာ မိုးမခတောကို သဘာဝအတိုင်း [illegible] သည့်သဘောပင်ဖြစ်ပေတော့သည်။

ဒေါက်တာမင်းထင်ကျော်မှာ ဦးထန် [illegible] နန်း သူဇာ ယူလာပေးသောဆေးဝါးများနှင့် [illegible] ကြောင့် သက်သာမှု ရကာ သတိပြန်ရလာသည်၊

လမ်းပြလူရှိန်လည်း သက်သာခွင့်ရလေပြီ၊

ဒေါက်တာမင်းထင်ကျော် သတိရလာသောအခါ နန်း သူဇာက ဒေါက်တာမင်းထင်ကျော် လက်တစ်ဖက်ကို [illegible] ကာ တိုးတိုးလေး ပြောသည်။

"ကျွန်မပြန်ရောက်လာပါပြီ ဆရာ"

"မင်းကို သိပ်ပြီး ကျေးဇူးတင်ပါတယ် [illegible] တကယ်တော့ မင်းဟာ ကိုယ်တို့အတွက် အသက်သခင် [illegible]

"တွေ့ခဲ့ရသေးတယ်. . . မိစ္ဆာကောင်ကြီးက သမီးနောက်က လိုက်လာပြီး ရန်မူလို့ ကျွန်မ သူ့ကို သတ်ပစ်ခဲ့တယ်"

"ဟင်. . . ဘယ်လိုသတ်ပစ်ခဲ့တာလဲဟင်"

နန်းသူဇာက တောထဲမှာ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို အကြောင်းစုံ ပြန်ပြောပြလိုက်လေရာ ဦးထန်ဖုန်းရှိန်မှာ များစွာအံ့ဩသွားလေသည်။

"ကဲ. . . သမီးပါလာတဲ့ဆေးဝါးတွေကို ဧည့်သည်တွေကို သွားပေးလိုက်ပါကွယ်၊ အဖေကိစ္စရှိလို့ သွားလိုက်ဦးမယ်"

ဟု ပြောကာ သစ်လုံးတဲရှိရာသို့ သွားလေသည်။

ထိုနေရာရောက်တော့ ပိတ်ထားသောတံခါးမှာ ကျိုးပျက်လျက် ရှိနေသည်။

အတွင်းမှာလည်း အံဖုံးတံခါး ပွင့်နေသောကြောင့် အတွင်းသို့ ဆင်းကြည့်ရာ မိစ္ဆာကောင်ဝတ်ရုံကြီး မရှိတော့ပေ။

"ဘယ်သူဝင်ယူသွားတာလဲ"

ထို့နောက်. . .

ရွာလူကြီးများကို ခေါ်၍ အကျိုးအကြောင်း ပြောပြပြီးနောက် တောတွင်းသို့ လိုက်လံရှာကြသောအခါ စမ်းချောင်းနှင့် မနီးမဝေးနေရာတွင် သစ်မြစ်ချွန်ကြီးက ရင်ဝကို ထုတ်ချင်းပေါက် စိုက်လျက် အသက်ပျောက်နေသည့် မိစ္ဆာကောင်ကြီးကို တွေ့ရသည်။

အနားသွား၍ ဝတ်ရုံကြီးကို ဖယ်ကြည့်သောအခါ



အခြားမဟုတ်ဘဲ ခေါင်လန်ဖုန် ဖြစ်နေသည်ကို စိတ်မကောင်းစွာ တွေ့ကြရသည်။ ထို့နောက်. . .

ခေါင်လန်ဖုန်ကို မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြလေသည်။

ခေါင်လန်ဖုန်မှာ နန်းသူဇာ ဆေးဝါးများ သွားမယူနိုင်စေရန် လိုက်လံဟန့်တားရင်းမှ ကံကြမ္မာဆိုးနှင့် ကြုံတွေ့ခဲ့ရခြင်း ဖြစ်ပေသည်။

ခေါင်လန်ဖုန်ကို မြေမြှုပ်ပြီးသည်နှင့် မိစ္ဆာကောင်ဝတ်ရုံကြီးကိုပါ မီးရှို့ဖျက်ဆီးလိုက်ကြသည်။ ၎င်းတို့အနေနှင့် သူတို့ဖန်တီးထားသော မိစ္ဆာဝတ်ရုံကြီးကို အပြီးတိုင် ဖျက်ဆီးလိုက်ခြင်းမှာ မိုးမခတောကို သဘာဝအတိုင်း လွတ်လပ်ခွင့် ပေးလိုက်သည့်သဘောပင်ဖြစ်ပေတော့သည်။

ဒေါက်တာမင်းထင်ကျော်မှာ ဦးဇန်ကောင်းက နန်းသူဇာ ယူလာပေးသောဆေးဝါးများနှင့် ပြုစုကုသပေးသောကြောင့် သက်သာမှု ရကာ သတိပြန်ရလာသည်။

လမ်းပြလူရှိန်လည်း သက်သာခွင့်ရလေပြီ။

ဒေါက်တာမင်းထင်ကျော် သတိရလာသောအခါ နန်းသူဇာက ဒေါက်တာမင်းထင်ကျော် လက်တစ်ဖက်ကို ဆုပ်ကိုင်ကာ တိုးတိုးလေး ပြောသည်။

"ကျွန်မပြန်ရောက်လာပါပြီ ဆရာ"

"မင်းကို သိပ်ပြီး ကျေးဇူးတင်ပါတယ် သူဇာရယ်၊ တကယ်တော့ မင်းဟာ ကိုယ်တို့အတွက် အသက်သခင် ကျေးဇူး

ရှင်တစ်ယောက်ပါပဲ"

"ကျွန်မ ဆရာအတွက်ဆိုရင် ဘာမဆို လုပ်ပေးဖို့ အဆင်သင့်ပါပဲ"

"မင်းရဲ့စေတနာနဲ့ ရင်ထဲက မေတ္တာတရားကို ကိုယ် နားလည်ပါတယ်၊ အသိအမှတ်လည်း ပြုပါတယ်၊

ဒါကြောင့် ကိုယ်တို့ ပြန်ရင် သူဇာကိုပါ တစ်ခါတည်း ခေါ်သွားပါ့မယ်၊ ရန်ကုန်ရောက်ရင် မင်းရဲ့မျက်လုံးတွေ ပြန်မြင် အောင် ဆေးကုပေးမယ်၊ ပြီးရင် မင်းဘဝလေး ချမ်းမြေ့ပျော်ရွှင် အောင် တစ်သက်လုံး စောင့်ရှောက်ပေးပါ့မယ်ကွယ်"

ထိုစကားကြားသောအခါ နန်းသူဇာ၏မျက်လုံးအိမ်မှ မျက်ရည်များ စီးကျလာကာ ဒေါက်တာမင်းထင်ကျော်လက်ကို လည်း တင်းတင်းဆုပ်ကိုင်ထားလေသည်။

"မျက်ရည်မကျပါနဲ့တော့ကွယ်. . . တကယ်တော့ မင်း ရဲ့မျက်ရည်တွေဟာ ဝမ်းသာလွန်းလို့ ကျတဲ့မျက်ရည်တွေပဲ ဖြစ်ပါစေတော့. . .

နောက်ဆိုရင် မင်းရဲ့ဘဝကလေး လှပပျော်ရွှင်စေဖို့ ကိုယ် ထာဝရ စောင့်ရှောက်ပေးပါ့မယ် အချစ်ရယ်"

"ဝမ်းသာလိုက်တာ မောင်ရယ်"

ဟု ပြောကာ ဒေါက်တာမင်းထင်ကျော်ရင်ခွင်သို့ မှီဝင် လာလေတော့သည်။

နောက်ထပ် ရက်အနည်းငယ်ကြာသောအခါ ဒေါက်



တာမင်းထင်ကျော်တို့၏ဒဏ်ရာများလည်း ပျောက်ကင်းသွားပြီ ဖြစ်သောကြောင့် ပူတာအိုသို့ ပြန်ကြရန် ပြင်ကြလေသည်။

မပြန်ခင် ဒေါက်တာမင်းထင်ကျော်က ဦးထန်ဖုန်းရှိန် အား ခွင့်ပန်၍ နန်းသူဇာနှင့် ရဝမ်ဓလေ့ထုံးစံအတိုင်း လက်ထပ် ကာ သူတို့နှင့်အတူ တပါတည်း ခေါ်ဆောင်သွားလေတော့ သည်။

ဦးထန်ဖုန်းရှိန်မှာလည်း ဒုက္ခိတဘဝ ရောက်နေသော သမီးအတွက် ယခုမှပင် စိတ်အေးရပေတော့သည်။

ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့မှာ အန္တရာယ်ကင်း သွားပြီဖြစ်သော မိုးမခတောအတွင်းမှ ဖြတ်ကာ ပူတာအိုသို့ းတည်သွားကြလေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော(စည်းသုံးတန်ခြား သည့်တောကြမ်း)အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း းကမွတ် အဆုံးသတ်ပြီဖြစ်ပေတော့သတည်း။

အနိစ္စဟောတု သုခိအတ္တာနံ ပရိဟရန္တု။

ချိန်။ ။(၂၀၁၀)ခုနှစ်၊ ဇန်နဝါရီလ(၃၀)ရက်၊စနေနေ့၊ နံနက်(၉)နာရီ။